# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# နဝမနေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်

( ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀ း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး ၊ အခမ်းအနားမှူး အဖြစ် ဦးသိန်း မော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။ ]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယ ခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြ န်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် နဝမနေ့အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၁၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၇.၂၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက်အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ၄၀နဲ့ နည်းဥပဒေ၂၀(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေ ခွဲ (က)နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါ တယ်။ ( သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်း ဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ န ဝမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးတင်ယု၊ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနုသည် ဘန်ကောက်ဆေးရုံကြီးတွင် ဆေး ဝါးကုသမှုခံယူမည့် သားဖြစ်သူအား လိုက်ပါစောင့် ရှောက်ရမည် ဖြစ်ပါသဖြင့် ၁-၉-၂၀၁၁ မှ ၂-၉-၂၀၁၁ ရက်နေ့ထိ (၂)ရက် အမျိုးသားလွှတ်တော်အစည်းအဝေး တက်ရောက်နိုင်ခြင်း မရှိသည်ကို ခွင့်ပြုပါရန် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကျွန်တော် ဦးတင်ယု က ဦးနု ကိုယ်စား လေးစားစွာဖြင့် ခွင့်တင်ပြတောင်းခံအပ်ပါသည် ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု ရဲ့ ၁-၉-၂၀၁၁ မှ ၂-၉-၂၀၁၁ အထိ ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကိုလွှတ်တော်ကခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၀၅။**

**ဦးမြထိုက်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)** ။ ။ လေးစားရပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးမောင်အေးထွန်းမှာ ခုတင် (၁၀၀၀) ဆေးရုံကြီးတွင် တက်ရောက် ကုသနေရာ သက်သာပြီ ဖြစ်သော်လည်း၊ အနားယူရန် လိုအပ်နေပါ၍ ဆေးရုံမှ ဆင်းခွင့် မရသေးပါ။ သို့ပါ၍ ဦးမောင်အေးထွန်းအား ၁-၉-၂၀၁၁ ခုနှစ်မှ ၂-၉-၂၀၁၁ ခုနှစ်အထိ ခွင့် (၂)ရက် ပေးနိုင်ပါရန် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမြထိုက်မှ တင်ပြတောင်းခံအပ်ပါတယ် ခင်ဗျား။ လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်အေးထွန်းရဲ့ ၁.၉.၂၀၁၁ မှ ၂.၉.၂၀၁၁ အထိ ခွင့်(၂)ရက် တင်ပြခြင်းကို အမျိုးသားလွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး န၀မနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန် ကြား၍ ခွင့်ပြုထားသူ (၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂) အရယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအ ဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက် ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေကိုအမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းသည့်မေးခွန်းများသည် ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**သံဖြူဇရပ်မြို့နယ်၊သက်ကော့ကျေးရွာမှ ရာဘာခြံမြေ (၆၀၀)ကို တပ်မတော်မှသိမ်းမည် / မသိမ်းမည် သိလိုပါကြောင်းနှင့် သိမ်းမည်ဆိုပါက တန်ဖိုးနှင့်နစ်နာကြေးပေးရန်နှင့်စပ်လျဥ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၅)မှ ဦးနိုင်ထွန်းအုံက သံဖြူဇရပ်မြို့နယ်၊ သက်ကော့ကျေးရွာမှ ရာဘာခြံမြေ(၆၀၀)ကို တပ်မတော်မှ သိမ်းမည် / မသိမ်းမည်သိလိုပါ ကြောင်းနှင့် သိမ်းမည်ဆိုပါက တန်ဖိုးနှင့်နစ် နာကြေးပေးရန်နှင့် စပ်လျဥ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်း လိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အောက်ပါ စာပိုဒ်များကို ဖတ်ခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်မှ သက်ကော့ကျေးရွာ တွင် မွန်လူမျိုးနှင့် ကရင်လူမျိုးများ၏ ရာဘာခြံ ဧက ၆၀၀ ကျော်မျှကို တပ်မတော်က သိမ်းယူရန် စီစဉ်နေကြောင်းကို ကြားသိရပါ တယ်။ ခြံစိုက်တောင်သူများက ထိတ်လန့်စိုးရိမ်ပူပန်သောက ဖြစ်နေကြပါတယ်။ ၎င်းရာဘာခြံကို သိမ်းခြင်းအားဖြင့် ရာဘာခြံရှင်တောင်သူများ ဘဝပျက်တဲ့အထိ အလွန်နစ်နာပါတယ်။ တကယ်လို့ အရေးမကြီးလျှင် မသိမ်းဆည်းစေရန်နှင့် အရေးကြီး၍ သိမ်းဆည်းမည်ဆိုလျှင်ခေတ်ကာလတန်ဖိုး နှင့် နစ်နာကြေးများပေးပြီး သိမ်းလျှ င် ရာဘာခြံရှ င်များအတွက် နည်းနည်းသက်သာရာ ရကြပါ မည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုကိစ္စမျိုးမှာလည်း ရေးမြို့နယ်မှာလည်း အလားတူ ဖြစ်နေပါတယ်။ တူးမြောင်းကျေးရွာအုပ်စုရှိ လေယာဉ်ပျံကွင်း ပတ် ဝန်းကျင်ရှိ ရာဘာခြံများစွာပါ ဝင်သော ဧရိယာ ကျယ်ကျယ်ပြန့်ပြန့်ကို အဖွဲ့တစ်ဖွဲ့က မြေစာရင်းဌာနနှင့်ပူးပေါင်းပြီး သိမ်းဆည်းရန် တိုင်း တာထားတဲ့အတွက် ရာဘာခြံရှင်များ ပူပင်သောက အထူးဖြစ်နေကြရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရေးမြို့နယ်၊ အစင်ကျေးရွာအုပ်စု နယ်မြေ ၁၈ ဆိပ်ကလေးကျေးရွာ ဦးကျော်ဟိန်း ပိုင်သော ဧရိယာ တစ်ဧကရှိသော ဝယ်ပင်ကွင်း အမှတ် ၁၁၆၁ နှင့် ဦးမောင်ကြီးပိုင်သော ၄.၁၅ ဧကရှိ ဝယ်ပင်ကွင်းအမှတ် ၁၁၅၉၊ သီဟိုဠ်ခြံအ-မ-က အနီးရှိ ကျောင်းမြေနှင့် ကျေးရွာမြေကိုလည်း ကရင် အမျိုးသား ပြည်သူ့စစ်တပ်မှ အလံစိုက်ထူပြီး စခန်းချနေပါတယ်။ ဒီကိစ္စမှာ ဒေသလုံခြုံရေးအတွက် လည်း အရေးမကြီး၊ လူအင်အားလည်းမများ၊ ထိုတပ်ဖွဲ့ဟာ ရပ်ဝေးမှလာသော အဖွဲ့လည်း ဖြစ်တဲ့ အတွက်ကြောင့် လယ်မြေ၊ ဥယျာဉ်ခြံမြေ၊ ကျေးရွာမြေတို့ကို ပြန်လည်အပ်နှံသင့်ပါတယ်။ အထက်

အကြောင်း အရာနှင့် ပတ်သက်တဲ့ မေးခွန်းများကို ဖတ်ကြားပြီး မေးခွန်းမေးမြန်းခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား ခွင့်တောင်းခံအပ်ပါတယ်။

**မေးခွန်း(၁)** သံဖြူဇရပ်မြို့နယ်၊ သင်္ဘောကော့ကျေးရွာမှ ရာဘာခြံဧက (၆၀၀)ကို တပ်မတော်မှ တကယ်သိမ်းမည်၊ မသိမ်းမည်ကို သိရှိလိုပါသည်။ အရေးကြီး၍ တပ်မတော်မှ သိမ်းမည်ဆိုလျှင် ရာဘာခြံ၏ ခေတ်ကာလတန်ဖိုးနှင့် နစ် နာကြေးကို ခြံရှင်တောင်သူတို့အား ပေးရန် တိုက်တွန်း ပေးနိုင်မည်လား။

**မေးခွန်း(၂)** ရေးမြို့နယ်၊ တူမြောင်းကျေးရွာအုပ်စုနယ်မြေ လေယာဉ်ပျံကွင်း ပတ်ဝန်းကျင်ရှိ ရာဘာခြံများ ကို မည်သည့်အစီအစဥ်ရှိ၍ သိမ်းရန် ကြိုးစားနေသည်ကို သိရှိလိုပါသည်။ ထိုရာဘာခြံများကိုမသိမ်းရန် တားမြစ်ပေးနိုင်ပါမည်လား။ မတားမြစ်ပေးနိုင်ရင် ရာဘာခြံရှင်များကို ခေတ်ကာလတန်ဖိုးနှင့် နစ်နာကြေးတို့ကို အပြည့်အဝရရှိနိုင်ရန် စီစဥ်ပေးနိုင်ပါ မည်လား။

**မေးခွန်း(၃)** ရေးမြို့နယ်၊ အစင်ကျေးရွာအုပ်စု နယ်မြေ(၁၈)၊ ဆိပ်ကလေးကျေးရွာတွင် လုံခြုံရေးအတွက် အရေးမကြီးဘဲ မလိုအပ်ပါက သိမ်းဆည်းထား သော လယ်ယာဥယျာဥ်ခြံမြေ ကျေးရွာမြေကို ပြန်မအပ်သင့်ဘူးလား။လုံခြုံရေးအတွက်အရေတကြီးသိမ်းဆည်းလျှင် ခေတ်ကာလ တန်ဖိုးနှင့်နစ်နာကြေးကိုအသိမ်းခံထားရသော လယ်မြေဥယျာဥ်ခြံမြေပိုင်ရှင်များအား ခေတ်ကာလ တန်ဖိုးနှင့် နစ်နာကြေးပေးရန် ဆောင်ရွက်ပါမည်လား။ အားလုံးကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် နေထိုင်လျက် ရှိသော ဒေသခံများအား နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးနှင့် ကွပ်ကဲမှုဌာနချုပ်(န-စ-က)မှ ရှောင်တခင် ဝင်ရောက် စစ်ဆေးစဥ် ခေတ္တခရီးသွားနေသူကိုပင်တရားစွဲခံရခြင်းနှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇာယာဒ်ရေဗ်မံ (ခ)ဦးဌေးဝင်းက ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် နေထိုင်လျက်ရှိသော ဒေသခံများအား နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးနှင့်ကွပ်ကဲမှုဌာနချုပ်(န-စ-က)မှ ရှောင်တခင် ဝင်ရောက်စစ်ဆေးစဥ် ခေတ္တခရီးသွားနေသူကိုပင် တရားစွဲခံရခြင်းနှင့် စပ်လျဥ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဇာယာဒ်ရေဗ်ီ(ခ)ဦးဌေးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ လွှတ်တော်ဥက္ကဋ္ဌများ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပြီး ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဝင်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမယ့်မေးခွန်းနဲ့ ပတ်သက်ပြီး အတိုချုပ်ရှင်းလင်းချက်ကို ဖတ်ကြားခွင့်ပြုပါရန် ခွင့်တောင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးဇာယာဒ်ရေဗ်ီ(ခ)ဦးဌေးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ဒီမိုကရေစီလူ့ဘောင်သစ်ဆီသို့ အများနှင့်မတူပဲ နိုင်ငံတော်အကြီးအကဲများ၏ အမျှော်အမြင်ကြီးမားမှုကြောင့် ချောမွေ့ညင်သာစွာ ကူးပြောင်းနေပြီဖြစ်ပါတယ်။ ပြည်သူ တွေ အားကိုးအားထားရတဲ့ လွှတ်တော်အသီးသီးလည်း ပေါ်ပေါက်လာပြီး၊ ပြည်သူများရဲ့ အမှန်တကယ်လိုလားချက်များကို ကျွန်တော်တို့သည် ပြည်သူ့ကိုယ်စားလှယ်များပီပီ အားကိုးတကြီး ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာသို့ တင်ပြခြင်း ဖြစ်ပါတယ်ခင်ဗျား ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် နေထိုင်လျက်ရှိတဲ့ ပြည်ထောင်စုဖွား ဒေသခံ မြန်မာမွတ်ဆလင် မဲဆန္ဒရှင်များသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန (လဝက)မှ ထုတ်ပေးသော အိမ်ထောင်စုစာရင်းနှင့် နယ်စပ်ဒေသလူ ဝင်မှု စစ်ဆေးရေးနှင့် ကွပ်ကဲမှုဌာနချုပ် (နစက)မှ ထုတ်ပေးတဲ့ အိမ်ထောင်စု စာရင်းဆိုပြီးတော့နှစ်မျိုး ကိုင်ဆောင်နေရပါတယ်။ အဲဒီကျေးရွာများသို့ နစကအဖွဲ့မှ ရှောင်တခင် ဝင်ရောက်စစ်ဆေးတဲ့အချိန်မှာ တစ်ရွာမှတစ်ရွာသို့ ခေတ္တယာယီ ခရီးသွားတဲ့သူကိုပင် ဘင်္ဂလားဒေ့ရှ် ပြေးသွားတယ်ဆိုပြီးတော့ သတ်မှတ်ပြီးတော့ အဲဒီလို အပြစ်ယူနေတာကို တွေ့ရှိနေရပါတယ်။ ပြစ်မှုကျူးလွန်ခြင်း မရှိပါပဲလျက် တရားစွဲခံ ၊ ထောင်ဒဏ်ချမှတ်ခြင်း ခံနေရပါတယ်။ တချို့မှာကြောက်ရွံ့ပြီး ပုန်းရှောင်နေသောတွေလည်း တွေ့ရှိနေရပါတယ်။ ထိုအခြေအနေမှာ မွေးဖွားလာတဲ့ ကလေးငယ်များမှာ လည်း တရားမ ဝင်တဲ့ကလေး၊ အင်္ဂလိပ်လို ပြောခွ င့်ပြုပါခင်ဗျား။

Black Listဟုသတ်မှတ်ခံရပါတယ်။ ယနေ့အချိန်အထိ မွေးစာရင်းမထုတ်ပေးရသေးတဲ့ ကလေးဦးရေ (၆)ထောင်ကျော်ရှိနေပါ၍ အိမ်ထောင်စုစာရင်း မတင်သွင်းနိုင်ဘဲ ရှိနေပါတယ်။ သို့ပါ၍ မောင်တော ခရိုင်ရှိ ပြည်သူများ၏ လူနေမှုအခက်အခဲများကို နိုင်ငံတော်မှ မည်  သို့ကူညီ ဆောင်ရွက်မည် ဖြစ်သည်ကို ဒေသခံများ၏ လိုအင်ဆန္ဒအရ အောက်ပါမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

မေးမြန်းရမယ့်မေးခွန်း ရခိုင်ပြည်နယ် မောင်တောဘူးသီးတောင်ဒေသများတွင် နေထိုင်လျက်ရှိသော ပြည်ထောင်စုဖွားဒေသခံ မြန်မာမွတ်ဆလင် မဲဆန္ဒရှင်များအတွက် လူဝင်မှုနဲ့ပြည်သူ့အင်အားဦးစီးဌာန (လဝက)နှင့် နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးနှင့် ကွပ်ကဲမှုဌာနချုပ် (နစက) (Border Immigration Head Quarter)မှ ထုတ်ပေးသော အိမ်ထောင်စုစာရင်း (၂)မျိုးရှိပြီး၊ နစက အဖွဲ့က ရှောင်တခင်ဝင်ရောက်စစ်ဆေးစဉ် တစ်ရွာမှ တစ်ရွာသို့ ခေတ္တသွား နေသူကိုပင် BD ပြေး၊ ဘင်္ဂလားဒေ့ရှ် ပြေးသူဟုသတ်မှတ်ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိပါပဲလျက် တရားစွဲခံရခြင်း၊ အချို့မှာကြောက်ရွံ့ပြီး ပုန်းရှောင်နေခြင်း၊ ထိုအခြေအနေတွင် မွေးဖွားသော ကလေးများကို တရားမဝင်ကလေးများဟု သတ်မှတ်ခံရခြင်းတို့ ဖြစ်ပေါ်နေသဖြင့် ယင်း ကိစ္စကို နိုင်ငံတော်က မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူး အထူးတင်ရှိပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၅။**

**ဒုတိယဗိုလ်ချုပ်ကြီးလှမင်း(ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေနဲ့ မွန်ပြည်နယ်သံဖြူဇရပ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ဦးနိုင်ထွန်းအုံ မေးမြန်းထားတဲ့ သံဖြူဇရပ်မြို့ နယ်၊ သက်ကော့ကျေးရွာမှ ရာဘာခြံဧက (၆၀၀)ကို တပ်မတော်မှ တကယ်သိမ်းမည်။ မသိမ်းမည်ကို သိရှိလိုပါတယ်ဆိုတာနဲ့ မေးခွန်း(၁)နဲ့ပတ်သက်ပြီးတော့ဖြေကြားလိုပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်

ပြီးတော့ ကျွန်တော်တို့ ဦးစွာတင်ပြလိုတာကတော့ ကျွန်တော်တို့ တပ်မတော် အနေနဲ့ တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ရင်းတပ်ဖွဲ့တွေ တိုးချဲ့ဖွင့်လှစ်တဲ့နေရာမှာ တပ်မြေသိမ်းဆည်းရေး ကိစ္စရပ်များကို ဆောင်ရွက်ရပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်စီမံကိန်းဝင် သီးနှံစိုက်ပျိုးတဲ့ မြေတွေ၊ လယ်မြေ၊ ဥယျာဉ်မြေတွေနဲ့ သစ်တောကြိုးဝိုင်းမြေတွေကို သိမ်းဆည်းခြင်း မပြုဖို့လည်း ညွှန်ကြားထားပါတယ်။ မဖြစ်မနေသိမ်းဆည်းရမယ် ဆိုလို့ရှိရင်လည်း တည်ဆောက်ရေးအတွက် အမှန်တကယ်လိုအပ်တဲ့ မြေဧရိယာကိုပဲ သိမ်းဆည်းဖို့ တပ်မြေ နေရာ၊ ပဏာ မရွေးချယ်တင်ပြစဉ်ကပင်လျှင် နိုင်ငံတော်စီမံကိန်းဝင် သီးနှံများ စိုက်ပျိုးထားတဲ့မြေလယ်မြေ၊ဥယျာဉ်မြေ၊ သစ်တောကြိုးဝိုင်းမြေနဲ့ ဦးပိုင်မြေများ မပါဝင်စေဘဲနဲ့ မြေလွတ်မြေရိုင်းများ၊ ပလပ်မြေများကိုသာ ဦးစားပေးရွေးချယ်ဖို့ ပုဂ္ဂလိက ပိုင်တဲ့လယ်၊ ခြံနဲ့ အိမ်မြေများ ကို ရှောင်ရှားပြီးတော့ မြေလွတ်၊ မြေရိုင်းပလပ်မြေများကိုသာ ဦးစားပေးရွေးချယ် သိမ်းဆည်းသွားဖို့ဆိုပြီးတော့ တိကျစွာလိုက်နာဖို့လည်း ညွှန်ကြားထားတဲ့ ညွှန်ကြားချက်တွေ၊ အမိန့်တွေရှိပါတယ်။ ဒီအတိုင်းလည်း လက်ရှိလိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ အခု ဒီမွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ သက်ကော့ကျေးရွာမှာ ရာဘာခြံဧက(၆၀၀)ကို တပ်မတော်က သိမ်းယူဖို့ ဆောင်ရွက်နေတယ်ဆိုတဲ့ ဟာကလည်း မဟုတ်ပါဘူး။ သိမ်းယူမယ်ဆိုတဲ့ အနေအထားမရှိပါဘူး ဆိုတဲ့ဟာကို ကျွန်တော်အနေနဲ့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ၊ ဦးနိုင်ထွန်းအုံ ရဲ့ မေးခွန်းကို ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇာယာဒ်ရော်မံ(ခ) ဦးငွေဝင်းရဲ့ အမျိုး သားလွှတ်တော်ကို မေးမြန်းထား တဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင် မောင်တော မြို့နယ်များမှာ နေထိုင်ကြတဲ့ ပြည်ထောင်စုဖွားဒေသခံမြန်မာမွတ်ဆလင်မဲဆန္ဒရှင်များရဲ့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာန(လ.ဝ.က)မှ ထုတ်ပေးထားတဲ့ အိမ်ထောင်စု လူဦးရေစာရင်း၊ နောက် နယ်စပ်ဒေသ လူဝင်မှုစစ် ဆေးရေးနှင့် ကွပ်ကဲမှုဌာနချုပ်(န.စ.က)ကထုတ်ပေးတဲ့ အိမ်ထောင်စုလူဦးရေ စာရင်း (၂)မျိုး ကိုင်ဆောင်ထားရတဲ့အခြေအနေ၊ နောက်(န.စ.က)ကနေပြီးတော့ ရှောင်တခင် စစ်ဆေးတဲ့အခါမှာ BD ပြေးအဖြစ်နဲ့ သတ်မှတ်တဲ့အခြေအနေ၊ နောက်မွေးဖွားလာတဲ့ ကလေးတွေထဲမှာ တရားမဝင် ကလေးလို့ သတ်မှတ်တဲ့အခြေအနေနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မောင်တောခရိုင်ဟာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိကြတဲ့အတိုင်းပဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့

ရေပြင်ရော ကုန်းတွင်းပါ ထိစပ်နေပြီးတော့ ထူးခြားတဲ့ အခြေအနေများ ရှိနေပါတယ်။ မောင်တော ခရိုင်အတွင်းမှာ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နဲ့ ရသေ့တော င်မြို့နယ် မြောက်ပိုင်း ဒေသတို့ဟာ လူဦးရေ၊ နယ်မြေအကျယ်အဝန်းနဲ့ ဆန်စပါး စိုက်ပျိုးထွက်ရှိမှု အခြေအနေအရ ဝမ်းစာဖူလုံမှု မရှိတဲ့အတွက် လူဦးရေထူထပ် များပြားနေမှုနဲ့ မွေးဖွားနှုန်း အဆမတန်တိုးပွား ပြီးတော့ နိုင်ငံတကာစံချိန်စံညွှန်းထက် ကျော်လွန်နေတဲ့အတွက် တစ်ချိန်ချိန်မှာ ငတ်မွတ်ခေါင်းပါးမှု ဆိုက်ရောက်လာနိုင်တဲ့ အနေအထားတွေ ရှိပါတယ်။ အဲဒီဒေသရဲ့ လူဦးရေသိပ်သည်းဆကို တင်ပြ ရမယ်ဆိုရင်တော့ မောင်တောမြို့ နယ်ဟာ (၁)စတုရန်းမိုင်ကို ၈၇၀ ဦး၊ တောင်ပြိုလက်ဝဲမြို့နယ် ဟာ (၁)စတုရန်းမိုင် မှာ ၇၀၁ ဦးနဲ့ ရှိတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် တစ်ခုလုံးရဲ့ လူဦးရေသိပ်သည်းဆအနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် (၁)စတုရန်း မိုင်မှာ ၂၃၃ ဦးပဲ ဖြစ်ပါတယ်။ ဒီလို လူဦးရေသိပ်သည်းမှုကို သိသာထင်ရှားနိုင်ရန် နှိုင်းယှဉ်ပြခြ င်း ဖြစ်ပါတယ်။ အဲဒီဒေသနဲ့ ကပ်လျက်ရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ လူဦးရေ သိပ်သည်းဆဟာလည်း (၁)စတုရန်း ကီလိုမီတာ မှာ လူဦးရေ ၁၂၁၇ ဦး ရှိတဲ့အတွက်ကြောင့် (၁) စတုရန်းမိုင်ဆိုလို့ရှိရင် ဒီထက်မက ပိုပြီးတော့ များပြားမှာဖြစ်ပါတယ်။ဒါကြောင့်မို့လို့ လူဦးရေတိုးနှုန်းနဲ့ နယ်မြေအကျယ်အဝန်း မျှတမှုမရှိသဖြင့် တချိန်ချိန်မှာ လူဦးရေပေါက်ကွဲမှု တ စ်ရပ်ဖြစ်လာနိုင်သကဲ့သို့ မိဘများရဲ့ စနစ် တကျ ထိန်းသိမ်း စောင့်ရှောက်မှု မရှိဘဲနဲ့ ကြီးပြင်းလာရတဲ့ ကလေးတွေအတွက်လည်း အနာဂတ်မှာ အခြေအနေမဲ့ ဆိုးသွမ်း လူငယ်လူတန်းစားတစ်ရပ် ဖြစ်လာနိုင်ပြီးတော့လူ့ပတ်ဝန်းကျင်ကို ပြဿနာများ ဖန်တီးပေး လာနိုင်တဲ့ အနေအထားရှိပါတယ်။ ဒ့ါအပြင် လူဦးရေသိပ်သည်းဆ အလွန်များတဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံနဲ့ ကုန်းမြေနယ်နိမိတ် ရေမြေနယ်နိမိတ်ထိစပ်နေတဲ့ ရခိုင်ပြည်နယ် အနောက်ပိုင်းမှာ တရား မဝင် ဝင်ရောက်ရွှေ့ ပြောင်းမှု နေထိုင်မှုများကို ထိန်း ချုပ်ဖို့ လူဝင်မှုကြီးကြပ်ရေးဌာန တစ်ခု တည်းနဲ့ လုပ်ဆောင်ဖို့လည်း ခက်ခဲမှုရှိပါတယ်။ တရားမဝင် ဝင်ရောက်မှုတွေ ကြီးထွားလာတဲ့ အတွက်ကြောင့်မို့လို့ နယ်စပ်ဖြတ်ကျော်တဲ့ မှုခင်းများ၊ ဆန့်ကျင်ဘက် အဖွဲ့အစည်းများမှာ ပါဝင် ပတ်သက်ခြင်းစတဲ့ အခြေအနေများကြောင့်မို့လို့ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှု ဌာနချုပ်ကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန အကောက်ခွန်ဦးစီး ဌာန(၄)ခုနဲ့ ပေါင်းစည်းပြီး ဖွဲ့စည်းထားတာဖြစ်ပါတယ်။အဲဒီအဖွဲ့ကိုတော့ အဓိကတာဝန်ကြီးသုံးရပ်ဖြစ်တဲ့ (က) နိုင်ငံတော်ကာကွယ်ရေးတာဝန် (ခ) နယ်စပ်ဒေသလုံခြုံရေးတာဝန် (ဂ)နယ်စပ်ဒေသလူဦးရေ

ထိန်းချုပ်ရေးတာဝန်တွေကို ပေးအပ်ထားတာ ဖြစ်ပါတယ်။ အဲဒီအခါကတာဝန်ကြီးသုံးရပ်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ရည်မှန်းချက် (၅)ရပ်ကိုလည်း ချမှတ်ပေးထားပါတယ်။

အဲဒီ(၅)ရပ်ကတော့ (က)တရားမဝင်ခိုးဝင် ခိုးထွက်ခြင်းမှကာကွယ်ရန်၊ (ခ)အကောက်ခွန်မဲ့ ပစ္စည်းများ ခိုးသွင်းခိုးထုတ်ခြင်းမှကာကွယ်ရန်၊ (ဂ)တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေးလုပ်ငန်းများဆောင်ရွက်ရန်၊ (ဃ) စစ်ဘက်ရေးရာလုံခြုံရေးသတင်းများ စုဆောင်းတင်ပြရန်၊ (င)နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စိုက်ပျိုးရေးလုပ်ငန်းများ တွန်းအားပေးဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်ဟာ လူဦးရေထိန်းချုပ်ရေးလုပ်ငန်း တာဝန်အတွက် တာဝန်ယူတဲ့ ဧရိယာအတွင်း အကောင်အထည်ဖော်တဲ့နေရာမှာ ထူးခြားတဲ့ ဒေသဖြစ်တဲ့အတွက်ကြောင့်မို့လို့ အထက်ဌာန အဆင့်ဆင့်ရဲ့ ခွင့်ပြုချက်နဲ့ ဒေသန္တရအမိန့်တွေကို နှစ်စဉ်ထုတ်ပြန်ပြီးတော့လည်း အမိန့်ကြော် ငြာစာတွေကို လိုက်နာ စေခဲ့တာဘဲ ဖြစ်ပါတယ်။ ဒီအမိန့်ကြော်ငြာစာမှာတော့ အပိုင်း (၆)ပိုင်းပါဝင်ပါတယ်။ အဲဒီအပိုင်းတွေကတော့ (က)ပြောင်းရွှေ့နေထိုင်ခြင်း၊(ခ) ကလေးမွေးဖွားခြင်း၊(ဂ) သေဆုံးခြင်း ၊ (ဃ) တရားမဝင်ခိုးဝင် ခိုးထွက်ခြင်း၊ (င) အိမ်ထောင်စု စာရင်းခွဲထွက်ခြင်း၊(စ) အဆောက်အဦများ ဆောက်လုပ်ခြင်းဆိုတဲ့(၆)ချက် ဖြစ်ပါတယ်။ အမိန့်ကြော်ငြာစာမှာ ပါတဲ့အတိုင်း(၆)ပိုင်းမှာ သာမန် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းတွေပဲ ဖြစ်ပါတယ်။ ဒါပေမယ့် နယ်စပ်ဒေသဖြစ်တဲ့ မောင်တောခရိုင် အတွင်းမှာရှိ ဝင်ရောက်လာသူတို့ဟာ တည်ဆဲ ဥပဒေ စည်းကမ်းအမိန့် များကို လိုက်နာဆောင်ရွက်မှုအားနည်းခဲ့ပါတယ်။ ဒီလို အားနည်းရတဲ့ အကြောင်းတွေကလည်း ပညာမတတ်ခြင်းဘာသာစကားအခက်အခဲရှိခြင်း၊ အခြားအယူသည်းမှုတို့ကြောင့်မို့လို့ ဥပဒေကို မသိနားမလည်ဘဲနဲ့ ကျူးလွန်မှုရှိတယ်လို့လည်း ယူဆပါတယ်။ ဒါကြောင့်မို့လို့ နားလည်လွယ်မယ့်ဒေသန္တရအမိန့်တွေကို ထုတ်ပြန်ပြီးတော့ ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ အိမ်ထောင်စုဇယားနှစ်ခု ကိုင်ဆောင်ခြင်းနဲ့ ပတ်သက်ပြီးတော့ တင်ပြရမယ်ဆိုလို့ရှိရင် မော င်တောခရိုင်ဟာ ထူးခြားတဲ့အခြေ အနေအရ တင်ပြခဲ့တဲ့အတိုင်း (န.စ.က)ကို အခါက လုပ်ငန်းတာဝန်ကြီးသုံးရပ် ရည်မှန်းချက်(၅)ခု ပေးပြီးတော့ အကောင်အထည်ဖော်ခိုင်း လျက်ရှိတဲ့နေရာမှာ နယ်မြေ(၉)ခု စခန်း(၂၆)ခုနဲ့ ဖြန့်ခွဲပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်ကနေပြီးတော့ တရားမဝင်ခိုးဝင်မှုများ မိမိနိုင်ငံအတွင်းမှ တရားမဝင် ခိုးထွက်မှုများကို စောင့်ကြည့်ဖော်ထုတ်ခြင်း၊ ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်း၊ ပင်လယ်ပြင်နှင့် နတ်မြစ် ကမ်းခြေမှ ပိတ်ဆို့တားဆီးခြင်း တောင်ကျော်လမ်းများမှ စစ်ဆေးခြင်းတို့ကို ပြုလုပ်ရ

ပါတယ်။ ဒါ့အပြင် နှစ်စဉ်လူဦးရေ စာရင်းများစစ်ဆေးခြင်း၊ မြေပုံရေးဆွဲခြင်းနှင့် အဆော က်အဦ မှတ်တမ်းတင်ခြင်း ဆွဲတင်စစ်လုပ်ငန်းများကိုလည်း သုံးလခန့်အချိန်ယူ စစ်ဆေးရပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ အိမ် ထောင်စုလူဦးရေစာရင်း နိုင်ငံသား စိစစ်ရေးကဒ်နှင့် ခရီးသွားလာ ခွင့်ပုံစံ(၄)တို့ကို အသုံးပြုပြီးတော့ စစ်ဆေးရပြီးတော့ တရားမဝင်ဆောင်ရွက်မှုများ တွေ့ရှိပါက (လ.ဝ.က) အက်ဥပဒေအရ တရားစွဲဆိုအရေးယူ လျက်လည်း ရှိပါတယ်။ မောင်တောခရိုင် အတွင်း နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ် လူဦးရေထိန်းချုပ်ရေး လုပ်ငန်း နဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများရဲ့လုပ်ငန်းဟာ ကွဲပြား ခြားနားမှုရှိတဲ့ အတွက်ကြောင့်မို့လို့ ဒေသရဲ့လိုအပ်ချက်အရ အိမ်ထောင်စုစာရင်း နှစ်ခုကိုင်ဆောင် ရတာ ဖြစ်ပါတယ်။ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ်ရဲ့ အိမ်ထောင်စုဟာ သက်ဆိုင်ရာ အိမ်ထောင်စုရှိရာကို မြေပြင်ကွင်းဆင်းပြီးတော့ လက်ရှိအခြေအနေအတိုင်း စစ်ဆေး ထားတဲ့စာရင်းဖြစ်ပါတယ်။လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ အနေနဲ့ကတော့ ခရိုင်မြို့နယ် ရုံးမှာရှိတဲ့ အင်အားအရ ကျေးရွာ ရပ်ကွက်အတွင်း နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ဌာနချုပ်ကဲ့သို့ အသေးစိတ်စာရင်း ကောက်ခံနိုင်မှုမရှိဘဲနဲ့ လိုအပ်တဲ့အချိန် လိုအပ်ချက်ရှိတဲ့ အချိန်ကျမှသာ သက်ဆိုင်ရာ အိမ်သားများက လာရောက်တဲ့အခါမှသာ လူဝင်မှု ကြီးကြပ်ရေးကိစ္စများ ဆောင်ရွက်နိုင်ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ်ဟာ မိမိမှာရှိတဲ့(လ.ဝ.က)ဝန်ထမ်းများနဲ့ မိမိရဲ့လက်ရှိအခြေအနေအရ မှတ်တမ်း တင်ထားတဲ့ အိမ်ထောင်စုများကို အသုံးပြုပြီးတော့ လုပ်ငန်းဆောင်ရွက်မှသာ လူဦးရေ ထိန်းချုပ် ရေးလုပ်ငန်းများ သွက်လက်မြန်ဆန်မှန်ကန်မှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဓိကဒေသခံ တိုင်းရင်းသားများရော ဘင်္ဂါလီလူမျိုးများ ပါ အိမ်ထောင်စုကို စာရင်း (၂)မျိုး ကိုင်ဆောင်ရခြင်း ဖြစ်တဲ့အကြောင်း တင်ပြလိုပါတယ်။ နောက် BDပြေး သတ်မှတ်ခြင်းနဲ့ ပတ်သက်ပြီးတော့ ဥပဒေ အရ အရေးယူဆောင်ရွက်ချက်အပိုင်းကို ဆက်လက်တင်ပြပါမယ်။BDပြေးဆိုတာကတော့ တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တရားဝင်ခွင့်ပြု တဲ့ ခွင့်ပြု လက်မှတ် ရယူကိုင်ဆောင်ပြီးတော့ တရားဝင် ခွင့်ပြုထားတဲ့လမ်းကြောင်းက သွားရောက်ခြင်းမဟုတ်ဘဲနဲ့ တရားမဝင်တဲ့ လမ်းကြောင်း ကနေပြီး တော့ တရားဝင်ခွင့်ပြုချက်လက်မှတ် တစ်စုံတစ်ရာရယူကိုင်ဆောင်ခြင်း မရှိဘဲနဲ့ ခိုးပြီးတော့ သွား ရောက်တဲ့သူကို ခေါ်ဆိုခြင်းဖြစ်ပါတယ်။BDပြေး ဖြစ်သွားမှုများအပေါ် မှာစိစစ်တဲ့အခါမှာ အောက်ပါ အကြောင်းများကြောင့်မို့လို့ အများဆုံးဖြစ်ပွားတဲ့အကြောင်းတွေ့ရှိရပါတယ်။ အဲဒီဟာတွေကတော့

(က) တစ်ဖက်နိုင်ငံနဲ့တတိယနိုင်ငံများမှာ အလုပ်အကိုင်ရှာဖွေရန် ထွက်ခွာခြင်း၊(ခ) ပြစ်မှုဖြစ်ပွား ပြီးတော့ တိမ်းရှောင်ခြင်း၊ (ဂ)ဆန့်ကျင်ဘက် အဖွဲ့အစည်းများမှာပါဝင်ရန် ထွက်ခွာခြင်း၊ (ဃ)ပညာ သင်ကြားရန် ဆေးဝါးကုသရန်နှင့်ဒုက္ခသည် စခန်းများမှာနေထိုင်ရန် ထွက်ခွာခြင်း တို့ဖြစ်ပါတယ်။

BD ပြေး သတ်မှတ်ပယ်ဖျက်ခြင်းဆိုင်ရာ လုပ်ငန်းမှာတော့ BD ပြေးမိသားစုကနေ ပြီးတော့ မိသားစုဝင်တစ်ဦးဦးဟာတစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားမဝင်ထွက်ပြေးသွားကြောင်း ကို (၁၉၅၁)ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးနည်းဥပဒေ၂၆(၁) အရလည်းကောင်း ဒေသန္တရအမိန့်/၁၉၉ဝ အပိုဒ် ၄ အရလည်းကောင်းရပ်ကွက်ကျေးရွာအုပ်ချုပ် ရေးမှူးထံသို့ သတင်းပေးပို့ရပါတယ်။ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး ကနေပြီးတော့မှၡင်းမိသားစု ဝင်ဟာတစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားမဝင်သွားရောက်ခြင်း ရှိ/မရှိကို စောင့်ကြည့် စုံစမ်းပြီးတော့ မှန်ကန်ပါက BDပြေး အိမ်ထောင်စုရဲ့ တင်ပြချက်အတိုင်း သက်ဆိုင်ရာ နယ်စပ် ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် နယ်မြေစခန်းအသီးသီးမှာ သတင်းပို့ကြရပါတယ်။ ထိုသို့ သတင်းပို့ချက် ရရှိတဲ့အခါမှာ သက်ဆိုင်ရာ နယ်စပ်ဒေသလူဝင်မှု စစ်ဆေးရေးကွပ်ကဲမှု ဌာနချုပ် နယ်မြေအသီးသီးဟာ တင်ပြချက် မှန်ကန်မှု ရှိ/ မရှိကို စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီးတော့ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာမှာရှိတဲ့ BDပြေး နေအိမ်နဲ့ ပတ်ဝန်းကျင်နေအိမ်တွေကို ကွင်းဆင်း ပြီးတော့ စစ်ဆေးပါတယ်။ စစ်ဆေး တွေ့ရှိချက်တွေဟာ မှန်ကန်မယ်ဆို လို့ရှိရင်တော့ BDပြေး အမှုတွဲကို အောက်ပါသက်သေ အထောက်အထားများ ပြည့်စုံစွာရယူပြီးတော့ အမှုတွဲတည်ဆောက် ပါတယ်။(က)မိသားစုဝင်တစ်ဦးရဲ့တင်ပြစာ၊ (ခ) သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ တင်ပြစာ၊ (ဂ) တင်ပြသူ မိသားစုဝင် တစ်ဦးဦး၏ ဝန်ခံထွက်ဆိုချက်၊ (ဃ) ထွက်ပြေးသူတို့၏ အိမ်နီးချင်း(၂)ဦး၏ ဝန်ခံထွက်ဆိုချက်၊ (င) သက်ဆိုင်ရာ ရပ် ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ သက်သေထွက်ဆိုချက်၊ (စ) ကာယကံရှင်အိမ်ထောင်စုစာရင်းမူရင်း၊ အထက်ပါအမှုတွဲကို သက်ဆိုင် ရာနယ်မြေစခန်းများမှ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်ကို တင်ပြပြီးတော့ ကွပ်ကဲရေးမှူးရဲ့ အတည်ပြုချက်တောင်းခံပြီးတော့ သက်ဆိုင်ရာအိမ်ထောင်စုစာရင်းမှာ BDပြေး သူ၏အမည်စာရင်းကို BDပြေး သတ်မှတ်ခြင်း ပယ်ဖျက်ခြင်းတွေ ကို ဆောင်ရွက်ပေးပါတယ်။ ထိုသို့တရားမဝင် ထွက်ခွာသွားတဲ့ BDပြေးဟာ တရားမဝင် ပြန်လည်ဝင်ရောက် လာပါက ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး လတ်တလောပြဋ္ဌာန်းချက်များ အက်ဥပဒေ ပုဒ်မ ၃(၂)ကို ကျူးလွန်တဲ့ အတွက်ကြောင့်မို့လို့ ယင်းဥပဒေ ပုဒ်မ၁၃(၁)အရ တရားစွဲဆို၍ အရေးယူမှာဖြစ်ပါတယ်။ တရား

မဝင်ကလေး (Black list baby) သတ်မှတ်ခြင်းနဲ့ ပတ်သက်ပြီးတော့ တင်ပြလိုပါတယ်။ ရခိုင်ပြည်နယ်၊ မောင်တောဒေသဟာ သမိုင်းကြောင်းဆိုင်ရာ လူမျိုးရေး အနေအထားကြောင့် နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်အနေနဲ့ လူဦးရေထိန်းသိ မ်းရေး လုပ်ငန်းတွေကို အလေးထားဆောင်ရွက်တဲ့နေရာမှာ ထူးခြားမှုအခြေအနေ တွေနဲ့လည်း ကြုံတွေ့ခဲ့ရပါတယ်။ ၎င်းတို့အနက် တရားမဝင်တဲ့ကလေး (BLack list baby) များကိစ္စလည်းပါဝင်ပါတယ်။ တရားမဝင်ကလေးကိုတော့ အောက်ပါအကြောင်းများကြောင့်မို့လို့ သတ်မှတ်ပြီးတော့ သီးခြားစာရင်းပြုစုထားရှိပါတယ်၊(က)တရားဝင်လက်ထပ် ထိမ်းမြားခြင်းမပြုဘဲမွေးဖွားလာတဲ့ကလေးတွေ (ခ)တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားသဖြင့် ဖခင်ဖြစ်သူအား အိမ်ထောင်စုစာရင်းမှ ပ ယ်ဖျက် ထားသော်လည်း ကျန်ရှိခဲ့သောမိခင်မှ မွေးဖွားလာသော ကလေးများ၊(ဂ) ဖခင်ဟာ BD ပြေး ပြီးတဲ့နောက် တစ်ဖက်နိုင်ငံမှ တရား မဝင်ပြန်လည် ဝင်ရောက်လာပြီးတော့ တရား မဝင် ပေါင်းသင်းမှုမှ မွေးဖွားလာတဲ့ကလေးများ၊ (ဃ) မုဆိုးမ၊ တစ်ခုလပ်၊ အပျိုစသည် တို့ကနေပြီးတော့ ဖခင်မပေါ်ဘဲ မွေးဖွားလာသောကလေးများ(င) လက်ထပ်ထိမ်းမြားခြင်းအမှုတွဲကိုစစ်ဆေးနေဆဲကာလအတွင်းမှာပေါင်းသင်းနေထိုင်တဲ့ အတွက်ကြောင့်မို့လို့ မွေးဖွား လာတဲ့ကလေးများကို သတ်မှတ်ခြင်းဖြစ်ပါတယ်။ အဲဒီလိုတရားမဝင်ကလေး သတ်မှတ်ပြီးတော့ ထိန်းချုပ်တဲ့ အတွက်ကြောင့်မို့လို့ ရရှိတဲ့ အကျိုးကျေးဇူးတွေကတော့ (က) တရားဝင်လက်ထပ် ထိမ်းမြားမှုကို အလေးထားလာခြင်း၊ (ခ) တစ်ဖက်နိုင်ငံသို့ တရားမဝင် ထွက်ပြေးသွားသူ၊ BDပြေးများမှ ၎င်းတို့၏ဇနီးများနှင့် တရားမဝင် ပေါင်းသင်းမှုများပြုလုပ်မှု နည်းပါးလာခြင်း၊ (ဂ)မုဆိုးမ၊ တ စ်ခုလပ်၊ အပျိုများမှ ဖခင်မပေါ်ပဲ ကလေးမွေးဖွားမှုနည်းပါးလာခြင်း၊ (ဃ) တရားမဝင်လူဦးရေ တိုးပွားမှုကို ကာကွယ်နိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများဖြစ်ပါတယ်။ အထက်ပါ တရားမဝင် ကလေးအရေအတွက်ဟာ ၂၀၀၉ ခုနှစ် လူဦးရေ စစ်ဆေးပြီးစီးတဲ့ စာရင်းအရဆိုလို့ရှိရင်တော့ ၇၂၈၉ ဦး အထိရောက်ရှိခဲ့ပါတယ်။ ဒီကလေးတွေကို အချိန်နှင့်အမျှ တဖြည်းဖြည်းအရွယ်ရောက်လာကြမှာ ဖြစ်ပါတယ်။ အရွယ်ရောက်လာတဲ့ အခါမှာ စာရင်းမဲ့ဖြစ်နေခြင်း၊ ဒေသန္တရအမိန့်များ ဥပဒေများကို ထပ်မံချိုးဖောက်ခြင်း၊ တရားမဝင် အိမ်ထောင်ပြုခြင်း၊ ကလေးမွေးဖွားခြင်း၊ မွေးဖွားသည့်ကလေးဟာ စာရင်းမသွင်းနိုင်ခြင်း စသည့် ပြဿနာတွေဟာလည်း ပိုမိုပြီးတော့ တိုးပွားပြီးတော့ ရှုပ်ထွေးတဲ့ အခြေအနေ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ဒီလိုဖြစ်လာမယ့် အခြေအနေကို ကြိုတင်မျှော်တွေးပြီးတော့ နောင်ထပ်မံ မဖြစ်ပွားရန် အုပ်ထိန်းသူကိုလည်း ဥပဒေနဲ့အညီ သင့်တော် သလိုတရားစွဲ ဆိုပြီးတော့ သင့်တော်တဲ့ ပြစ်ဒဏ် ပေးကာ

သက်ဆိုင်ရာအိမ်ထောင်စုစာရင်းမှာတရားဝင်ထည့်သွင်းနိုင်ရေး စီမံချက်ရေးဆွဲပြီးတော့ ဆောင်ရွက်နေဆဲလည်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ခရီးသွားလာခွင့်ပုံစံ(၄)အသုံးပြုခြင်းနဲ့ ပတ်သက်ပြီးတော့ တင်ပြရမယ်ဆိုရင် နိုင်ငံခြားသားများနှင့် သံသယရှိသူများ မြို့နယ်ကျော် ၊ပြည် နယ်တိုင်းကျော် ခရီးသွားလာ တဲ့နေရာမှာ ၁၉၅၁ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင် နည်းဥပဒေ၂၈(၁) အရလည်းကောင်း၊ ဒေသန္တရအမိန့်အရလည်းကောင်း၊ ခရီးသွားလာခွင့်ပြုတဲ့ ယာယီခရီးသွားလက်မှတ်ပုံစံ(၄)အား ရယူကိုင်ဆောင်သွားလာရမှာ ဖြစ်ပါတယ်။ နိုင်ငံခြားသားများနှင့် သံသယရှိသူများ ခရီးသွားလာခြင်းနဲ့ ပတ်သက်ပြီးတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းများနှင့်အညီ ခရီးသွားလာနိုင်ရေး အဆင့်ဆင့် တင်ပြ ခဲ့ရာမှာ ခရိုင်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ စစ်တွေမြို့ရဲ့ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ(၁၀)ရက် ရက်စွဲပါစာအမှတ် ၀၅/၂-၅/ပ၀တ(ရခိုင်) အကြောင်းကြားလာမှုအရ ရခိုင်ပြည်နယ် အတွင်းမှာ ရှိတဲ့ နိုင်ငံခြားသားများနှင့် သံသယရှိသူများအား ဦးစီးဌာနရဲ့ သတ်မှတ်ပုံစံဖြစ်တဲ့ ယာယီခရီးသွားလာခွင့် လက်မှတ်ပုံစံ(၄)ဖြင့် ခရီးသွားလာခွင့် ပြုခဲ့တာဖြစ်ပါတယ်။ ယာယီသက်သေခံ လက်မှတ်ကဒ်ပြားပါရှိပြီးတော့ ခရီးသွားလာခွင့် လက်မှတ်ပုံစံ(၄)မပါဘဲ ခရီးသွားရောက်ပါက အောက်ပါအတိုင်း အရေးယူဆောင်ရွက်ပါတယ်။ (က) ခရီးသွားလာခွင့် စည်း ကမ်းဖောက်ဖျက်ပြီးတော့ ခရီးသွားလာပါက ဘင်္ဂါလီလူမျိုးများကို ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈အရ အရေးယူပါတယ်။ ခရီးသွားလာတဲ့ ဘင်္ဂါလီဟာ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူ များ မှတ်ပုံတင်ရေးနည်းဥပဒေ ပုဒ်မ ၂၉(၁)ကို ကျူးလွန်လို့ရှိရင် ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၆(၁)၊ ၆(၂)အရ အရေးယူ ခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇာယာဒ်ရော်မံ (ခ) ဦးဌေးဝင်း ရဲ့ မေးမြန်းတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဒီဥပဒေဆိုင်ရာ အကြောင်းအချင်းအရာ အချက်အလက် များကို ဂဃဏန သိရှိလိုက်နာပြီးတော့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေရှင်းပြီးဖြစ်မယ်ဆိုတာကို တင်ပြရင်းနဲ့ ကျွန်တော့် ဖြေကြားချက်ကို နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ဦးနိုင်ထွန်းအုံရဲ့မေးခွန်း(၃)ခုအနက် မေးခွန်း(၁)ကို ကာကွယ်ရေး ဝန်ကြီးဌာနက ဖြေကြားသွားပါတယ်။မေးခွန်း(၂)နဲ့(၃)ဟာကာကွယ်ရေးဝန်ကြီးဌာနနဲ့ပတ်သက်ခြင်း မရှိတဲ့အတွက် ဖြေကြားခြင်းမရှိတာပါ။ သို့သော် သူနဲ့သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေနဲ့ ချိတ်ဆက်ပြီးတဲ့အခါမှာ ဒါကိုအစီ အစဉ်ထဲမှာ ထပ်ထည့်ပေးမှာ ဖြစ်ပါတယ်။ ဒီမေးခွန်း (၁) နဲ့ပတ်သက်ရင်လဲ ရာဘာခြံဧက (၆၀၀)ကို တပ်မတော်မှ တကယ်သိမ်းမည် မသိမ်းမည်ဆိုတဲ့ အတွက် တပ်မတော်က မသိမ်းကြောင်း ဖြေကြားသွားပါတယ်။ သို့သော် တခြားဝန်ကြီးဌာနက သိမ်းတာမျိုးလဲ ဖြစ်ချင်ဖြစ်နေနိုင်ပါတယ်။ အကယ်၍ ပြန်စုံစမ်းလို့ အခြားဝန်ကြီးဌာနက ဆိုရင်လဲ မေးခွန်း ပြန်ပြီးတော့ တင်နိုင်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနကို ဖြေ ခိုင်းမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းမေးတဲ့အခါမှာ မေးခွန်းတစ်ခုတည်းမှာ ဖြေကြားရမယ့် ဝန်ကြီး ဌာန မတူတာတွေ အများကြီးတွေ့ရပါတယ်။ တတ်နိုင်သမျှခွဲခြားပြီးတော့ မေးဖို့လိုပါတယ်။ တချို့လည်း ခွဲခြားနိုင်စွမ်းမရှိလို့ ဖြစ်နိုင်သလို တချို့လည်းမေးခွန်း(၁၀)ခု ထက်ပိုမှာစိုးပြီးတော့ လူလည်ကျတာမျိုးလည်းဖြစ်ရင် ဖြစ်နိုင်ပါတယ်။ဘာပဲဖြစ်ဖြစ်လွှတ်တော်ရုံးက ဒါတွေကိုခွဲခြားပြီးတော့ အစီအစဉ်မှာ ခွဲခွဲပြီးတော့ ထည့်ပေးသွားမှာဖြစ်ပါတယ်။ လွှတ်တော်ရုံးအနေနဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေကို ရှာဖွေပြီးတော့ ချိတ်ဆက် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဦးနိုင်ထွန်းအုံ ရှင်းပါတယ်နော်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် (၆)ဦး မေး မြန်းမယ့် မေးခွန်းတွေဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်နေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖားကန့်၊ မိုးကောင်းလမ်းပိုင်း ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းနှင့်စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ဒါ့ကြောင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမြအုန်းက ဖားကန့်၊ မိုးကောင်း လမ်းပိုင်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းနဲ့စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးမြအုန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများအထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါဟု ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင် ပြည်နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြအုန်းဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဖားကန့် - မိုးကောင်းလမ်အပိုင်းပြင်ဆင်ထိန်းသိမ်းခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းတစ်ခု မေးမြန်းတင်ပြလိုပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖားကန့်မြို့နယ်အတွင်းရှိ ဖားကန့် - မိုးကောင်း လမ်းအပိုင်းကို ယခ င်က ခိုင်မာသောပန်းတိုင် ကုမ္ပဏီ မှ B.O.T စနစ်ဖြင့် လမ်းကို ပြင်ဆင်ခဲ့ရာ (၃း၃၀)နာရီခန့် အချိန်တိုဖြင့် ခရီးသွားလာနိုင်ခဲ့ပါတယ်။ ယခုအခါ အဆိုပါလမ်းအပိုင်းကို ပြင်ဆင်ထိန်းသိမ်း ခြင်းမရှိသဖြင့် လမ်းတံတား များ ပျက်စီးခဲ့ပါတယ်။ ယာဥ်ကြောပိတ်ဆို့မှုမရှိလျှ င် ဖားကန့် -မိုးကောင်း သွား လာချိန်(၅း၃၀)နာရီခန့်ကြာပြီး ယာဥ်ကြောပိတ်ဆို့ပါက ယာဥ်ငယ်(၂)ရက် ယာ ဥ်ကြီး(၅)ရက်ခန့်ကြာ ခရီးသွားလာ နေရပါတယ်။ သို့ဖြစ်ပါ၍ ကုန်စည်စီးဆင်းမှု လျင်မြန်စေရေးနဲ့ လမ်းပန်းဆက် သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် ဖားကန့်-မိုးကောင်းလမ်း အပိုင်းကို အချိန်တိုအတွင်း ရာသီမရွေး သွားလာနိုင်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ဖြေကြားပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ခန္တီး - ဟုမ္မလင်းလမ်း ၊ ဟုမ္မလင်း- ဖောင်းပြင်- ပင်လယ်ဘူးလမ်း ၊ ဖောင်းပြင်- သက္ကယ်ကျင်းလမ်း၊ ကက်သာ - အောင်ဇေယျလမ်း ၊ ခန္တီး - တာမခံ - ဖားကန့် ၊ ဟုမ္မလင်း - နောင်ပိုအောင် - နမ့်တော - ရွှေပြည်မြင့် - ဆည်ဇင်းလမ်းများအား လမ်းအဆင့် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင် က ခန္တီး - ဟုမ္မလင်း လမ်း ၊ ဟုမ္မလင်း - ဖောင်းပြင် - ပင်လယ်ဘူးလမ်း၊ ဖောင်းပြင် - သက္ကယ်ကျင်းလမ်း၊ ကက်သာ - အောင်ဇေယျလမ်း ၊ ခန္တီး - တာမခံ - ဖားကန့် ၊

ဟုမ္မလင်း - နောင်ပိုအောင် - နမ့်တော - ရွှေပြည်မြင့် - ဆည်ဇင်းလမ်းများအား လမ်းအဆင့် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)။** ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အထူးဖိတ်ကြားချက်အရ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စ စ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)၊ ခန္တီးခရိုင်ကိုယ်စားပြု အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ကျွန်တော့် မဲဆန္ဒနယ်အတွင်းမှာ ရှိတဲ့ လမ်းပန်းဆက်သွယ်ရေးအပိုင်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်း ခန္တီးခရိုင်ဟာ အရင်ကတော့ ခန္တီး ၊ ဟုမ္မလင်း၊ လေရှီး၊ လဟယ် ၊ နန်းယွန်းဆိုပြီး (၅)မြို့နယ် ရှိခဲ့ပါတယ်။ အခု နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ လေရှီး၊ လဟယ် ၊ နန်းယွန်း ဟာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ ခန္တီးခရိုင်ဟာ၊ ခန္တီး၊ ဟုမ္မလင်း (၂) မြို့နယ်ပဲဖြစ်ပါတယ်။ ဒါပေမယ့် ခန္တီး၊ ဟုမ္မလင်း (၂)မြို့နယ်ဟာ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသကိုသွားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဟာ အဓိက စခန်းထောက်နားခိုရာ နေရာဖြစ်ပါတယ်။ ဒီကနေပြီးတော့ တစ်ဆင့်နာဂဒေသကို သွားရတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ခန္တီးခရိုင်မှာ ခန္တီး၊ ဟုမ္မလင်း(၂)မြို့နယ်ရှိပေမယ့်လည်း ကျွန်တော်တို့(၂)မြို့နယ်စလုံးဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ မြို့နယ်တွေ ဖြစ်ပါတယ် ။ ချင်းတွ င်းမြစ်ကို အဓိက အားထားပြီးတော့ သွားရ တဲ့အခါ ရေများချိန်မှာတော့ အခက်အခဲမရှိပေမယ့်လည်း ရေနည်းချိန်မှာတော့ ကျွန်တော်တို့ အခက်အခဲနဲ့ တွေ့ကြုံရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ခန္တီးခရိုင်အတွင်းမှာရှိတဲ့ လမ်းပန်းဆက်သွယ်ရေး၊ ကားလမ်းတွေကို အ ဆင့်တိုးမြှင့် မြှင့်တင် ပေးဖို့တင်ပြဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခန္တီးခရိုင် အတွင်းမှာရှိတဲ့ မြို့နယ် ချင်းဆက်တဲ့လမ်းဖြစ်တဲ့ ခန္တီး-ဟုမ္မလင်းလမ်းအပိုင်း၊ ခရိုင်ချင်းဆက်လမ်းဖြစ်တဲ့ဟုမ္မလင်း - ဖောင်းပြင်- ပင်လယ်ဘူးလမ်းအပိုင်း၊ ဖောင်းပြင် - သက္ကယ်ကျင်းလမ်းအပိုင်း၊ ကက်သာ - အောင်ဇေယျ လမ်းအပိုင်း တိုင်းဒေသကြီးနဲ့ ပြည်နယ် ဆက်သွယ်တဲ့ ခန္တီး - တာမခံ - ဖားကန့်လမ်းအပိုင်း၊ ဟုမ္မလင်း - နောင်ပိုအောင် - နမ့်တော -ရွှေပြည်မြင့် - ဆည်ဇင်းလမ်းအပိုင်း ဒါတွေဟာ ကျွန် တော်တို့ ပွင့်လင်းရာသီ သုံးလမ်းတွေ ဖြစ်ပါတယ်။ တစ်ကြောင်းထိုး လမ်းတွေ ဖြစ်ပါတယ်။ ဒီလမ်းတွေကို အ ဆင့်တိုးမြှင့်ပြီး ဖောက်လုပ် ပြီး တစ်နှ စ်ပတ်လုံး ကျွန်တော်တို့

သွားလာနိုင်တယ်ဆိုလို့ရှိရင် အောက်ဖော်ပြပါလ မ်းတွေကို ကျွန်တော်တို့သွားလို့ရ မှာ ဖြစ်ပါတယ်။ မုံရွာ - သက္ကယ်ကျင်း - ဖောင်းပြင်-ဟုမ္မလင်း - ခန္တီး - တာမခံ - ဖားကန့် - မြစ်ကြီးနား ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး မြို့တော်ဖြစ်တဲ့ မုံရွာနဲ့ ကချင်ပြည်နယ် မြို့ တော်ဖြစ်တဲ့ မြစ်ကြီးနားကို တစ်ဆက်တစ်စပ်တ ည်း သွားလို့ ရမှာ ဖြစ်ပါတယ်။ နောင်ပို အောင် - နမ့်တော - ရွှေပြည်မြင့် - ဆည်ဇင်း ဒါလည်း ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ကချင်ပြည်နယ် ဆက်သွယ်ထားတဲ့ လမ်းဖြစ်ပါတယ်။ ကက်သာ -အောင်ဇေယျလမ်းအပိုင်း ဒါ ခန္တီးခရိုင် နဲ့ တမူးခရိုင်ကို ဆက်သွယ်ထားတဲ့လမ်းဖြစ်ပါတယ်။ အဲဒီလမ်းတွေ အဆင့်တိုးမြှင့် ဖောက်လုပ်ပေး လိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ပြီး တော့မှ ပိုမိုကောင်းမွန် သွားမယ့်အပိုင်း ဖြစ်ပါတယ်။ ဒ ါကြောင့် ဖော်ပြပါလမ်းများကို အဆင့် တိုးမြှင့် ဖောက်လုပ်ပေးဖို့ အစီအစဉ် ရှိ/မရှိ သိရှိလိုပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိလဟယ်မြို့နှင့် လေရှီးမြို့သို့ ဆက်သွယ်သောလမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ /မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးမြတ်ကိုက နာဂကိုယ်ပိုင် အုပ်ချုပ် ခွင့်ရဒေသအတွင်းရှိ လဟယ်မြို့နဲ့ လေရှီးမြို့သို့ ဆက်သွယ် သောလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက် သအပ် ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးမြတ်ကို ဖြစ်ပါတယ်။ ကျွန်တော် မေးသွားမယ့် မေးခွန်း ကတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့် ရ ဒေသအတွင်းမှာ ရှိတဲ့လမ်းများနှင့် ပတ်သက်လို့ မေးမြန်း သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နာဂကိုယ်ပိုင် အုပ် ချုပ်ခွင့်ရဒေသအတွင်းမှာ လေရှီး၊ လဟယ်၊ နန်းယွန်း (၃) မြို့နယ်ရှိပါတယ်။ (၃)မြို့နယ်လုံးဟာ ကျွန်တော်တို့ လမ်း(၃)ကြောင်း

နဲ့အသုံးပြုနေရတာဖြစ်ပါတယ်။ လဟယ် နဲ့ခန္တီးဆိုရင် ကျွန်တော်တို့ ဆင်သေ - လဟယ်လမ်း ဆိုပြီးတော့မှ ရှိပါတယ်။ ၅၆ မိုင်ရှိပါတယ်။ လေရှီးမှာဆိုရင် ကျွန်တော်တို့ လေရှီးနဲ့ ထမံသီ လမ်း ဆိုပြီးရှိပါတယ်။ ၄၁ မိုင်ရှိပါတယ်။ နန်းယွန်း မှာဆိုရင်လည်း ကျွန်တော်တို့ နန်းယွန်းသွားရင် ကျွန်တော်တို့ ကချင်ပြည်နယ်ကနေပြီးတော့မှ သွားရတာဖြစ်တဲ့အတွက် တနိုင်းတို့၊ ရှင်ဗွေယန်တို့ နန်းယွန်းတို့ ဆိုပြီးတော့မှ ဆက်သွယ်ထားတဲ့ ရှင်ဗွေယန်နဲ့ နန်းယွန်းဟာ ၇၇ မိုင်ရှိပါတယ်။ အဲဒီလမ်းတွေကို ကျွန်တော်တို့ ပြည်သူလူထုတွေ အမြဲတမ်းအသုံးပြုနေ ရတဲ့ လမ်း(၃)ကြောင်း ဖြစ်ပါတယ်။ အဲဒီလမ်းတွေကို အဆင့်မြှင့်တင် ပြီးတော့မှ ကျွန်တော်တို့ ဖောက်လုပ် ပေးနိုင်ခြင်း ရှိ/မရှိမေးလိုပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းမှာ လေရှီး၊ လဟယ် (၃) မြို့နယ် ဆက်သွယ်တဲ့ လမ်းမရှိသေးပါဘူး ။ လဟယ်နဲ့ နန်း ယွန်းကိုတော့ ကျွန်တော်တို့ တစ်ကြောင်းထိုး လမ်း(၉၈)မိုင် ကို ကျွန်တော်တို့ ဒီစစ်အုပ်ချုပ်ရေး အုပ်ချုပ်တဲ့ တပ်မတော်အုပ်ချုပ်ရေးအချိန်မှာ ဖောက်ပေးခဲ့တာပါ။ အဲဒီလိုဖောက်ပေးခဲ့လို့လည်း ကျွန်တော်တို့ ပြည်သူလူထုကအများကြီးအသိအမှတ်ပြုပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ လဟယ်မြို့နယ်နဲ့ လေရှီးမြို့နယ်ကို လမ်များဖောက်လုပ်ပေးနိုင်ရင်လည်း ကျွန်တော်တို့ ကျေးဇူး တင်မှာဖြစ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ဒေသ အတွင်းမှာ နယ်စပ်လုံခြုံရေးနဲ့ ကာကွယ်ရေးအတွက် တပ်စခန်းတွေရှိပါတယ်။ ကျွန်တော်တို့ ရှေ့တန်းစခန်းများမှာ လေရှီးမှာ ဆိုရင် ဆွမ်မရာ၊ ပန်ဆပ်၊ လဟယ်မြို့နယ်မှာဆိုရင် ဆော်လော်၊ ပုံညို၊ ယန်းကျုံး၊ မွန်တုံးရှောင်၊ ကျွန်းခေါင်၊ နန်းယွန်းမြို့ နယ်မှာဆိုရင် ယောင်ကွန်၊ ကျားဝမ်၊ ကျူယန်း၊ ချွန်းဆာ တပ်စခန်းများ တည်ရှိပါတယ်။ တပ်စခန်းများရဲ့ ရိက္ခာများကို ကျွန်တော်တို့ ဒီနေ့အထိ လူထုလုပ်အားနဲ့ပဲ သယ်ပို့နေရတာဖြစ်ပါတယ်။ ဒါဟာလည်း ကျွန်တော်တို့ဒေသရဲ့ လမ်းပန်းဆက်သွယ်မှု မရှိခြင်း ကြောင့် ဖြစ်ပါတယ်။ လမ်း ပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ဖြစ်ပါတယ်။ ဒါကြောင့်မို့ လို့ ကျွန်တော်မေးချင်တာကတော့ ပထမဆုံးကျွန်တော်တို့ဖောက်ပြီးသား ခန္တီး-လဟယ်လမ်း ပြီးတော့ ထမံသီ-လေရှီးလမ်းပြီးတော့ ရှင်ဗွေယန် -နန်းယွန်း-ပန်ဆောင်လမ်း၊ နန်းယွန်းနဲ့ လဟယ် လမ်း တို့ကို အဆင့်မြှင့် ဖောက်လုပ်ပေးခြင်း ရှိ/မရှိ၊ ထပ်တိုးပြီးတော့မှ လုပ်ပေး နိုင်ခြင်း ရှိ/မရှိ မေးမြန်းလိုပါတယ်။ နောက်တစ်ခုကတော့လဟယ်မြို့နဲ့ လေရှီးမြို့ကို လမ်းအသစ် ဖောက်လုပ် ပေးနိုင်ခြင်း ရှိ /မရှိ မေးမြန်းလိုပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ဒေသမှာ ခုနပြောတဲ့ အခက်အခဲတွေကိုကူညီဖြေရှင်းဖို့၊ ပြည်သူ့ဘဝကိုစောင့်ရှောက်ဖို့ရာ ကျေးရွာချင်းဆက်

လမ်းတွေရှိမှ ဖြစ်ပါမယ်။ အဲဒါကြောင့် ကျေးရွာချင်းဆက်လမ်းတွေ ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပင်းချောင်းတံတားအသစ် ပြန်လည်ဆောက်လုပ်ပေးရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး ၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ငြိမ်းက ပင်း ချောင်းတံတားအသစ် ပြန်လည်ဆောက်လုပ်ပေးရေးနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှ တ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ ဥ က္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းမယ့်မေးခွန်း နဲ့ ပတ်သက်ပြီးတော့ စာရွက်ဖြင့် ဖတ်ကြားမေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တင်ပြမေးမြန်းလို့တဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့မှာရှိတဲ့ ပင်းချောင်းတံတားအသစ်ပြန်လည်ဆောက်လုပ်ပေးရေးကိစ္စဖြစ်ပါတယ်ခင်ဗျား။ ရေနံချောင်းမြို့မှာရှိတဲ့ ပင်း ချောင်းတံတားဟာ မိုင်တိုင် အမှတ် ၊ ၃၀၇/၀၂ နေရာတွင်တည်ရှိပြီး ရန်ကုန် - ရေနံချောင်း - မန္တလေးလမ်းမကြီးပေါ်တွင်တည်ရှိတဲ့အပြင် ရေနံချောင်းမြို့၏ အလယ်မှ ၆ မိုင်ခန့်အကွာမှာ တည်ရှိပါတယ်။ ရေနံချောင်းမြို့ဟာ တောင်နှင့်မြောက် အလျားလိုက်တည်ရှိနေပြီး ပင်းချောင်းတံတားသည် မြို့ နှင့်တစ်ဆက်တည်းလိုပင် တည်ရှိနေပါတယ်။ ပင်း ချောင်းတံတားရဲ့ တစ်ဖက်ကမ်းမှာတော့ ရေနံချောင်းမြို့စက်မှုဇုန် တည်ရှိပါတယ်။ ၎င်းပင်း ချောင်းတံတားကို ၁၉၇၄ ခုနှစ်၊ မေလ(၁)ရက်နေ့မှာ စတင်တည်ဆောက်ခဲ့ပြီး ပေ (၁၈၀)အထက်ရှိ ဘေလီတံ တား အမျိုးအစားဖြစ်ပါတယ် ခင်ဗျား။ တံတားအရှည်မှာ (၅၆၀)ပေနဲ့ အကျယ် (၁၂)ပေ သာရှိပါတယ်။ ခံနိုင်ဝန်မှာတော့ တန်(၃၀)ရှိပါတယ်။ ၎င်းပင်းချောင်းတံတားဟာ နှစ်ပေါင်း (၃၇)နှစ်ခန့် ကြာမြင့်

ပြီဖြစ်သည့်အပြင် (၁၂)ပေအကျယ်သာ တံတားဖြစ်သဖြင့် ယာဉ်လမ်းကြောင်း ကျဉ်းသည့် အတွက် ကားများရပ်တန့်စောင့်ဆိုင်းနေရခြင်း၊ ရန်ကုန်ရေနံချောင်း-မန္တလေး အဓိကဆက်သွယ်ရေး လမ်းမကြီးပေါ်တွင် တည်ရှိနေခြင်း ၊ တံတားရဲ့ သက်တမ်းမှာ နှစ်ပေါင်း များစွာ ကြာရှိနေပြီ ဖြစ်သဖြင့် ကြံ့ခိုင်မှုအားနည်းခြင်း၊ ရေနံချောင်းမြို့နှင့် ရေနံချောင်း စက်မှုဇုန်တို့အကြားတွင် တည်ရှိနေပြီး နေ့စဉ် ယာဉ်သွားလာမှု များပြားခြင်းတို့ကြောင့် မော်တော်ယာဉ်ကြီး၊ မော်တော် ယာဉ်ငယ်များ ဘေးကင်းလုံခြုံစွာနှင့် ဖြတ်သန်းသွားလာနိုင်ရေး၊ ခရီးသည် ၊ အများ ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးတို့ အတွက် ၎င်းအပြင် ကုန်စည်စီးဆင်းမှု အဆင်ပြေ ချောမွေ့လာစေရေးတို့အတွက်ဘေလီတံတားအဆင့်မှ ယာဉ်နှစ်လမ်းသွားပါရှိသော သံကူကွန်ကရစ် တံတားအမျိုးအစားအဖြစ် အစားထိုးဆောက်လုပ် ပေးနိုင်ရေး အများပြည်သူ အကျိုးစီးပွား အလို့ငှာ တင်ပြတောင်းခံအပ်ပါတယ်။ သို့ပါ၍ ၎င်းတံတားအား ယာဉ် နှစ်လမ်းသွားပါရှိသော သံကူကွန်ကရစ် အမျိုးအစားအဖြစ် အစားထိုးဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးနိုင် မည်ကို သိရှိ လိုပါကြောင်း ဒေသအကျိုး ပြည်သူအကျိုးစီးပွား ရှေးရှုလျက် မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ဖာပွန်-ကမမောင်းလမ်း အဆင့်မြှင့်တင် ပေးရန် အစီအစဉ်ရှိ /မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစောထွန်းမြအောင် က ကရင်ပြည်နယ်၊ ဖာပွန်ခရိုင် ၊ ဖာပွန်-ကမမောင်းလမ်း အဆင့်မြှင့်တင် ပေးရန် အစီအစဉ်ရှိ /မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ် ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင်

ဖြစ်ပါတယ်။ ကျွန်တော်မေး မယ့် မေးခွန်းကတော့ ကရင်ပြည်နယ် ၊ ဖာပွန်ခရိုင် ၊ ဖာပွန်-ကမမောင်းလမ်း အဆင့်မြှင့်တင် ရေးအပိုင်း ဖြစ်ပါတယ်။ ဖာပွန် -ကမမောင်းလမ်းဟာ အရှည်အားဖြင့် ၅၇ မိုင်ရှိပါတယ်။ ဒီ ၅၇ မိုင်ရှိတဲ့အနက်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်နယ်အဆင့်ကနေပြီးတော့ ကတ္တရာလမ်းလုပ်ပေးခဲ့တာကတော့ ကမမောင်း -ဂါးဘိုးတောလမ်း ဖြစ်ပါတယ်။ ဖာပွန်လမ်းကတော့ဖာပွန်- မထောလမ်းကြီးဖြစ်ပါတယ်။ ဒါကကျွန်တော်တို့ လမ်းအနေနဲ့ဆိုရင် ကမမောင်း- ဝါသိုး- ခွာတော်ဆိုတာ ၁၀ မိုင်ပြီးသွားပါပြီ။ ဖာပွန် - မထော တော့ ၁၀ မိုင်ကျော်လောက် ပြီးပါပြီ။ ဒါက ကမမောင်းလမ်း၊ မနှစ် က သူတို့ လုပ်ခဲ့ပေးပါတယ်။ ဒါပေမယ့်ကျွန်တော်တို့ ပြည်သူများလိုလားနေတဲ့ဟာ တစ်ခုကတော့ အဲဒီကြားမှာရှိတဲ့ ကမမောင်းနဲ့ကျွန်တော်တို့ ကတန်ကြီးကြားမှာရှိတဲ့ လမ်း နေရာမှာ မူလထဲက ကျောက် တုံးချည်းပဲ ခင်းထားပြီးတော့ မလုပ်သည့်အတွက်ကြောင့် ကျွန်တော်တို့ အဲဒီနေရာမှာ ကျောက်ချောလမ်း လေးဖြစ်စေချင်ကြပါတယ်။ ဒါကြောင့်မို့လို့ ကတ္တရာလမ်းအတိုင်းသာ သူ့အတိုင်း Procedure အရဆက် ခင်းမယ်ဆို လို့ရှိ ရင် နောင်လေးငါးနှစ်လောက် လည်း မရောက်ပါဘူး ။ ဒါကြောင့်မို့လောလောဆယ်ကတော့ ကျောက်ချောလမ်း အဲဒီနေရာလေးတောင် သုံးလုံးနဲ့ မ ထောလမ်းမှာရှိတဲ့ ခင်းထားတဲ့ကျောက်လမ်းကြီးကို နည်းနည်းလေး အချောဖြစ်အောင်ပြုလုပ်ပေးဖို့အစီအစဉ်ကိုသိလိုပါတယ်။ လုပ်တဲ့နေရာမှာလည်း တစ်ဘ က်က ကျွန်တော်တို့ အခက်အခဲအများကြီးရှိမယ်ဆိုတာ သိပါတယ်။ ဘာလဲဆိုတော့ တစ် ဘက်က အဖွဲ့အစည်းကလည်း ဒီလမ်းကြီး ကိုပြင်တာလုံးဝ မကြိုက်ကြဘူး။ ဒါပေမယ့် လူထုကလ ည်း ဒီလမ်းမကြီးကို ဒီကျောက်ချောလမ်းအဆင့်ဖြစ်အောင် သူတို့ကလည်း လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းပြင်မှု အခြေအနေလေးကို ဆောင်ရွက်ပေးနိုင် /မပေးနိုင် သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**လောင်းလုံမြို့နယ်အတွင်းရှိ လမ်းများအား အဆင့်မြှင့်တင်ပြုပြင်ပြီး လမ်းကောင်းတစ်ခုဖြစ်လာရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၃) မှ ဦးတင် မောင်မြင့် က လောင်းလုံ မြို့နယ် အတွင်းရှိ လမ်းများ အဆင့်မြှင့်တင်ပြုပြင်ပြီး လမ်းကောင်းတစ်ခုဖြစ်လာရေးနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးတင်မောင်မြင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုနိုက်ကြီးများ ကိုယ်စားလှယ်တော်ကြီးများအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လောင်းလုံ မြို့နယ်အတွင်းရှိ လမ်းများအား အဆင်မြင့်တင်ပြုပြင်ပြီး လမ်းကောင်းတစ်ခု ဖြစ်လာရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ကို ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေး စားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လောင်းလုံမြို့ နယ်ဟာမြောက်မှ တောင်ဘက်ထိ ၄၄ မိုင် ခန့်ရှည်လျားတဲ့ မြို့နယ်ဖြစ်ပါတယ်။ မြို့နယ်အတွင်းမှာ မောင်းမကန်-ကမျောကင်း-လောင်းလုံ-ကျောက်နီမော် - ကြက်လွှတ် ဆိုပြီးတော့ လမ်းတ စ်ကြောတည်းပဲ ရှိပါတယ်။ ဒီလမ်းတ စ်ကြောကလည်း တစ်မြို့နယ်လုံးကို ဖြန့်ကျက် နေနိုင်တာ ဖြစ်ပါတယ်။ မောင်းမကန်မှ ကျောက်နီမော်အထိဟာ ကတ္တရာလမ်းဖြစ်ပြီးတော့ ကျော က်နီမော်ကနေပြီးတော့ ကြက် လွှတ်အထိဟာ မြေသားလမ်းဖြစ်ပါတယ်။ မောင်းမကန်ကနေ ပြီးတော့ ကမျောကင်းအထိ အပိုင်းကို နှစ်စဉ်ပြုပြင်နေတဲ့အတွက်ကြောင့် အင်မတန်မှ ကောင်းမွန်နေပြီးတော့ ကမျော ကင်း - လောင်းလုံ အပိုင်းကျတော့ ၉ မိုင် ၂ ဖာလုံအထိကို ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလက ပြုပြင်ခဲ့တဲ့အတွ က်အတော်အသင့် ကောင်းမွန်နေပြီဖြစ်ပါတယ်။ ကျန်တဲ့ ကျောက် နီမော်အထိ လမ်းပိုင်းကျတော့ မပြုပြင်ဘဲ ဆယ်စုနှစ် နှစ် စုနှစ်ခန့်အထိ ကြာမြင့် နေပြီဖြစ်တဲ့အတွက်ကြောင့် အလွန်ပျက်စီးပြီးတော့ ဆိုးရွားနေပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အားလုံးဟာလည်း ဒီလမ်းပေါ်မှာ ပဲမှီတည်ပြီးတော့ ဖြစ်နေရပါတယ်။ လမ်းမကောင်းတဲ့အတွက်ကြောင့် လောင်းလုံမြို့ရဲ့ အောက်ပိုင်းဒေသခံပြည်သူများရဲ့ဖွံ့ဖြိုးရေးဟာ နိမ့်ကျနေခဲ့ ရပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ ချရေးလုပ်ငန်းစဉ်(၈)ရပ်မှာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပါလာနေတာကိုတွေ့ရတဲ့အတွက်ကြောင့် ကျွန်တော်တို့မြို့နယ်အနေနဲ့ ဝမ်းပန်းတသာ အားရပါးရကြိုဆိုမိပါတယ်။ ဒါအတွက်ကြောင့် ကျွန်တော်တို့ လောင်းလုံမြို့နယ်အတွင်းရှိ လမ်း တွေကိုအရှိန်မြှင့်တင်ပြုပြင်ပြီးတော့ လမ်း တစ်ခုဖြစ်လာစေရေး ဆောင်ရွက်ပေးနိုင်မယ့် အစီအစဉ်များရှိပါသလားခင်ဗျား။ သိရှိလိုပါကြောင်း ဒေသခံပြည်သူများရဲ့ ကိုယ်စား တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ယခု လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသွားတဲ့ မေးခွန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၁။**

**ဦးခင်မောင်မြင့် (ပြည်ထောင်စုဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ နှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော် များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက် သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးခင် မောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ် မြေအမှတ်(၈)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြအုန်း ရဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးကို မေးမြန်းမှုပေါ်မှာ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းပိုင်းနဲ့တ်သက်လို့ပြောရင် အပိုင်းနှစ်ပိုင်း တင်ပြပါမယ်။ ပထမဦးစွာ မိုးကောင်းမှ ပါဟုတ်အထိ ၈မိုင်အပိုင်း ဖြစ်ပါတယ်။ ဒီအပိုင်းကိုတော့ တောက်ပကျက်သရေဇာတိမြေ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်ကနေပြီးတော့ လမ်းတံတားများ အဆင့်မြှင့်တင်ပြီးဆောက်လုပ်ရန် B.O.Tစနစ်နဲ့ ဆောင်ရွက်လျက်ရှိတဲ့ လမ်းပိုင်း ဖြစ်ပါတယ်။ ဒုတိယလမ်းပိုင်း ဖြစ်တဲ့ မိုးကော င်း-ကာမိုင်း-ဖားကန့်လမ်းဖြစ်ပါတယ်။ ဒါကတော့ ပါဟုတ်-ကာမိုင်း-ဖားကန့်အပိုင်း ဖြစ်ပါတယ်။ ဒီလမ်းကတော့ ယခင်က ခိုင်မာသော ပန်းတိုင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က B.O.T စနစ်နဲ့ ဆောင်ရွက်ခဲ့တဲ့ လမ်းပိုင်း ဖြစ်ပါတယ်။ ၎င်းကုမ္ပဏီဟာလည်း ၇.၄.၂၀၁၁ ရက်နေ့မှာ B.O.Tလုပ်ငန်းများ လုပ်ပိုင်ခွင့်အား ပြန်လည်ပြီး အပ်နှံခဲ့တာဖြစ်ပါတယ်။ အဲဒီလိုအပ်နှံတဲ့ အပိုင်းနဲ့ ပတ် သက်လို့ လမ်းကို ၃၁-၅-၂၀၁၁ ရက်နေ့ လမ်းအခြေအနေတင်ပြရရင် ကတ္တရာလမ်း က ၂ မိုင် နဲ့ ၆ ဖာလုံ၊ ကျောက် လမ်းက၂ မိုင်နဲ့ ၂ ဖာလုံ၊ အမာခံလမ်းက ၄၉ မိုင်နဲ့ ၄ ဖာလုံ အားလုံး ၅၄ မိုင်နဲ့ ၄ ဖာလုံ ရှိပါတယ်။ ဒီ ဖားကန့်ဒေသဟာ ကျောက်စိမ်းထွက်တဲ့ဒေသဖြစ်တဲ့အတွက်ကြောင့်မို့ ကျောက်စိမ်းတူးဖော်ရန်သွားတဲ့ ကုမ္ပဏီများ ရဲ့ စက်ယာဥ်ယန္တရားကြီးတွေ ဒီဇယ်သယ်ထားသော ဘောက်ဆာကြီးတွေ အသွားအလာများတာ ကြောင့် လမ်းရဲ့ပျက်စီးမှုဟာလည်း ပိုခဲ့တာ အားလုံးအသိပါပဲ။ လက်ရှိအခြေအနေအရ ဒေသခံ

ပုဂ္ဂလိကလုပ်ငန်းရှင် (၅)ဦးကနေပြီးတော့ B.O.T စနစ်နဲ့ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်နယ်အစိုးရကို လျှောက်ထားကြောင်းလည်းသိရပါတယ်။ ပြည်နယ်အစိုးရကလည်း လမ်းတံတား များအဆင့် မြှင့်တင်ရန်အတွက် အမြန်ဆုံးဆောင်ရွက်နိုင်ဖို့အတွက် ၎င်းလျှောက်ထားသော ကုမ္ပဏီများထဲမှ ခိုင်မာတောင့်တင်းသောကုမ္ပဏီကို စိ စစ်ရွေးချယ်နေတယ်လို့ သိရပါတယ်။ ပြည်နယ်အစိုးရရဲ့ ထောက်ခံချက် ရရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာနက နေပြီးတော့ ၎င်း ဆောင်ရွက်မယ့် ကုမ္ပဏီကို B.O.T စနစ်ဖြင့် လမ်းတံတားများ လုပ်ပိုင်ခွင့်ရရှိရေးကို ဆက်လက် လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပါဟုတ် -ကာမိုင်း-ဖားကန့်လမ်းကို ပွင့်လင်း ရာသီမှာ ယခုထက်ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်ရေးB.O.T ယူမယ့်ကုမ္ပဏီအား တွန်းအားပေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပထမမေးခွန်းကို ရှင်းလင်းတင်ပြ အပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် မြေ အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချစ်လွင်ရဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးကို မေးမြန်းထားတဲ့မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီး ဌာနမှ တာဝန်ယူဆော င်ရွက်လျက်ရှိတဲ့ သက္ကယ်ကျင်း-ဖောင်းပြင်၊ ဟုမ္မလင်း -ခန္တီးလမ်းဟာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်နဲ့ ခန္တီးမြို့နယ်တို့ကို ဆက်သွယ်ထားတဲ့လမ်းဖြစ်ပြီးတော့ မိုင်ပေါင်းဟာ (၃၃၀)မိုင် ရှည်လျားပါ တယ်။ ၃၁.၅.၂၀၁၁ ရက်နေ့အထိ လမ်းအခြေအနေကို တင်ပြရရင် ကတ္တရာလမ်းသားက ၅ မိုင်၊ အမာခံလမ်းက ၂၁၂ မိုင်နဲ့ ၄ ဖာလုံ၊ မြေလမ်းဟာ ၁၁၂ မိုင်နဲ့ ၄ ဖာလုံ အားလုံး မိုင် ၃၃၀ ရှိပါတယ်။ သက္ကယ်ကျင်း -ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းအပိုင်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန မှ နေပြည်တော်ဆောက်လုပ်ရေး အထူးအဖွဲ့ (၁)ဖွဲ့၊ ခရိုင်အဖွဲ့ (၁)နဲ့ ဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေနဲ့ လမ်းအဆင့်မြှင့်တင်ရေး လုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းဆောင်ရွက်ချက်တွေကတော့ မူလမြေသား လမ်းဟာ အမာခံလမ်ခင်းခြင်းက ၄ မိုင်၊ ကတ္တရာလမ်းသစ်ခင်းခြင်းက ၄ ဖာလုံ၊ ၃၄ ပေ အကျယ် မြေသားတာဘောင်တင်ခြင်းက၂ မိုင်နဲ့ ၆ ဖာလုံ၊ အတက်အဆင်း ကြမ်းသော အပိုင်းများအား လျှောစောက်နိမ့်ချခြင်းဟာ ၂ မိုင်တို့ပဲ ဖြစ်ပါတယ်။ ၂၀၁၁ -၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ် ခွဲဝေ ရရှိတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေနဲ့ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါတယ်။ ၎င်းလုပ်ငန်းတွေကတော့ လမ်းသားပျက်စီးသော လမ်းသားအပိုင်းကို ခွဲကျောက်

များနှင့် ပြင်ဆင်ခြင်းက ၁၁ မိုင်၊ တောင်ပြို မြေဖယ်ရှားခြင်း ရေစားကျောက်များနဲ့ ဘီးလမ်းများ နိမ့်သောမြေများအား မြေသယ်ယာဉ်များစက်ယန္တရားများဖြင့် မြေမျက်နှာပြင် ညှိခြင်းက ၇၂ မိုင်၊ (၅ x ၅) ပေ ရေပြွန်တည်ဆောက်ခြင်းက ၂စင်း၊ ၁၀ ပေ သစ်သားတံတားတည်ဆောက်ခြင်းက (၂)စင်း၊ ၆၆၀ ပေ အရှည်ရှိသော ကျောက်စီရေမြောင်းတည်ဆောက်ခြင်းက ၁ စင်း၊ တံတားအမှတ် ၁/၂၇၄ နန့်အီးဖူးချောင်း ရေနိမ့်တံတား ၁၁၀ ပေအရှည် တည်ဆောက်ခြင်းက ၁ စင်း၊ တံတားအမှတ် ၁/၂၅၉ နန့်ပဇွန်ယာယီရေနိမ့်တံတား ၁၇၀ ပေ တည်ဆောက်ခြင်းဟာ ၁ စင်း၊ တံတားအမှတ် ၂/၂၅၄ နန့်စပိချောင်းသစ်သားတံတား ၁၆၀ ပေရှည် သစ်သားတံတားလဲခြင်းက ၁ စင်း၊ တံတားအမှတ် ၁/၂၆၂ နန့်ပမွေး ယာယီရေနိမ့် တံတား ၆၀ ပေ တည်ဆောက်ခြင်းက ၁ စင်း၊ တံတားအမှတ် ၁/၃၀၈ နန့်ဖီးလင်းယာယီရေနိမ့်တံတား ၁၂၀ ပေ တည်ဆောက်ခြင်းက ၁ စင်း တို့ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ၎င်းလမ်းအပို င်းကနေပြီးတော့ ဒုတိယ မေးထားသော လမ်းဖြစ်တဲ့ ဖောင်းပြင်နဲ့ ပင်လယ် ဘူးလမ်း ၆၅ မိုင်ရှည်တဲ့ လမ်းဖြစ်ပါတယ်။ ဒီလမ်းရဲ့ ၃၁.၅.၂၀၁၁ ရက်နေ့ လမ်းရဲ့အခြေအနေကတော့ ကတ္တရာလမ်းက ၃ မိုင်၊ ကျောက်လမ်းက ၁၇ မိုင် ၄ ဖာလုံ၊ အမာခံလမ်းက ၈ မိုင်နဲ့ ၅ ဖာလုံ၊ မြေလမ်းက ၃၅ မိုင်နဲ့ ၇ ဖာလုံ စုစုပေါင်း ၆၅ မိုင် ဖြစ်ပါတယ်။ ယခု ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ် ခွဲဝေရရှိတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကနေပြီးတော့ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေကတော့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းက ၆၅ မိုင်၊ လမ်းသားပျက်စီးနေသောအပိုင်းများ ကျောက်ကျင်းဖြည့်ပြီး ခင်းကြိတ်ခြင်းက ၁၁ မိုင် (၅ x ၅) ၄၀ ပေ သံကူကွန်ကရစ်ရေပြွန် တည်ဆောက်ခြင်းက ၂ စင်း၊ အုတ်ကမ်းကပ်ခုံ ၁၀ ပေ သစ်သားတံတားတည်ဆောက်ခြင်းက ၂ စင်း၊ ကျောက်စီရေမြောင်း တံတားတည်ဆောက် ခြင်းက ၆၆၀ပေတို့ ဖြစ်ပါတယ်။ လမ်းအဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက်၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ၊ ပြင်ဆင်ထိန်းသိမ်း ရေးရန်ပုံငွေမှာ ဆက်လက်တင်ပြတောင်းခံပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ကြောင်းနဲ့ လက်ရှိလမ်းများအပြင် ခန္တီးနဲ့ တာမခန်-ဖားကန့်လမ်း၊ ဟုမ္မလင်း-နောင်ပိုအောင် -နမ့်တော -ရွှေပြည်မြင့် -ဆည်ဇင်းလမ်း၊ က က်သာ-အောင်ဇေယျလမ်းတွေဟာ ဆောက်လုပ်ရေးပိုင်လမ်းများမဟုတ်ဘဲ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက် ရှိသော လမ်းများဖြစ်ကြောင်းရှင်းလင်းတင်ပြလိုပါတယ်။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၃) ကို ဆက်လက် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၃) ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ် (၁၂)မှ အမျိုးသားလွှတ် တော် ကိုယ်စားလှယ် ဦး မြတ်ကို ရဲ့ အမျိုးသားလွှတ်တော်

အစည်းအဝေးကို မေးမြန်းတဲ့မေးခွန်း ဖြစ်ပါတယ်။ အမျိုးသားလွှ တ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒေသတွင်း အဓိက ဆက်သွယ်ရေးလမ်းကြောင်းများနဲ့ ဒေသဝင်ပေါက်လမ်းများကို တာဝန်ယူဆောင်ရွက်တဲ့နေရာမှာ ဒေသရဲ့အဓိကလမ်းများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး ခန္တီး-ဆင်သေ-လဟယ်လမ်း အခြေအနေ ဖြစ်ပါတယ်။ ကတ္တရာလမ်း ၃၁ မိုင်၊ ကျောက်လမ်း ၁၁ မိုင်၊ မြေလမ်း ၁၂ မိုင်၊ ချင်းတွင်းမြစ် ၂ မိုင်နဲ့ ပေါင်း ၅၆ မိုင် ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ လမ်းတံတား ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ခန္တီး-ဆင်သေ-လဟယ်လမ်းရဲ့ ကျောက်လမ်း ၃ မိုင်ကို ကတ္တရာလမ်း အဆင့်မြှင့်တင်သွားပြီး တော့ တံတား ၆ စင်း တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်သွယ်သွားလာမှု မပြတ်တောက်စေရေးနဲ့ ချောမွေ့စွာသွားလာနိုင်ရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေနဲ့လည်း ဆောင်ရွက်နေတဲ့ လုပ်ငန်းများရှိပါတယ်။ အဲဒီလုပ်ငန်းကတော့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းက ၅၄ မိုင်၊ တောင်ပြို မြေဖယ်ရှား ခြင်း၊ ရေစားကျောက်များ ၊ ဘီးရာချိုင့်များ မြေဖို့ခြင်း ခင်းကြိတ်ခြင်းက ၁၁ မိုင်၊ မြေလမ်းမှ အမာခံလမ်းအဆင့်ထိတိုးမြှင့်ခြင်းက ၃ မိုင်နဲ့ ၃ ဖာလုံ၊ မိုင်တိုင် ၂၆ မိုင် ၄ ဖာလုံရှိ နန့်စလိန်တံတား တာဝါတိုင်မြေနိမ့်ထိန်းနံရံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းတစ်ရပ်တို့ ဖြစ်ပါတယ်။ ဒါ့အပြင် ထမံသီ- လေရှီးလမ်းရဲ့ အခြေအနေကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ၎င်းလမ်းရဲ့ အရှည်ကတော့ ကတ္တရာလမ်းက ၁၉ မိုင်နဲ့ ၂ ဖာလုံ၊ ကျောက်လမ်းဟာ ၁၂ မိုင်နဲ့ ၂ ဖာလုံ၊ မြေသားလမ်းဟာ ၉ မိုင်နဲ့ ၄ ဖာလုံ စုစုပေါင်း ၄၁ မိုင် ရှိပါတယ်။ ထ မံသီ-လေရှီးလမ်းဟာ ၂၀၁၁-၂၀၁၂ နှစ် ဘဏ္ဍာရေးနှစ်ခွဲဝေရရှိတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေနဲ့ အောက်ပါ လုပ်ငန်းတွေလုပ်လျက် ရှိပါတယ်။ ၁၂ ပေကျယ် ကျောက်ချောလမ်းခင်းခြင်းက ၂ မိုင်နဲ့ ၂ ဖာလုံ၊ ၁၂ ပေကျယ် ကတ္တရာလမ်းခင်းခြင်းက ၄ ဖာလုံ၊ တောင်ပြို မြေဖယ်ရှားခြင်း၊ ရေစားကျောက်များ မြေဖို့ကြိတ်ခြင်းက ၈ မိုင်နဲ့ ၂ ဖာလုံ၊ ကျောက်စီရေနုတ်မြောင်းလုပ်ခြင်းက ၁၀၀၀ ပေ၊ လမ်းကျဉ်း နေရာများတွင် ၅၀ ပေအရှည်ရှိတဲ့ ကျောက်စီမြေကာနံရံ တည်ဆောက်ခြင်း ကမ်းပါးယံချဲ့ခြင်းက ၂ ခု၊ ၄၅ ပေအရှည် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းက ၃ ခု၊ တောင်ကျရေများသော နေရာတွင် Box Culvert တည်ဆောက်ခြင်းက ၅ စင်း၊ ကျောက်စီရေမြောင်းဆောင်ရွက်ခြင်းက ၁၀၀၀ ပေ၊ ချင်းတွင်းမြစ်အတွင်း ပင်း မာဆိပ်ကမ်းမှ ထမံသီသို့ ကူးရန်ကူးတို့ ဖောင်ပြုပြင်ခြင်း လုပ်ငန်းတစ်ခုတို့ ဖြစ်ပါတယ် ။ နောက်လမ်းတစ်ခုဖြစ်တဲ့ ရှင်ဘွေယန် -နန်းယွန်း-ပန်ဆောင်လမ်း

D:\အမ်ိဳးသားလႊတ္ေတာ္ Web Portal Data\အစည္းအေဝးမွတ္တမ္းမ်ား\ပထမအႀကိမ္ အမ်ိဳးသားလႊတ္ေတာ္ ဒုတိယပုံမွန္အစည္းအေဝးမွတ္တမ္းမ်ား\2nd Meetting\9-2011\1-9-2011(9)@Final.docx

ဖြစ်ပါတယ်။ ၎င်းလမ်းကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက စစ်အင်ဂျင်နီယာရုံးကို ငွေအပ်စနစ် ဖြင့် လုပ်ငန်းအပ်တဲ့ ဆောင်ရွက်တဲ့လုပ်ငန်း ဖြစ်ပါတယ်။ ရှင်ဘွေယန်ကနေပြီးတော့ ပန်ဆောင် အထိ ၆၂ မိုင် ရှည်ပါတယ်။ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး လမ်းအခြေအနေမှာ အမာခံလမ်း ၆၂ မိုင်ရှိပြီး အတက်အဆင်းကြမ်းတဲ့ လမ်းအပိုင်းများမှာ ဘီးလမ်းအကျယ် တစ်ဖက် ၂ ပေစီ ကတ္တရာလမ်းခင်းပြီးတော့ ၆ မိုင်ကိုလည်း ဆောင်ရွက်လျက် ရှိပါတယ်။ တံတားရေပြွန်များနဲ့ ပတ်သက်ပြီးတော့လည်း ၅၀ပေ အောက်တံတား ၄၅စင်း တည်ဆောက်ပြီးဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေ ဖြင့် လမ်းဘေးဝဲယာချုံရှင်းခြင်း၊ ရေစီးရေလာကောင်းမွန်အောင်ရေမြောင်းများတူးဖော်ခြင်း၊ တောင်ပြို မြေဖယ်ရှားခြင်း၊ အမာခံလမ်းတလျှောက်နံရံများ ကျောက်ဖြည့်ခင်းခြင်းနှင့် လမ်းလုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဆောင်ရွက်လျက် ရှိပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေး နှစ်မှာ မြေသားလမ်းများကို ရာသီမရွေး သွားလာနိုင်သော ကျောက်လမ်းအဆင့် တိုးမြှင့်တည်ဆောက်နိုင်ရန် ဆောင်ရွက်လျက် ရှိပါတယ်။ ကျန်ရှိနေတဲ့ ခန္တီး - လဟယ် လမ်းအပိုင်းက မြေလမ်း ၈ မိုင်နဲ့ ၇ ဖာလုံကိုလည်းကောင်း ၊ ထမံသီ-လေရှီး လမ်းကနေ မြေသားလမ်း ၇ မိုင် ၂ ဖာလုံကိုလည်းကောင်း လမ်းတံတား ငွေလုံးငွေရင်းများနဲ့ ပြင်ဆင် ထိန်းသိမ်းရေးရန်ပုံငွေများ တောင်းခံပြီး ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လတ်တလော အနေဖြင့် လဟယ်နဲ့ လေရှီးလမ်း ဖောက်လုပ်မှု အခြေအနေမရှိသေးကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၄)ကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မေးခွန်း နံပါတ် (၄)ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ် (၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်းရဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးမြန်းထားသော မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်-ပြည်-မကွေး-မန္တလေး ပြည်ထောင်စုလမ်းမကြီး ရေနံချောင်းမြို့နယ်အပိုင်း မိုင်တိုင် ၃၆၇ မိုင် ၁ ဖာလုံ၊ ၃၆၇ မိုင် ၂ ဖာလုံအတွင်းမှာရှိတဲ့ တံတားအမှတ် ၁(က)/၃၆၈ ပင်းချောင်း တံတား အရှည်ဟာ ၅၆၀ ပေ ရှိပါတယ်။ အကျယ်ကတော့ ၁၂ ပေ ဖြစ်ပြီးတော့ တ စ်လမ်းသွား ဘေလီ တံတားပဲဖြစ်ပါတယ်။ တံတားတိုင်များကို သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး အပေါ်ထည် ၃ လွှာတစ်ထပ်နှင့် ၂ လွှာ တစ်ထပ် ဘေ လီအမျိုးအစားဖြစ်ပါတယ်။ တံတားခံနိုင်ဝန်မှာ ၃၀

တန်ဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ် စတင်ဆော က်လုပ်ခဲ့ပြီး ယနေ့အထိ ၃၇နှစ် ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ ပင်းချောင်းတံတား ရန်ကုန် -ပြည်-မကွေး-မန္တလေးရဲ့ အဓိက ဆက်သွယ်သော လမ်းပေါ် မှာ တည်ရှိနေပါတယ်။ဘေလီတံတားအမျိုးအစားဖြစ်ပြီး ယနေ့ခေတ်တိုးတက်လာသော ယာဥ်ကုန်အလေးချိန်များနှင့် ပ တ်သက်လာလျှင် ကြံ့ခိုင် မှုအားနည်းပြီး တ စ်လမ်းသွားတံတား ဖြစ်၍ များပြားသောယာဥ်များဟာ တစ်စီးပြီးမှ တစ်စီးဖြတ်သန်းသွားရတဲ့အတွက် ကူးလူးဆက်ဆံမှု အဆင်မပြေခြင်းတို့ကြောင့် တိုးတက်လာသော ယာဥ်များသွားလာရေး အဆင်ပြေရေး၊ ကုန်စည် စီးဆင်းမှု မြန်ဆန်စေရေးအတွက် ၇၅ တန် ခံနိုင်ဝန်နှစ်လမ်းသွား သံကူကွန်ကရစ်တံတား အဆင့် မြှင့်တင် ဆောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ကနေပြီးတော့ စီစဥ်ဆောင်ရွက်လျက် ရှိပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-ပြည်-မကွေး-မန္တလေး ပြည်ထောင်စု လမ်းမကြီးပေါ်မှာရှိတဲ့ ပင်းချောင်းတံတား ၇၅ တန် ခံနိုင်ရည်ရှိတဲ့ နှစ်လမ်းသွား သံကူကွန်ကရစ် တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ရန်အတွက် ၂၀၁၁ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဥ် ၉/၂၀၁၁ သို့ တင်ပြခဲ့ရာ ခွင့်ပြုမိန့်ရပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေနဲ့ ပင်း ချောင်း ဘေလီတံတားအား အဆင့်မြှင့်တင်ဆောက်လုပ်နိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် လျာထားငွေများ စတင်ထည့်သွင်းပြီး ရရှိမှုအပေါ် မူတည်ပြီးတော့ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ် (၅)အား ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။ ၎င်းကတော့ ကရင်ပြည်နယ်မဲဆန္ဒနယ်မြေအမှတ် (၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ရဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် မှာ ရှင်းလင်း ဖြေကြားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖာပွန်-ကမမောင်းလမ်းဟာ ကရင်ပြည်နယ် ဖာပွန်ခရိုင်၊ ဖာပွန်မြို့နယ်နဲ့ ကမမောင်းမြို့နယ်ခွဲသို့ ဆက်သွယ်ပြီး ဖောက်လုပ် ထားတဲ့လမ်း ဖြစ်ပါတယ်။ ဖာပွန် - ကမမောင်းလမ်းဟာ၅၇ မိုင်နဲ့ ၄ ဖာလုံ ရှည်လျားပြီး နိုင်ငံတော် ကနေပြီးတော့ ၂၀၀၄ -၂၀၀၅ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အတွင်း ကတ္တရာလမ်း ၂၅ မိုင် ၁ ဖာလုံအထိ တိုးတက်ပြီးတည်ဆောက်ပေးခဲ့တာဖြစ်ပါတယ်။ ၃၁.၅.၂၀၁၁ ရက်နေ့ လမ်းအခြေအနေတင်ပြရရင် ကတ္တရာလမ်းဟာ၂၅ မိုင် ၁ ဖာလုံ၊ ကျောက်လမ်းဟာ ၃၀ မိုင်နဲ့၄ ဖာလုံ၊ အမာခံလမ်းဟာ၁ မိုင်နဲ့၇ ဖာလုံ အားလုံး၅၇ မိုင်နဲ့၄ဖာလုံ ရှိပါတယ်။၂၀၁၁-၂၀၁၂

ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်း အဆင့်မြှင့်တင် ရန်အတွက် ၃၂ မိုင် ၃ ဖာလုံ ကျန်ရှိတဲ့အနက် ခွဲဝေရရှိတဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေကနေပြီးတော့ ကျောက်လမ်းကနေကတ္တရာလမ်း အဆင့် ၁၀ မိုင် တိုးမြှင့်ရန်ပါပြီး၊ ၎င်းလမ်းလုပ်ရပ်နဲ့ ပတ်သက်၍ လုံခြုံမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ကတ္တရာလမ်း အဆင့်မြှင့် တင်ဆောင်ရွက်နိုင်ရန် ၂၂ မိုင် ၃ ဖာလုံ သာ ကျန်မှာ ဖြစ်ပါတယ်။ ကတ္တရာလမ်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် ငွေလုံး ငွေရင်းရန်ပုံငွေများ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေများ ဆက်လက်တင်ပြတောင်းခံပြီး ၎င်း လမ်းအား ဆောင်ရွက် သွားမည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြပါတယ်ခင်ဗျား။

ဆက်လက်ပြီး နောက်ဆုံးမေးခွန်းဖြစ်တဲ့ အမှတ်စဉ်နံပါတ် (၆)မေးခွန်း ဖြစ်ပါတယ်။ ၎င်းမေးခွန်းကတော့ တနင်္သာရီတိုင်းဒေသမှာရှိတဲ့ မဲဆန္ဒနယ် အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်မြင့်ရဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မေးမြန်းမှုအပေါ် မှာ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်း ဒေသကြီးအတွင်းမှာ မောင်းမကန်-ကမျောကင်း-လောင်းလုံ-ကျောက်နီမော်လမ်းဟာ လောင်းလုံ - ကျောက်နီမော်လမ်းအပိုင်းဟာ ၂၅ မိုင်ရှိပြီး ကတ္တရာလမ်းအမျိုးအစား ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ခွဲဝေရရှိ သာမန်ပြင်ဆင်ထိန်းသိမ်းရေး စရိတ်ရန်ပုံငွေကနေပြီးတော့ ဆောင်ရွက် မယ့် လုပ်ငန်းတွေကတော့ လမ်းချိုင့်အပေါက်ကြီးများ ကတ္တရာလောင်း၍ ဖာထေးခြင်း ၁၄ မိုင်၊ လမ်းချိုင့်ခွက်များ ကျောက်သဲတို့နှင့် ဖာခြင်းက ၇ မိုင်၊ ဆွေးမြည့်သော သစ်သားတံတားများ လဲလှယ်ခြင်းလုပ်ငန်းတစ်ရပ်ပါ ပါတယ်။ ကျောက်နီမော်နဲ့ ရှင်မျှော်လမ်းကတော့ ၁၂ မိုင် ၄ ဖာလုံ ရှည်လျားပါတယ်။ ၃၁.၅.၂၀၁၁ လမ်းအခြေအနေကတော့ ကျောက်လမ်းက ၈ မိုင်နဲ့ ၃ ဖာလုံ၊ မြေလမ်းကတော့ ၄ မိုင်နဲ့ ၁ ဖာလုံ စုစုပေါင်း ၁၂ မိုင်နဲ့ ၄ ဖာလုံ ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ခွဲဝေရရှိတဲ့ သာမန်ပြင်ဆင် ထိန်းသိမ်းခြင်း ရန်ပုံငွေက နေပြီးတော့ ၁၀ မိုင်နဲ့ ၃ ဖာလုံအတွင်းမှာ ပျက်စီးနေတဲ့ လမ်းပေါက် တွေကို ကျောက်တွေ၊ သဲတွေဖြင့် ခင်းကြိတ်ပြီးတော့ လမ်းချောအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ လမ်းအဆင့်မြှင့်တင် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက်လည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း ရန်ပုံငွေနှင့် ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေများကို တင်ပြ

တောင်းခံပြီး ဆက်လက် ဆောင်ရွက်သွားပေး မည်ဖြစ်ကြောင်း တင်ပြ ရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားရှင်းလင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဒေါက်တာမြတ်ဉာဏစိုး (ဥပဒေကြမ်း ကော်မတီ အဖွဲ့ဝင်)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ကြွရောက်လာကြသော ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေ ကြမ်းနဲ့ ပတ်သက်၍ ဖတ်ကြားရှင်းလင်းသွား မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ အမျိုးသား လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း အပေါ်စိစစ်တင်ပြခြင်း အစီရင်ခံစာ နိဒါန်း၊ ပုဒ်မ ၁ ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက် ရက်စွဲပါစာအမှတ် ၁/ပထ ကော်မတီ၊ ၁/၂၀၁၁(၆)ဖြင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အမျိုးသားလွှ တ်တော်ဆိုင်ရာဥပဒေ နည်းဥပဒေများ နှင့်အညီ စတင်ဆွေးနွေး ဆောင်ရွက်နိုင်ရန် အမျိုးသားလွှ တ်တော်သို့ ပေးပို့လာ ပါသည်။ မူလဥပဒေတွင် အခန်း(၁၆)ခန်းနှင့် ပုဒ်မ ၉၀ ပါဝင်ပါသည်။ လေ့လာတွေ့ရှိချက် ပုဒ်မ ၂ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီသည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ကိုပြင်ဆင်သည့် ဥပဒေမူကြမ်းကို လေ့လာစိစစ်ရာ၌ အောက်ပါအတိုင်း လေ့လာစိစစ်တွေ့ရှိ ရပါသည်။ ပုဒ်မခွဲ (က)၊ ပုဒ်မ ၄၉(က)

ပါ ပြင်ဆင်ချက်သည် လက်ရှိပြဋ္ဌာန်းထားရာတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအား ဆန္ဒမဲအရေအတွက် ကြေညာနိုင်ခွင့်ပေးထားခြင်းအား ပုဒ်မ၄၉(ခ)ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင် အဖွဲ့ခွဲ၏ လုပ်ပိုင်ခွင့်နှင့် ရောထွေး မသွားစေရန် ပယ်ဖျက်ပြင်ဆင်ရေးသားထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၇၄ (က)ပါ ပြင်ဆင်ချက်သည် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ် ချက်ကို မကျေနပ်သူက ကော်မရှင်သို့ လျှော ကျ်ထားခြင်းနဲ့ စပ်လျဉ်း၍ မူရင်း ပြဋ္ဌာန်းချက်ဖြစ် သည့် ဥပဒေရေးရာပြဿနာ ပေါ်ပေါက်မှသာ ကော်မရှင်သို့ လျှောက်ထားနိုင်ခွင့် ရှိသည်ဟူသော စကားရပ်အစား ရွေး ကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက် တိုင်း၌ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု လျှောက်ထား ခွင့်ပေးလိုသည့် သဘောထားဖြင့် ပြင် ဆင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိ ရပါသည်။ ပုဒ်မခွဲ(ဂ)၊ လက်ရှိပြဋ္ဌာန်းထားသော ပုဒ်မ ၈၈ကို ပြစ်ဒဏ်ချမှတ်မှုများ အပေါ်မူတည်၍ ပုဒ်မ ၈၈ (က)၊ ပုဒ်မ ၈၈ (ခ)နှင့် ပုဒ်မ ၈၈ (ဂ)တို့ ပုဒ်မ (၃)ခုခွဲပြီး ပြင်ဆင်ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါ သည်။ ဤပြင်ဆင်ချ က်သည် အဓိပ္ပာ ယ်ပိုမိုတိကျပေါ်လွင်စေရန် ပြင်ဆင်ရေးဆွဲ ထားခြင်းဖြစ်ပြီး မူရင်းပြဋ္ဌာန်းချက်ပါ အခန်း(၁၃)ပါ ပြ စ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရ သဖြင့် လွှတ်တော် ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော် မရှင်က ကြေညာခြင်းခံရသူသည် ၎င်း ကြေညာသည့်နေ့မှစ၍ လက်ရှိ လွှတ်တော် သက်တမ်းနှင့် နောင်လာမည့် လွှတ်တော်သက်တမ်းအတွက် ကျင်းပသည့်ရွေးကောက် ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ ဟူသော စကားရပ်ကို ပုဒ်မ ၈၈(ခ)တွင် အခန်း (၁၃)ပါ ပြစ် မှုတစ်ရပ် ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော် ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိ လွှတ်တော် သက်တမ်းနှင့် နောင်လာမည့် လွှတ်တော်သက်တမ်း တစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ် ပြိုင်ခွင့် မရှိစေရဟု ရှင်းလင်း တိကျစွာ ပြင်ဆင်ထားခြင်း ဖြစ်ကြောင်းလည်း တွေ့ရှိရပါသည်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကော်မတီရဲ့ သဘောထားမှတ်ချက် ကို တင်ပြရမယ် ဆိုပါလျှင် ပုဒ်မ ၃ ဤဥပဒေ မူကြမ်းကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် အသေးစိတ်ညှိနှိုင်း ပြင်ဆင် ဖြည့်စွက်၍ ပြန်လည်ရေးသားပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်မှ အတည်ပြုနိုင်ရေး အတွက်

ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း သဘောထားမှတ်ချက်ပြု တင်ပြအပ်ပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။

ဆက်လက်ပြီးတော့ ကန့်လန့်ဖြတ်ဇယားလေးနဲ့ ရှင်းလင်းတင်ပြခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဒီဥပဒေမှာ ပုဒ်မ စုစုပေါင်း(၉၀)ရှိတဲ့အနက်မှ ပြင်ဆင်ထားတဲ့ပုဒ်မကတော့ (၃)ခုပဲ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်ထားတဲ့ပုဒ်မတွေကတော့ ပုဒ်မ၄၉(က)ရယ်၊ ပုဒ်မ ၈၈ ရယ်၊ ပုဒ်မ ၇၄(က)ရယ် ဖြစ်ပါတယ်။ ပထမဦးဆုံး ပြင်ဆင်ထားတဲ့ ပုဒ်မ ၄၉(က)မှာကတော့ မူရင်းဥပဒေပြဋ္ဌာန်းချက်မှာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက ခိုင်လုံတဲ့ မဲဆ နွှကိုတော့ ကြေညာခွင့်ရှိပါတယ်။ ဒါပေမယ့် ရွေးကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်ရဲ့ အမည်စာရင်းကိုတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲကပဲ ကြေညာခွင့်ရှိတာ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဒီဘက်မှာ ခိုင်လုံဆန္ဒမဲကိုတော့ ထုတ်ပြန်ကြေညာတယ်။ သို့သော်လည်း ကိုယ်စားလှယ်ရဲ့ အမည်စာရင်းကိုတော့ ကြေညာခွင့်မရှိဘူး။ အဲဒီအတွက်ကြောင့်မို့လို့ တစ်ပိုင်းစီ ဖြစ်နေပါတယ်။ သီးခြားစီဖြစ်နေတဲ့ အတွက်ကြောင့်မို့လို့ ဒါတိုင်းဒေသကြီးနဲ့ ပြည်နယ်ကော်မရှင် အဖွဲ့ခွဲတွေရဲ့ လုပ်ငန်းတာဝန်တွေကို ပို မိုပီပြင်ထင်ရှားပြီးတော့ ပေါ်လွင်အောင်လို့ ရေးသားထားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပုဒ်မ၄၉(က)နဲ့ ပတ်သက်လို့တော့ ဥပဒေကြမ်း ကော်မတီ ကနေပြီးတော့ ပြင်ဆင်ကန့်ကွက်စရာမရှိပါဘူး ခင်ဗျား။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပြင်ဆင်ပြဋ္ဌာန်းထားတာဟာ လျော်ကန်သင့်မြတ်ကြောင်းကို တွေ့ရှိရပါတယ်။ ပုဒ်မ၇၄(က)ကတော့ မူလရွေးကောက်ပွဲ ဥပဒေမှာ ဥပဒေအကြောင်းခြင်းရာ တစ်ရပ်ရပ်အရ ပြဿနာပေါ်ပေါက်မှသာလျှင် ပြင်ဆင်မှုပဲ တက်လို့ရပါတယ်။ အယူခံပိုင်ခွင့် မရှိပါဘူး။ သို့သော်လည်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာတော့ ပြင်ဆင်မှုကိုရော ၊ အယူခံမှုကိုရော ဆောင်ရွက်နိုင်တယ်လို့ ခွင့်ပြုပေးထားတာကို တွေ့ရှိရပါတယ်ခင်ဗျား။ ဒီအတွက်ကြောင့်မို့လို့ ပုဒ်မ၇၄(က) ဟာဆိုရင်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ ပြန်လည် ပြင်ဆင်ရေးဆွဲထားခြင်း ဖြစ်ကြောင်းကို တွေ့ရှိရပါတယ်။ ဒါပေမယ့် ဒီနေရာမှာကျတော့ ဥပဒေအသုံးအနှုန်းလေးကိုတော့ ဥပဒေကြမ်းကော်မတီ ကနေပြီးတော့ အကြံပြုထားတာ ရှိပါတယ်ခင်ဗျာ။ အဲဒါကတော့ မူလပြဋ္ဌာန်းချက်မှာ ဥပဒေရေးရာ ပြဿနာပေါ်ပေါက်မှသာ ဤပုဒ်မအရ လျှော က်ထားခွင့်ရှိတယ်လို့ ပြည်ထောင်စုကော်မရှင်က ပြင်ဆင်တဲ့အခါမှာ ဒီပြဋ္ဌာန်းချက်ကို ဖြုတ်လိုက်ပြီးတော့ ကော်မရှင်သို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုလျှောက်ထားနိုင်သည်လို့ ပူးတွဲပြီးဖော်ပြထားပါတယ်။ ပိုမိုရှင်းလင်း

သွားစေဖို့အတွက်ကြောင့်မို့လို့ သတ်မှတ်ထားသည့်ကာလအတွင်း နည်းလမ်းအတိုင်း ကော်မရှင်သို့ ပြင်ဆင်မှု လျှောက်ထားနိုင်သည်ဆိုတာကို သီးခြားဖော်ပြပြီးတော့မှ နောက်ဆက်တွဲအနေနဲ့ ထို့အပြင် အယူခံမှုလည်း လျှောက်ထားနိုင်သည် လို့ သီးခြားဝါကျနဲ့ ဖော်ပြလိုက်ရင်ပိုမိုရှင်းလင်း လွယ်ကူလိမ့်မယ်လို့ ဥပဒေကြမ်းကော်မတီကတော့ ထင်မြင်ယူဆချက်နဲ့ တင်ပြထားပါ တယ်။ ဆက်လက်ပြီးတော့ ပုဒ်မ ၈၈ ကို တင်ပြရမယ်ဆိုရင် မူရင်းဥပဒေမှာ ဖောက်ဖျက်ကျူးလွန် ရတဲ့ ပြစ်ဒဏ်တွေအားလုံးအတွက်ကျခံရမယ့် ရွေးကောက်ပွဲဝင်ရတော့တဲ့ ကာလသတ်မှတ်ချက်ဟာ လက်ရှိလွှတ်တော်သက်တမ်းနဲ့ နောက်လာမယ့် လွှတ်တော်သက်တမ်း ဆိုပြီးတော့ တစ်ခုတည်းပဲ ပြဋ္ဌာန်းထားတာရှိပါတယ်။ အခုကတော့ ရှင်းလင်းလွယ်ကူအောင် ပြစ်မှုအမျိုးအစား ဆောင်ရွက် ချက်တွေအလိုက် ပုဒ်မ ၃ ခု ခွဲခြားပြီးတော့ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ပုဒ်မ ၈၈(က)မှာတော့ အမြင့်ဆုံးသော ဆောင်ရွက်ချက်တွေ ကျူးလွန်မှုတွေဖြစ်တဲ့ နိုင်ငံတော်သစ္စာ ဖောက်ဖျက်ပုန်ကန်မှု ကြောင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် ထိုက်တဲ့ပြစ်မှုဖြ င့် ပြစ်မှုထင်ရှား စီရင်ခံရလျှင် နောင်တွင်ပြုလုပ်မည့် လွှတ်တော်ရွေးကောက် ပွဲများတွင် လုံးဝယှဉ်ပြိုင်ခွင့် မရှိတော့တဲ့ အနေအထားကို ပြတ်ပြတ်သားသား ဖော်ပြထားတာ ဖြစ်ပါတယ်။ ပုဒ်မ ၈၈(ခ) ကကျတော့ အခန်း (၁၃)ပါ ပြစ်မှုများကို ချိုးဖော က်ခဲ့မယ်ဆိုရင် ထောင်ဒဏ်ကျခံရတဲ့အတွက် ကြောင့်မို့လို့ကိုယ်စားလှယ်လောင်း ဒါမှမဟုတ်လွှတ်တော်ကိုယ်စားလှယ်အဖြစ်ဆက်လက်ရပ်တည် ပိုင်ခွင့် မရှိတော့ကြောင်း ဒီလိုဆက်လက်ရပ်တည် ပိုင်ခွင့်မရှိတော့တဲ့အချိန် ကာလအပိုင်းအခြား ဟာဆိုရင် လက်ရှိလွှတ်တော်သက်တမ်းနှင့် နောင်လာမယ့် လွှတ်တော်သက်တမ်းတစ်ခု စုစုပေါင်း ကာလ အပိုင်းအခြားအားဖြင့် လွှတ်တော် သက်တမ်း နှစ်ခုစာလို့ ခွဲခြားပြီးတော့ ဖော်ပြထားတာ ဖြစ်ပါတယ်။ ပုဒ်မ ၈၈ (ဂ)မှာကတော့ ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းတင်သွင်းရန် ပျက်ခဲ့တဲ့ ပြစ်မှုငယ်မျိုးဆိုရင်တော့ လက်ရှိလွှတ်တော်သက်တမ်းမှာတော့ ထပ်မံပြီးတော့ ကျင်းပဖွယ်ရာရှိတဲ့ ကြားဖြတ်ရွေးကောက်ပွဲတွေမှာ ယှဉ်ပြိုင်ခွင့်မရှိ တော့ပါဘူး။ သို့သော်လည်း နောက်ကပ်လျ က် လွှတ်တော် သက်တမ်းတစ်ခုမှာ ယှဉ်ပြိုင်ခွင့်ရှိကြောင်းကို ခွဲခြားပြီးတော့ ဖော်ပြထားတာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရဲ့ ပြင်ဆင်ချက်ဟာ ပိုပြီးတော့ ပြစ်မှု ပြစ်ဒဏ်များကို ထင်ရှားပေါ်လွင်စေရန် ဆောင်ရွက်ထားတာဖြစ်တဲ့အတွက် လျော်ကန်သင့်မြတ် ပါကြောင်းကို ဥပဒေကြမ်းကော်မတီက စိစစ်တွေ့ရှိရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကော်မတီရဲ့ တင်ပြချက်များကို ပြင်ဆင်ပြီးပြီဆိုရင်တော့ အမျိုး သားလွှတ်တော်မှာ ဆက်လက်

ပြီးတော့အတည်ပြုနိုင်ရေးအတွက် ဆောင်ရွက်သွားဖို့ကို တင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောထားရယူခြင်း

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစား ရန် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။ ကျန်တဲ့ဟာတွေ မလိုပါဘူး။ စဉ်းစားဆွေးနွေးရန် အဆိုပဲတင်ပါ။

**ဦးမြင့်နိုင်၊ (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့ အမျိုး သားလွှတ်တော် ရွေးကောက်ပွဲဥပဒေပြင်ဆင်သည့် ဥပဒေမူကြမ်းအား စဉ်းစားပေး နိုင်ရန်အတွက် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေး နွေးစဉ်းစား ရန် ဖြစ်သည်။ ဒီအဆိုကို သဘောတူရင် တူတယ်လို့ပြောပါ။ အဆိုကို သဘောမတူရင် မတူဘူး လို့ ပြောပါ။ အဆိုကိုသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကိုသဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ အဆိုကိုသဘောမတူ တဲ့သူ မရှိတဲ့ အတွက် အဆိုအတည်ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဥပဒေကြမ်းနဲ့ ပတ်သက် ပြီးတော့ အသေးစိတ်တင်ပြ ဆွေး နွေးသွားပြီးဖြစ်တဲ့အတွက် ပုဒ်မ တစ်ခု ချင်းစီ ဆောင်ရွက်ရန် မလိုတော့ပါ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် (၁)နှင့် (၂)တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဒီအဆို ကို သဘောတူရင်တူတယ်လို့ ပြောပါ။ သဘောမတူရင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူရှိပါသလား ခင်ဗျား။ သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည် ဖြစ်ပါတယ်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈ ၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**ဦးမြင့်နိုင်၊(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ရန်အတွက် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၁။**

**ဦးဝင်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ် ပါသော အမျိုး သားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က တင်သွင်းသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ကျွန်တော် တို့ နိုင်ငံတော်မှာ စဉ်ဆက်မပြတ် ကျင်းပ သွားရမယ့် ........

**ဥက္ကဋ္ဌ။** ။ ထောက်ခံရင် ထောက်ခံတဲ့အကြောင်းပြောရင် လုံလောက်ပါတယ်။

**ဦးဝင်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)။** ။ ဟုတ်ကဲ့။ ဥပဒေကြမ်းအား အတည်ပြု ပေးရန်အဆိုကို ကျွန်တော့်အ နေဖြင့် အလေးအနက်ထောက်ခံ အပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန်အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ ယခုအဆိုမှာအမျိုးသားလွှတ်တော်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန်ဖြစ်ပြီး ဒီအဆိုကို လွှတ်တော်ရဲ့သဘောထားရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ )

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း နဲ့ စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အ စီရင်ခံစာကို ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးစိုးမြင့်က ဖတ်ကြားရှင်းလင်းမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဦးစိုးမြင့်၊ (ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်)။** ။လေးစားအပ်ပါသောအမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကိုပြင်ဆင်သည့် ဥပဒေ မူကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင် ခံစာအား ဖတ်ကြားတင်ပြ အစီရင်ခံသွားမှာဖြစ်ပါတယ် ခင်ဗျား။ နိဒါန်း အပိုဒ် (၁) ပြည်ထောင်စု လွှတ်တော်၏ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်စွဲပါ စာအမှတ်၊ ၁/ပထ (ကော်မတီ) ၁/၂၀၁၁ (၆) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကိုပြင်ဆင်သည့် ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စတင်ဆွေး နွေး ဆောင်ရွက်နိုင်ရန် အမျိုးသား လွှတ်တော်သို့ ပေးပို့လာပါသည်။ မူလဥပဒေတွင် အခန်း (၁၆) ခန်းနှင့် ပုဒ်မ ၉၀ ပါဝင်ပါသည်။ လေ့လာတွေ့ရှိချက်အပိုဒ်(၂) အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို လေ့လာစိစစ်ရာ၌ အောက်ပါအတိုင်း လေ့လာစိစစ်တွေ့ရှိ ရပါသည်။ အပိုဒ်ခွဲ(က) ပုဒ်မ ၄၉(က) ပြင်ဆင်ချက်သည် လက်ရှိပြဋ္ဌာန်းထားတဲ့ မြို့နယ်ကော်မရှင် အဖွဲ့ခွဲအား ဆန္ဒမဲအရေအတွက် ကြေညာနိုင်ခွင့်ပေးထားခြင်းအား ပုဒ်မ၄၉ (ခ)ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင် အဖွဲ့ခွဲ၏လုပ်ပိုင်ခွင့်နှင့် ရောထွေးမသွားစေရန် ပယ်ဖျက်၊ ပြင်ဆင် ရေးသားထားခြင်း ဖြစ်ကြောင်း တွေ့ရှိ ရပါသည်။ အပိုဒ်ခွဲ (ခ) ပုဒ်မ၇၄(က) ပြင်ဆင်ချက်သည် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူက ကော်မရှင်သို့ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ မူရင်းပြဋ္ဌာန်းချက်ဖြစ်သည့် ဥပဒေရေးရာပြဿနာပေါ်ပေါက်မှသာလျှင် ကော်မရှင်သို့ လျှောက်ထား နိုင်ခွင့်ရှိသည်ဟူသော စကားရပ်အစား ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်တိုင်း၌ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု လျှောက်ထားခွင့်ပေးလိုသည့် သဘောထားဖြင့် ပြင်ဆင်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အပိုဒ်ခွဲ(ဂ) လက်ရှိပြဋ္ဌာန်းထားသော ပုဒ်မ၈၈ ကို ပြစ်ဒဏ်ချမှတ်ချက် အပေါ်မူတည်၍ ပုဒ်မ ၈၈(က)၊ ပုဒ်မ ၈၈(ခ) နဲ့ ပုဒ်မ ၈၈(ဂ) ဟူ၍ ပုဒ်မ (၃)ခုခွဲပြီး ပြ င်ဆင် ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။ ဤ ပြင်ဆင်ချက်သည် အဓိပ္ပါယ်ပိုမိုတိကျ ပေါ်လွင်စေရန် ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ပြီး မူရင်းပြဋ္ဌာန်းချက်ပါအခန်း(၁၃) ပြစ်မှု တစ်ရပ်ရပ်အရ ထောင်ဒဏ် ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ်

ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ၎င်းကြေညာသည့်နေ့မှစ၍ လက်ရှိ လွှတ်တော် သက်တမ်းနှင့် နောင် လာမည့် လွှတ်တော်သက်တမ်းအတွက် ကျင်းပသည့်ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စား လှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရဟူသော စကားရပ်ကို ပုဒ်မ ၈၈(ခ) တွင်အခန်း(၁၃)ပါ ပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်နှင့် နောက် လာမည့် လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့်ရွေးကောကပ်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရဟု ရှင်းလင်းတိကျစွာ ပြင်ဆင်ထားပြီးဖြစ် ကြောင်း တွေ့ရှိရပါသည်။ ကော်မတီ၏ သဘောထားမှတ်ချက် အပိုဒ်(၃) ၌ဥပဒေမူကြမ်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အသေးစိတ်ညှိနှိုင်းပြင်ဆင်ဖြည့်စွက်၍ ပြန်လည်ရေးသားပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်မှ အတည်ပြုနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်သင့်ပါကြောင်း သဘောထားမှတ်ချက်ပြု တင်ပြအပ်ပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ပိုမိုတိကျ စွာ ဖြစ်အောင် လက်ရှိပြဋ္ဌာန်းချက်၊ ပြင်ဆင်ပြီး ပြဋ္ဌာန်းချက်နဲ့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ အ ကြံပြုချက်များကို ဇယားနဲ့ ခွဲပြထားပါတယ်။ မူလဥပဒေမှာ အခန်း (၁၆)ခန်းနဲ့ ပုဒ်မပေါင်း ၉၀ ပါပေမယ့် ယခုပြင်ဆင်ခြင်းသည် ပုဒ်မ (၃) ခုကိုသာ ပြင်ဆင်ခြင်းဖြစ်ပါသည်။ ပုဒ်မ ၄၉ (က)ပြင်ဆင်ချက်ဟာ ယခင်လက်ရှိပြဋ္ဌာန်းချက်ကို ပြင်ဆင်ပြီး ပြဋ္ဌာန်းချက်မှာ ပိုမိုပြီး ရှင်းလင်းပြတ်သားအောင် ရေးသား ထားခြင်းဖြစ်ပြီး ကောင်းမွန်ကြောင်းတွေ့ရှိရပါတယ်ခင်ဗျား။ ဆက်လက်ပြီး ပုဒ်မ၇၄(က)လည်း ကျွန်တော်တို့ လက်ရှိပြဋ္ဌာန်းချက်နှင့် ပြင်ဆင်တဲ့ ပြဋ္ဌာန်းချက်ကို လေ့လာ တဲ့အခါမှာ ပထမ ပြဋ္ဌာန်းချက်တုန်းကတော့ ပြင်ဆင်မှုပဲပါတယ်။ ပြင်ဆင်မှုပဲ ကျွန်တော်တို့ လျှောက်ထားနိုင်ပါတယ်။ ယခုပြင်ဆင်တဲ့ ပြဋ္ဌာန်းချက်မှာတော့ ကျွန်တော်တို့ အယူခံမှုကိုက ထည့်သွင်းထားတော့ ပိုမိုပြည့်စုံ ကောင်းမွန်ကြောင်းကိုလည်း တွေ့ရှိရပါတယ် ။ နောက် ကျွန်တော်တို့ ပုဒ်မ ၈၈ မှာ မူလကတော့ ပြစ်ဒဏ်အတိမ်အနက်မရွေး၊ ပြစ်မှုအတိမ်အနက်မရွေး၊ ပြစ်ဒဏ် တစ်မျိုးတည်းကိုပဲ ချ မှတ်ပြီးဖော်ပြထားပါတယ်။ ယခုအဲဒါကို ပြင် ဆင်ပြီး ပြဋ္ဌာန်းချက်မှာ ပုဒ်မ ၈၈(က)ကျွန်တော်တို့ နိုင်ငံတော်သစ္စာဖောက်ဖျက်မှုမျိုးကဲ့သို့ ပြစ်မှုမျိုးဆိုနောင်မှာ ပြုလုပ်မယ့် ရွေးကောက်ပွဲများမှာ လွှတ်တော်

ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင် ယှဉ်ပြိုင်ခြင်း လုံးဝမရှိရဘူးဆိုတာ ပိုမိုကောင်းမွ န်ပါတယ်။ ပုဒ်မ ၈၈ အဲဒီမှာလည်းပဲ ကျွန်တော်တို့ ပြင်ဆင်ရတဲ့ အကြောင်းကတော့ ၁၉၉၁ ခုနှစ်က နဝတရဲ့ ဥပဒေ (၁၀/၉၁)ကို ပြန်လည် ကိုးကားပြီးတော့ ဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ထားကြောင်း တွေ့ရှိရပါတယ်။ ပြီးတော့ ကျွန်တော်တို့ ပုဒ်မ ၈၈ (ခ)ပါ၊ နောက် ပုဒ်မ ၈၈ အခန်း (၁၃)ပါ ပြစ်မှု တစ်ရပ်ဆိုတာမှာလည်း အခန်း(၁၃)ကတော့ ရွေးကောက်ပွဲ ကုန်ကျစရိတ်များနှင့် ပတ်သက်တဲ့ ပြစ်မှုမျိုးပဲဖြစ်ပါတယ်။ ဒီပြစ်မှုမျိုးနဲ့ ဖြစ်သွားလို့ရှိရင် ပုဒ်မ ၈၈ (ခ)က လွှတ်တော်သက်တမ်းနှင့် နောင်လာမည့် လွှတ်တော် သက်တမ်းတစ်ခုအတွက်ကျင်းပမည့် ရွေးကောက်ပွဲ (၁၀) နှစ်ပေါ့ဗျာ။ အဲဒါကို ယှဥ် ပြိုင်မှု မရှိစေရပြစ်ဒဏ် ဖြစ်ပါတယ်။ နောက်ပုဒ်မ ၈၈(ဂ)ကတော့ ကျွန်တော်တို့ ရွေးကောက်ပွဲကို ပစ်ပယ်ကြော င်း ပုဒ်မ ၇၄ ပုဒ်မခွဲ(ခ)အရ ပြစ်ဒဏ်ဟာဆိုလို့ ရှိရင် လက်ရှိ လွှတ်တော်သက်တမ်း တစ်ခုကိုပဲ ပြစ်ဒဏ်ချမှတ်ထား ကြောင်း တွေ့ရှိ ရပါတယ်။ ဒါဟာလည်း ကျွန်တော်တို့ န.ဝ.တ ရဲ့ ဥပဒေပုဒ်မ (၁၀/၉၁)နှင့် အညီ ပြန်လည်ရေးဆွဲထားကြောင်း စစ်ဆေး တွေ့ရှိရပါတယ်ခင်ဗျား။ ဒီအတွက်ကြောင့် ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကို ပြင်ဆင်ပြီးတော့ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေဟာ အားလုံးပိုမို ကောင်းမွန်အောင် ပြုပြင်ထားကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ဒီအတွက် ကြောင့် ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီရဲ့ ထောက်ခံချက်ကတော့ ကျွန်တော်တို့ ဒီဥပဒေကြမ်းကို ကျွန်တော်တို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်နဲ့လည်း အသေးစိတ်ညှိနှိုင်း ပြင်ဆင်ပြီး ဖြစ်ပါသဖြင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှ အတည်ပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံ တင်ပြအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် အမျိုးသား လွှတ်တော်၏ သဘောထားရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က တိုင်းဒေသကြီး လွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း အား ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၀။**

**ဦးမြင့်နိုင်(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား ။ ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်ကြီးက စဉ်းစားဆွေးနွေးနိုင်ရန်အတွက် အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ် တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန်ဖြစ်သည်။ ဒီအဆိုကို သဘောတူရင် တူတယ်လို့ ပြောပါ။ အဆိုကို သဘောမတူရင် မတူဘူးလို့ပြောကြပါ။ အဆိုကို သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။]

အဆိုကို သဘောမတူတဲ့သူရှိပါသလား ခင်ဗျား။

(သဘောမတူသူ မရှိပါ ။)

အဆိုကို သဘောမတူတဲ့ သူမရှိတဲ့ အတွက် အဆို အတည်ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ အသေးစိတ် တင်ပြဆွေးနွေးသွားပြီး ဖြစ်တဲ့အတွက် ပုဒ်မတစ်ခုချင်းစီ ဆောင်ရွက်ရန် မလိုတော့ပါ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် (၁)နှင့် (၂) တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဒီအဆိုကို သဘောတူရင် တူတယ်လို့ ပြောပါ။ သဘောမတူရင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ )

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည် ဖြစ်သည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြု ရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈ ၊ နည်းဥပဒေခွဲ (က)အရ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် က အတည်ပြုပေးဖို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်က အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဦးမြင့်နိုင်၊ (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင် ဆင်သည့် ဥပဒေကြမ်းအား ဤအမျိုးသား လွှတ်တော်ကြီးက အတည်ပြုပေးပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဒေါ်နော်မေရီယန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်၊ ကျွန်မကတော့ ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နော်မေးရီယန် ဖြစ်ပါ

တယ်။ ကော်မရှင်ကအဆိုပြုသော ဥပဒေကြမ်းကို အတည်ပြုရန် ကျွန်မက ထောက်ခံပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအားအတည်ပြုရန် အမျိုးသားလွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁ း၃၄။**

**ဥက္ကဋ္ဌ။** ။ ယခုအဆိုမှာ တိုင်းဒေသကြီး လွှတ်တော်သို့မဟုတ် ပြည်နယ် လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန်ဖြစ်ပြီး ဒီအဆိုကို လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

(သဘောမတူသူမရှိပါ။)

သဘောမတူသူမရှိတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပ ဒေကြမ်းအား အတည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

**အချိန်၊၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ ယခုလွှတ်တော်အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် (၁) နာရီ အချိန်မှာ ပြန်လည်ကျင်းပမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၃၆ နာရီ အချိန်တွင် ခေတ္တရပ်နားပြီး နေ့လယ် ၁၃း၀၀ နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည် ။]

**အခမ်းအနားမှူး** ။အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ဦးဉာဏ်လင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)က အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်ကဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၅၄၊ နည်းဥပဒေခွဲ (က)အရအမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ကဆွေးနွေးစဉ်းစားရန်အဆိုကို ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဉာဏ်လင်းက အမျိုးသားလွှတ်တော်သို့ တင်သွင်း ဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၃ း၀၀။**

**ဦးဉာဏ်လင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ၊ ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်ရတဲ့ ဥပဒေမူကြမ်းတင်သွင်းရခြင်း ရည်ရွယ်ချက်ကတော့ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို လွှတ်တော် အသီးသီးပေါ်ပေါက်လာသည့်အခါတွင် ဆောင်ရွက်ရန်ရှိသော လုပ်ငန်း များကို ဆောင်ရွက်နိုင်ရန် လည်းကောင်း၊ ကြိုတင်ဆောင်ရွက်ရ မည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လည်းကောင်း၊ ပြဋ္ဌာန်းရန်လိုအပ်လာ၍အမျိုးသားလွှတ်တော်ခေါ်ယူကျင်းပရာတွင်

လွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို အဆင်ပြေချောမွေ့ စွာ အကောင်အထည် ဖော် ဆောင် ရွက်နိုင်ရန် အလို့ငှာ နိုင်ငံတော်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၄၃ နှင့်အညီ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ ယခုအခါ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမအစည်းအဝေး ခေါ်ယူ ကျင်းပခဲ့ပြီး လွှတ်တော်ရဲ့လုပ်ငန်းရပ်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမို အဆင်ပြေ ချောမွေ့စေရေးအတွက် ပြင်ဆင်ရေးသားရခြင်းဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃ း၀၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဉာဏ်လင်းက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥ ပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးပေးရန် အဆိုတင်သွင်းခြင်းကို ကျွန်တော်ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ထောက်ခံအပ်ပါတယ်ခင်ဗျား။

## ဦးဉာဏ်လင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၃း၀၂။**

**ဥက္ကဋ္ဌ။** ။ ဦးဉာဏ်လင်းက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဖတ်ကြားတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်လင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် (-------/၂၀၁၁)၊ ၁၃၇၃ ခုနှစ် ------ လ ------ရက် ၂၀၁၁ခုနှစ်၊ ------- လ ------ ရက်၊ ပြည်ထောင်စုလွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ (၁)ဤဥပဒေကို အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို

ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည် ။ (၂) အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (င)၏ အောက်တွင် ပုဒ်မခွဲ (စ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်။ (စ)လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည်လွှတ်တော်တံခါးပိတ်အစည်းအဝေးများနှင့် ကော်မတီ အစည်းအဝေး များတွင် ဆွေးနွေးသည့် အကြောင်းကိစ္စများ၊ နိုင်ငံတော်၏ လျှို့ဝှက်ချက်များ၊ လွှတ်တော် မှတ်တမ်းမှ ပယ်ဖျက် ထုတ်ပယ်ထားသော အကြောင်းကိစ္စရပ်များမှအပ လွှတ်တော်တွင် သော် လည်းကောင်း၊ လွှတ်တော်အဖွဲ့အစည်းများအတွင်းတွင်သော်လည်းကောင်း ဆွေးနွေးဆောင်ရွက် ချက်များကို မိမိအား တင်မြှောက်လိုက်သော မဲဆန္ဒနယ်ရှိ ပြည်သူများအား ပြန်လည်အစီရင်ခံ ခွင့်ရှိခြင်း။(၃) အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၇ တွင် ပါရှိသော ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်း ခံရပါက ဆိုသည့်စကား ရပ်ကို ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယ ဥက္ကဋ္ဌသည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့်ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့မှအပ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်း ခံရပါက ဆိုသည့် စကား ရပ်ဖြင့် အစားထိုးရမည်။(၄) အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၆ အား အောက်ပါအတိုင်းအစားထိုးရမည် ။

ပုဒ်မ ၄၆ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့်ပြည်ထောင်စုအဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စား ပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော် မတီနှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ ရေး တို့ကို ထိခိုက်ခြင်း၊ အခြားဘာသာ၊ သာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း ၊ နိုင်ငံတော် ၏ လုံခြုံရေးနှင့် လျှို့ဝှက်ချက်တို့ကို တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့် စပ်လျဉ်း၍ မေးမြန်းခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည့် ဆွေးနွေး ပြောဆိုခြင်းမှအပ လွတ်လပ် စွာ ပြောဆိုခွင့်ရှိ သည်။ ထိုသို့လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့်အဖွဲ့တို့တွင် တင်ပြဆွေးနွေးခြင်း၊မေးခွန်းများမေးမြန်းခြင်း၊ဖြေကြားခြင်း

တို့နှင့်စပ်လျဉ်း၍ ယင်း အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ ဤဥပဒေမှ အပအခြား ဥပဒေအရ အရေးယူခြင်းမပြုရ။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အမျိုးသားလွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၅.၉.၂၀၁၁ ရက်နေ့ (တနင်္လာနေ့)ထက်နောက်မကျစေဘဲ အမျိုးလွှတ်တော်ဌာန၊ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်းတင်သွင်းနိုင်ပါတယ်။ တင်သွင်းထားတဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီရဲ့ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန် နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန်နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)၏ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စီမံခန့်ခွဲသောဥပဒေများမှ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းသင့်သော (က)The Myanmar Company Act (ခ) The Partnership Act (ဂ) နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း တင်သွင်းသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ စီမံခန့်ခွဲသောဥပဒေများမှ ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းသင့်သော (က) The Myanmar Company Act (ခ)The Partnership Act (ဂ)နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ် ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။ ဒီလိုဆန္ဒရယူရာမှာ ယခုသဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ် များဟာ မိမိတို့နေရာများတွင် မတ်တတ် ရပ်ပြဖို့ ဖြစ်ပါတယ်။ ထိုင်နိုင်ပါပြီ။ မတ်တတ် ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ (၄၀)ဦးနဲ့ အထက် ရှိတဲ့အတွက် ဦးသိန်း ဝင်းရဲ့အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)၏ အဖွဲ့အစည်း(၉)ရပ်၊ ဝန်ကြီးဌာန (၁၅)ခုက စီမံခန့်ခွဲလျှက်ရှိသော တည်ဆဲဥပဒေများမှ ဖျက်သိမ်း၊ ပြင်ဆင်၊ အသစ်ရေးဆွဲသင့်သည့် ဥပဒေများကို ပြန်လည်စိစစ်ပြီး အရေးယူဆောင်ရွက်သွားရန်ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၃ း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်းတင်သွင်းထားသည့် အဖွဲ့အစည်း (၉)ရပ်၊ ဝန်ကြီးဌာန(၁၅)ခု က စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေများမှ ဖျက်သိမ်း ၊ ပြင်ဆင်၊ အသစ်ရေးဆွဲသင့်သည့် ဥပဒေများကို ပြန်လည်စိစစ်ပြီး အရေးယူဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၉။**

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တည်ဆဲဥပဒေတွေနဲ့ ပတ်သက်ပြီးတော့ ဘယ်ဟာက ပြင်ဆင်သင့်တယ်။ ဘယ်ဟာက ဖျက်သိမ်းသင့်တယ်။ ကျင့်သုံးသင့်တဲ့ ဥပဒေတွေဟာ ဘယ်လိုရှိသလဲဆိုတာကို ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ စဉ်းစားခဲ့ပါတယ်။ စဉ်းစားတဲ့အခါမှာ အဖွဲ့အစည်းနဲ့ ဝန်ကြီးဌာန (၂၃)ခုရဲ့ တည်ဆဲဥပဒေ (၂၇၇) ခုကို လေ့လာစိစစ်ခဲ့ပါတယ်။ အဲဒီလိုလေ့လာ ရာမှာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း တင်ပြသွားတဲ့အတိုင်း ဖျက်သိမ်းသင့်တယ်လို့ ကျွန်တော်တို့ ယူဆတဲ့ ဥပဒေဟာ (၅၁)ခု၊ ပြင်ဆင်ဖြည့်စွက်ပြီးတော့ သုံးသင့်တဲ့ဥပဒေဟာ (၁၁၁)ခု၊ ဆက်လက်ကျင့်သုံးနိုင်တဲ့ ဥပဒေဟာ(၁၁၅)ခုဆိုပြီးတော့ခွဲခြားပြီးတော့ ကျွန်တော်တို့ တွေ့ရှိတာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ယဉ်ကျေးမှု ဝန်ကြီးဌာနရဲ့ ဥပဒေ (၅)ခု၊ ပြန်ကြားရေး ဝန်ကြီးဌာနရဲ့ ဥပဒေ (၅)ခု၊

အလုပ်သမားဝန်ကြီးဌာနရဲ့ ဥပ ဒေ(၁၈)ခု၊ စုစုပေါင်း (၂၈)ခုကို ကျွန်တော်လေ့လာခဲ့ပါတယ်။ အဲဒီလိုလေ့လာတဲ့အခါမှာ ဖျက်သိမ်းသင့် တဲ့ ဥပဒေအနေနဲ့ကတော့ ယဉ်ကျေးမှု ဝန်ကြီးဌာနမှာ Treasure Trove Act လို့ ခေါ်တဲ့ ဒီရတနာသိုက်ဥပဒေပါ ။ ဒါဟာ ၁၈၇၈ ခုနှစ်၊ ကတည်းက ပြဋ္ဌာန်းထားတဲ့ ဥပဒေ ဖြစ်ပါတယ်။ အသုံးပြုမှုလည်း နည်းပါတယ်။ ဒီဥပဒေဟာ ဖျက်သိမ်း သင့်တယ်ဆိုပြီးတော့ ကျွန်တော်တို့ သဘောထားရရှိပါတယ်။ နောက်တစ်ခုကတော့၁၉၃၁ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ပြန်ကြားရေး ဝန်ကြီးဌာနရဲ့ The Press Emergency Power ဆိုတဲ့ ဥပဒေဖြစ်ပါ တယ်။ ဒါကလည်း ၁၉၃၁ ခုနှစ်ကတည်းက ပြဋ္ဌာန်းထား ပြီးတော့ ယခုအချိန်အခါမှာ ဥပဒေ အသစ်တွေလည်း ပြန်ထွက်နေပြီးဖြစ်တဲ့အတွက် ဒီဥပဒေဟာလည်း ဖျက်သိမ်းလို့ရတဲ့ ဥပဒေလို့ ကျွန်တော်တို့ သဘောထားရရှိခဲ့ပါတယ်။ ဆက်လက်ပြီးတော့ သုံးနိုင်တဲ့ဥပဒေများ အနေနဲ့ ပြန်ကြည့်တဲ့အခါမှာ ပြန်ကြားရေးဝန်ကြီးဌာနမှာ ဥပဒေ(၄)ခု ရှိပါတယ်။ အလုပ်သမားဝန်ကြီးဌာန မှာ(၃)ခုရှိပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာနမှာ(၅)ခုရှိပါတယ်။ ဆက်လက်သုံးနိုင်တဲ့ ဥပဒေ (၁၂)ခု ဆိုပြီးတော့ ဒီဝန်ကြီးဌာန(၃)ခုနဲ့ ပတ်သက်လို့ ကျွန်တော်တို့ သဘောထားရရှိခဲ့ပါတယ်။ ပြင်ဆင်ဖြည့်စွက် သင့်တဲ့ ဥပဒေတွေအနေနဲ့ကတော့ (၁၅)ခု ရှိပါတယ်။ အဲဒီမှာ ကျွ န်တော်တို့ အလုပ်သမားဝန်ကြီးဌာနရဲ့ ဥပဒေဟာ အများစု ဖြစ်ပါတယ်။ အဲဒီတော့ အလုပ်သမား ဝန်ကြီး ဌာန ဥပဒေမှာ ကျွန်တော်တို့ Trade Union Act ၊ ၁၉၂၆ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ဒီအလုပ်သမား သမဂ္ဂ ဥပဒေ ဆိုလို့ရှိရင် ကျွန်တော်တို့က ဖျက် ဖို့အတွက် စာရင်း ကျွန်တော်တို့ ပြုထားပါတယ်။ သို့သော်လည်းပဲ အခုဆိုလို့ရှိရင် အလုပ်သမားအစည်းအရုံး ဥပဒေကို ကျွန်တော်တို့ အဖွဲ့အစည်း ဥပဒေကိုတင်လာပြီဖြစ်ပါတယ်။ အဲဒီတင်လာတဲ့ ဥပဒေမှာကိုပဲ Trade Union Actကိုပဲ ရုပ်သိမ်းဖို့ ဆိုပြီးတော့ သူတို့ တင်ပြလာပြီ ဖြစ်ပါတယ်။ အဲဒီနေရာမှာ အလုပ်သမား ဥပဒေကို ကျွန်တော်တို့ လေ့လာတဲ့အခါမှာ ၁၉၆၄ ခု၊ ပြည်သူ့အလုပ်သမားများရဲ့ အခြေခံရပိုင်ခွင့်နဲ့ တာဝန်များဥပဒေ၊ ဒါဟာ အလုပ်သမားဝန်ကြီးဌာနအတွက် အဓိက အလုပ်သမား ဥပဒေတွေနဲ့ ပတ်သက်ပြီးတော့ ဆိုလို့ရှိရင် အဓိက ဥပဒေ အခြေခံဥပဒေ တစ်ခုအနေနဲ့ သွားပြီး တွေ့ရပါတယ်။ အဲဒီတော့ ယနေ့ အထိ ဒီ ၁၉၆၄ ခု ပြည်သူ့အလုပ်သမားများရဲ့ အခြေခံရပိုင်ခွင့်နဲ့ တာဝန်များ ဥပဒေကို ပြင်ဆင် နိုင်ခြင်း မရှိသေးပါဘူး။ ပြင်ဆင်ဖို့အတွက် သူ တို့ညှိနှိုင်းနေဆဲပဲ ဖြစ်ပါတယ်။ အဲဒီတော့ သူရဲ့ အကိုင်းအခက်တွေဖြစ်တဲ့ ကျန်တဲ့ဥပဒေတွေကိုသာလျှင် အခုလိုက်ပြီးတော့ပြီးတော့ အလုပ်သမား ဝန်ကြီးဌာနဟာ ပြင်နေတယ်ဆိုတဲ့ အနေအထားဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့

ဥပဒေကြမ်းကော်မတီအနေနဲ့ လေ့လာတဲ့အခါမှာ ကျွန်တော်တို့ဟာ ဥပဒေရေးရာနဲ့ ပတ်သက်လို့ ကျွမ်းကျင်တဲ့ သူတွေမဟုတ်ဘဲနဲ့ ယေဘုယျသဘောသာ လေ့လာရတာဖြစ်တဲ့အတွက် အခု ကျွန်တော်တို့ အဆိုရှင်ဖြစ်တဲ့ ဦးမြင့်ထွန်း တင်သွားတဲ့အတိုင်းပဲ ကျွန်တော်တို့ ဥပဒေကြမ်းရဲ့ ကော်မတီရဲ့ တွေ့ရှိချက်ဟာ ယေဘု ယျသဘောထား တွေ့ရှိချက်ဖြစ်တဲ့အတွက် ကျွန်တော်တို့က ဖျက်သိမ်းသင့်တယ်။ ပြင်ဆင်သင့်တယ်။ ဆက်လက်သုံးစွဲသင့်တဲ့ ဥပဒေတွေကိုတော့ ကျွန်တော်တို့ ဒီလိုရှာဖွေတွေ့ရှိထားပါတယ်။ ဒါကိုတော့ ဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေက နေပြီးတော့ ဆက်လက်လေ့လာပြီးတော့ အရေးယူဆောင်ရွက်သွားဖို့ သင့်ပါတယ်ဆိုတဲ့အဆိုကို ကျွန်တော်တို့ တင်ခြင်းဖြစ်ပါတယ်။ ဒီအဆိုကို ကျွန်တော်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ်၊မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဆွန်ဒုတ်ကျင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၄။**

**ဦးဆွန်ဒုတ်ကျင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့တော့ ဦးမြင့်ထွန်း အဆိုပြုတဲ့ ဥပဒေပေါင်း(၂၇၇)ခုမှာ ကျွန်တော်တို့ အဖွဲ့ (၄)ဖွဲ့ ဖွဲ့ပြီးတော့မှ ကျွန်တော်ပါဝင်သော အဖွဲ့ကနေပြီးတော့မှ ကျွန်တော်တို့ ပြည်ထဲရေး ဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ၊ သာသနာရေးဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများနဲ့ ကျွန်တော်တို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများကို ကျွန်တော်တို့ လေ့လာစိစစ်ခဲ့ပါတယ်။ အဲဒီလိုလေ့လာစိစစ်ခဲ့တဲ့နေရာမှာ ကျွန်တော်တို့ ဥပဒေ ပေါင်း (၈၂)ခုမှာ ဆက်လက်ကျင့်သုံးသင့်တဲ့ ဥပဒေပေါင်းက (၃၃)ခု ဖြစ်ပြီးတော့မှ ပြင်ဆင်ဖြည့်စွက်သင့်တဲ့ ဥပဒေ ပေါင်းက (၄၅)ခု၊ ဖျက်သိမ်း သင့်တဲ့ ဥပဒေပေါင်း (၄)ခုရှိကြောင်း ကျွန်တော်တို့ စိစစ်တွေ့ရှိရပါ တယ်။ အဲဒီလိုစိစစ်တွေ့ရှိတဲ့နေရာမှာ ခုန ဦးဇော်မြင့်ဖေ တင်ပြတဲ့အတိုင်း ကျွန်တော်တို့ ဉာဏ်မီ သလောက် စိစစ်သုံးသပ်ခြင်းသာ ဖြစ်ပါတယ်။ သက်ဆိုင်ရာဌာန၊ နားလည်တတ်ကျွမ်းတဲ့ တတ်သိ ပညာရှင်များနဲ့ ထပ်မံလေ့လာ ပြီးတော့မှ ဒါအတည်ပြုဆုံးဖြတ်သင့်တယ်လို့လည်း ကျွန်တော်တို့ ယူဆပါတယ်။ အဓိကကတော့ ကျွန်တော်တို့ ဒီဥပဒေများကို လေ့လာစိစစ်တဲ့နေရာမှာ များသော

အားဖြင့် လွတ်လပ်ရေး မတိုင်ခင်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများဟာ အားလုံးဟာ မြန်မာလိုမဟုတ်ဘဲနဲ့ အင်္ဂလိပ်လို ရေးထားတာ ကို ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ Law ဆောင်ပုဒ်အနေနဲ့ ဥပဒေဆောင်ပုဒ်အနေနဲ့တော့ Ignorance of Law is no Excuse လို့ ဆိုထားပါတယ်။ မြန်မာလိုကတော့ ဥပဒေကို မသိနားမလည်လို့ ပြစ်မှုကျူးလွန်မိတာဖြစ်ပြီးတော့မှ ကင်းလွတ်ခွင့်မရှိပါလို့ ဆိုထားပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေတွေကို ယနေ့အများပြည်သူလူထု အတွက် လိုအပ်တဲ့ဥပဒေများ အထူးသဖြင့်အများအသုံးပြုတဲ့ ဥပဒေများကိုသာ မြန်မာလို ဘာသာပြန် ပြီးတော့မှ အများပြည်သူလူထုသိရှိနားလည်အောင် ပြန်ပြီးတော့မှ သတင်းစာမှာဖြစ်စေ၊ စာစောင် တွေမှာဖြစ်စေ (၁)ရက်၊ (၂)ရက်အစရှိသဖြင့် ဆက်တိုက်ကြော်ငြာပေးမယ်ဆိုရင် ဒီဥပဒေကို လူထု ကနေပြီးတော့မှ သိရှိနားလည်အောင် ပြန်ပြီးတော့မှ လိုက်နာကျင့်သုံးတဲ့နေရာမှာလည်း ပိုပြီးတော့မှ ထိရောက်မယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ ဥပဒေဟာ ပြည်သူလူထု အများ ပြည်သူအနေနဲ့ မလိုက်နာတာ မဟုတ်ဘဲနဲ့ မသိနားမလည်လို့ သဘောရိုးနဲ့ မှားယွင်းတဲ့ ဟာတွေ အများကြီးရှိပါတယ်။ ဥပမာအားဖြင့် The Town Act တို့ The Village Act တို့ နားမလည်ဘဲနဲ့ ဒီရှောင်တခင် စစ်ဆေးတဲ့နေရာမှာ မဖြစ်သင့်ဘဲ ဖြစ်ခဲ့တဲ့ဟာ အများပြည်သူက နေပြီးတော့မှ မခံစားသင့်တဲ့ ခံစားရတဲ့ဟာတွေကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ဒါ့ကြောင့်မို့လို့ အများပြည်သူနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ အထူးသဖြင့် ဒီ The Town Act မြို့ပြဥပဒေ၊ The Village Act (1907) ကျွန်တော်တို့ ကျေးရွာဥပဒေ၊ The Public Property Protection Act ဆိုတဲ့ ပြည်သူပိုင်ပစ္စည်းနဲ့ သက်ဆိုင်တဲ့ဥပဒေ၊ နောက် The Unlawful Associations Act ကျွန်တော်တို့ ဒီမတရား အသင်းတစ်ခု အထူးသဖြင့် မတရားအသင်းတစ်ခု တွေဟာလည်းပဲ ၁၉၀၈ ခုနှစ်မှာ ပြဋ္ဌာန်းထားတဲ့ဟာ ဖြစ်ပါတယ်။ ဒီနေ့ ဒီအချိန်အခါမှာ မတရား အသင်းအဖြစ် ကြေညာထားတဲ့အသင်း တွေ ရှိသလို ပြန်လည်ပယ်ဖျက်တဲ့ အသင်းတွေ လည်း ရှိပါတယ်။ ဒါကြောင့်မို့လို့သက်ဆိုင်ရာဌာနကြီးဌာနအဲဒီကိစ္စများမှာလည်းပဲ ပယ်ဖျက်သင့်တဲ့ဟာတွေ ပြန်လည်ပယ်ဖျက်ပြီးတော့မှ ထည့်သွင်းသင့်တဲ့ဟာတွေကို ထည့်သွင်းပြီးတော့မှ အများပြည်သူ သိရှိနားလည်အောင် အထူးသဖြင့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်းပဲ ဒါတွေ နားလည် သင့်တယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ဒါကြောင့်မို့လို့ဒါတွေလည်းပဲ အသစ်ပြန်လည် ရေးဆွဲပြီး တော့မှ ဒီမြန်မာလို နဲ့ ရေးဆွဲသင့်တယ်။ ပြဋ္ဌာန်းသင့်တယ်လို့ ကျွန်တော်တို့ လေ့လာသုံးသပ် ကြပါတယ်။ အထူးသဖြင့် ဝန်ထမ်းများနဲ့သက်ဆိုင်တဲ့ The Myanmar Official Secrets Actဒါကို

လည်းပဲ ဒီအများပြည်သူများအနေနဲ့သော်လည်းကောင်းဒီဝန်ထမ်းများအနေနဲ့သော်လည်းကောင်း၊ အားလုံးသိရှိသင့်တဲ့ ဥပဒေ ဖြစ်ပါတယ်။ ဒါပေမယ့် ဝန်ထမ်းပိုင်းဆိုင်ရာမှာလည်းပဲ သိရှိနားလည်မှု အားနည်းနေပါတယ်။ ဘာကြောင့်လည်းဆိုတော့ အင်္ဂလိပ်လို ပြဋ္ဌာန်းတဲ့အတွက်ကြောင့် ဖတ်ရှုဖို့ နားလည်ဖို့ အားနည်းနေပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေကို အများသိရှိနားလည်အောင် ဥပဒေ ဘာသာဖြင့် ပြန်ပြီးတော့မှ မြန်မာဘာသာဖြင့် ပြဋ္ဌာန်းသင့်တယ်ဆိုတာ ကျွန်တော်တို့ တင်ပြလို ပါတယ်။

နောက်တစ်ချို့ဥပဒေကျတော့ ဒုတိယအချက်အနေနဲ့ ကျွန်တော်တင်ပြလိုတာကတော့ တစ်ချို့ဥပဒေတွေက တစ်စုတစ်စည်းတည်းနဲ့ မရှိဘဲနဲ့ ပြန့်ကြဲပြီးတော့မှ ရှုပ်ထွေးနေတာကို တွေ့ရှိရပါတယ်။ ဥပမာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်အောက်မှာ စီမံခန့်ခွဲနေတဲ့ ဥပဒေများ ဟာ(၇)ခုလောက်ရှိပြီးတော့မှ အဲဒီထဲမှာ တစ် စုတစ်စည်းတည်းနဲ့ ဥပဒေတစ်ခုတည်းနဲ့ ပြဋ္ဌာန်းမယ်ဆိုရင် အများပြည်သူအတွက်လည်း ကောင်းမယ်။ ဝန်ကြီးဌာန အနေနဲ့လည်း ကိုင်တွယ်တဲ့နေရာမှာ ပိုမိုပြီးတော့မှ လွယ်ကူရှင်းလင်းမယ်လို့ ကျွန်တော်တို့ ယူဆသုံးသပ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီသက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့လည်းပဲ ဥပဒေတစ်ခုတည်းနဲ့ ပြဋ္ဌာန်းနိုင်ဖို့ ပြင်ဆင်ဆောင်ရွက်နေတယ် ဆိုတာလည်းပဲ ကျွန်တော်တို့ သိရှိရပါတယ်။

နောက် တတိယအချက်အနေနဲ့ ကျွန်တော်တင်ဖြလိုတာကတော့ ပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့မှ စီမံခန့်ခွဲနေတဲ့ လက်နက်အရေးပေါ် ပြစ်ဒဏ်စီရင်မှု အက်ဥပဒေ ၊ နောက် ၁၉၇၈ ခုနှစ်၊ လက်နက်ဥပဒေ၊ နောက် ယာယီပြဋ္ဌာန်းတဲ့ ၁၉၅၁ ခုနှစ်၊ အက်ဥပဒေတို့ကို (၃)ခု ကျစ်ကျစ်လစ်လစ်နဲ့ ခိုင်ခိုင်မာမာဖြစ်အောင် ဥပဒေတစ်ခုတည်းနဲ့ ပြဋ္ဌာန်းမယ်ဆိုရင်တော့ ဖတ်ရှုလေ့လာတဲ့နေရာမှာ အသုံးပြုတဲ့နေရာမှာလည်း ထိရောက်မယ်လို့ ကျွန်တော်တင်ပြ လိုပါတယ်။ တတိယအချက်အနေနဲ့တော့ ဒီကျွန်တော်တို့ ဒီဥပဒေတော်လှန်ရေးကောင်စီခေတ်အထိ ပြဋ္ဌာန်းတဲ့ ဥပဒေတွေမှာ ပြစ်မှုနဲ့ ပြစ်ဒဏ် ပြဋ္ဌာန်းတဲ့နေရာမှာ ဒဏ်ငွေတွေက အင်မတန်နည်းလွန်းပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေခေတ်နှင့်အညီ ပြန်လည်ရေးဆွဲပြီးတော့မှ ပြစ်မှုနဲ့ ပြစ်ဒဏ်လျော်ညီအောင် ဒဏ်ငွေကို တိုးမြှင့်သတ်မှတ်သင့်ပါတယ်ဆိုတာလည်းပဲ ကျွန်တော် ဆွေးနွေး လိုပါတယ်။ နောက် ပယ်ဖျက်သင့်တဲ့ဥပဒေထဲမှာတော့နိုင်ငံတော်ကိုတည်ငြိမ်အေးချမ်းစွာစနစ်တကျလွှဲပြောင်းပေးရေးနဲ့ အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင် စွာ ဆောင်ရွက်နိုင်ရေးအတွက် နှောင့်ယှက် ဖျက်ဆီး

ဆန့်ကျင် ခြင်းမှ ကာကွယ်ခြင်းဟူသည့် ၁၉၉၆ ခုနှစ်၊ ဥပဒေကိုတော့ ဒီအချိန်မှာ အမျိုးသား ညီလာခံကို ပြီးစီးပြီလည်းဖြစ်တဲ့အပြင် အစိုးရကိုလည်း ဖွဲ့စည်းပြီးဖြစ်လို့ ဒီဥပဒေကို ဖျက်သိမ်း သင့်ပါတယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။နောက်ကျန်တဲ့ကျွန်တော်တို့ စိစစ်တဲ့အထဲမှာ ဥပဒေ(၄) ခု ပယ်ဖျက်သင့်တဲ့အထဲမှာ ဏကဥပဒေ(၄)ခုကိုတော့(၃)ခုကိုတော့ ကျွန်တော်တို့ အသစ်ပြန်လည် ရေးဆွဲပြီးတော့မှ စုပေါင်းပြဋ္ဌာန်းပြီးမှ(၃)ခုကိုတော့ ပယ်ဖျက်သင့်ပါတယ်ဆိုတာ ကျွန်တော် တင်ပြ လိုပါတယ်။ နိဂုံးချုပ်အနေနဲ့အဲဒီလို အားနည်းချက်များရှိနေတဲ့အတွက်ကြောင့် အဆိုရှင်ဖြစ်တဲ့ ဦးမြင့်ထွန်း၊ တင်ပြသလို ဒီဥပဒေ များကို သက်ဆိုင်ရာ ပညာရှင်များနဲ့ အသေးစိတ် ပြန်လည် လေ့လာပြီးတော့မှ ဒီနိုင်ငံတော်အစိုးရ ကနေပြီးတော့မှ ဆက်လက်ပြီး ဆောင်ရွက်သင့်ပါတယ်ဆိုတဲ့ အဆိုကို လေးလေး နက်နက် ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၂၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၁။**

**ဦးသန်းမြင့် တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရ ဝပြုပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတို င်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ဥပဒေကြမ်းရေးရာ ကော်မတီဝင် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော်တင်ပြမှာကတော့ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က ဦးမြင့်ထွန်း တင်သွင်းသွားတဲ့ အဖွဲ့အစည်း(၉)ရပ်၊ ဝန်ကြီးဌာန (၁၅)ခုက စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေများမှ ဖျက်သိမ်း၊ ပြင်ဆင်၊ အသစ်ရေးဆွဲသင့်သည့် ဥပဒေများကို ပြန်လည်စိစစ်ပြီး အရေးယူဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို ထောက်ခံကြောင်း အားဖြည့်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ထောက်ခံဆွေးနွေးတင်ပြချက်ကို ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးသန်းမြင့် တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းရေးရာ ကော်မတီမှာမနေ့က ဦးမြင့်ထွန်း တင်သွင်းသွားတဲ့ အဖွဲ့အစည်း(၉)ခု ဝန်ကြီးဌာန (၁၅)ခုက စီမံခန့်ခွဲလျက်ရှိတဲ့ တည်ဆဲဥပဒေ (၂၇၇)ခုကို စိစစ်ဖို့အတွက် ကျွန်တော်တို့ အဖွဲ့ငယ် (၄)ခုကို ဖွဲ့စည်းပြီးတော့ ဆောင်ရွက်ခဲ့ကြပါတယ်။ ကျွန်တော်ပါဝင်တဲ့အဖွဲ့ကတော့ အစိုးရအဖွဲ့က စီမံခန့်ခွဲသောဥပဒေ(၈)ခု၊ ရှေ့နေချုပ်ရုံးက စီမံခန့်ခွဲသောဥပဒေ(၄)ခု၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်က စီမံခန့်ခွဲသော ဥပဒေ (၇)ခု၊ စာရင်းစစ်ချုပ်ရုံးက စီမံခန့်ခွဲသော ဥပဒေ(၂)ခု၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က စီမံခန့်ခွဲသောဥပဒေ (၂)ခု၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေ(၄)ခု၊ အားကစား ဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေ(၁)ခု၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေ(၅)ခု၊ နိုင်ငံခြား ဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေ(၆)ခု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေ(၆)ခု၊ စုစုပေါင်း (၄၅)ခုတို့ကို ကျွန်တော်တို့ အဖွဲ့ငယ်က စိစစ်ဆောင်ရွက်မှု ပြုလုပ်ခဲ့ပါတယ်။

ကျွန်တော်တို့ အဖွဲ့ငယ်ဟာလည်းပဲ ခုနက တင်ပြသွားသလိုပဲ ကျွမ်းကျင်သူဥပဒေ ပညာရှင်များ မဟုတ်တဲ့အတွက် ကျွန်တော်တို့ ဉာဏ်မီသလောက် အစွမ်းကုန်ကြိုး စားပြီးတော့ စိစစ်ဆောင်ရွက်မှုပြုခဲ့ကြပါတယ်။ စိစစ်တွေ့ရှိချက်နေ ရာမှာ ဆက်လက်ပြီးတော့ ကျင့်သုံးခဲ့တဲ့ ဥပဒေဟာ(၂၇)ခု၊ ပြင်ဆင်ဖြည့်စွက်ပြီးမှ သုံးစွဲသင့်တဲ့ဥပဒေက (၁၂)ခု၊ ပယ်ဖျက်သင့်တဲ့ဥပဒေက (၆)ခုကို စိစစ်တွေ့ရှိရပါတယ်။

အချိန်ကိုလေးစားသောအားဖြင့်ဝန်ကြီးဌာနအလိုက်စီမံခန့်ခွဲတဲ့ ဥပဒေများအစစ်ခုချင်းကို ဖော်ပြမှုမပြုတော့ဘဲ အကျဉ်းချုံးပြီးတော့စိစစ်မှု နမူနာအားဖြင့် စည်ပင်သာယာရေးဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ဥပဒေ(၅)ခုအနက်က ပယ်ဖျက်သင့်တဲ့ဥပဒေ(၂)ခု၊ ပြင်ဆင်ဖြည့်စွက်သင့်တဲ့ ဥပဒေ(၂)ခု၊ ဆက်လက်ကျင့်သုံးဆောင်ရွက်သင့်တဲ့ ဥပဒေ(၁)ခုကို တင်ပြသွားမှာဖြစ်ပါတယ်။

(၁)ကိုယ်ပိုင်ဈေးများကို ဒေသန္တရအဖွဲ့ပိုင် ပြုလုပ်ခြင်း ဥပဒေ၊ ဥပဒေအမှတ်၊ ၅၃/(၁၉၅၄) ခုနှစ် ဥပဒေကို လေ့လာစိစစ်တဲ့ နေရာမှာ ၁၉၅၄ ခုနှစ်၊ ကိုယ်ပိုင်ဈေးများကို ဒေသန္တရအဖွဲ့ပိုင် ပြုလုပ်ခြင်းအက်ဥပဒေ ပုဒ်မ ၄ နှင့် ၅ တွင် နိုင်ငံတော်အစိုးရသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး မည်သည့်ကိုယ်ပိုင်ဈေးကိုမဆို ပိုင်ရှင်ထံမှ သိမ်းယူပြီး စည်ပင်သာယာရေးဈေးအဖြစ် ပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၃၆(က)တွင် ပြဋ္ဌာန်းထားသည့် စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြုလုပ်ရဟူသည့် ပြဋ္ဌာန်းချက်ဖြင့်ဆန့်ကျင်ကွဲလွဲနေပါ၍ ၁၉၅၄ ခုနှစ်၊ ဥပဒေအမှတ် (၅၃)ကို ပယ်ဖျက်သင့်သော ဥပဒေအဖြစ် စိစစ်တွေ့ရှိရပါသည်။

(၂)စည်ပင်သာယာရေးဥပဒေ၊ ဥပဒေအမှတ်၅/၁၉၈၄ခုနှစ်ကို ဆက်လက်ပြီး စိစစ်တဲ့ နေရာမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ်(၅/၁၉၉၃) ဥပဒေဖြင့် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ခေတ်ကာလနှင့်လျော်ညီစွာ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် စည်ပင်သာယာရေးဥပဒေအမှတ်(၅/၁၉၈၄)ကို ခေတ်ကာလနှင့် မကိုက်ညီတော့ပြီဖြစ်၍ ပယ်ဖျက်သင့်သော ဥပဒေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(၃)ကျွဲ၊ နွား၊တိရစ္ဆာန်ကျော်နင်းမှု ဥပဒေအမှတ် (၁၁/၁၉၈၅)ခုနှစ်ကို လေ့လာစိစစ်တဲ့ နေရာမှာ ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဟူသည့် စကားရပ်တွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဟု ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း တွေ့ရှိရပါသည်။ အခန်း(၃) ပုဒ်မ၆၊ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)တွင် တိရစ္ဆာန်အရေအတွက်၊ အမျိုးအမည်၊ အရောင်၊ ပုံသဏ္ဍာန် အခြေအနေဟူသည့် စကားရပ်နေရာတွင် တစ်ကောင်ချင်း၏ ခန့်မှန်းကိုယ်အလေးချိန်နှင့် အရပ်အနိမ့်အမြင့် ပေ၊ အလျားပေအတိုင်းအထွာကိုပါ ထည့်သွင်းရေးသားသင့်ပါတယ်။ ဘာကြောင့်လဲဆိုရင်ဖမ်းဆီးထားတဲ့ ကျွဲ၊ နွား တိရစ္ဆာန်များကို အလဲအလှယ်မပြုလုပ်နိုင်အောင် ကြပ်မတ်ခြင်းဖြစ်ပါတယ်။ ပုဒ်မ ၁၂ တွင် ပုဒ်မ ၁၀ အရ ဖမ်းဆီးသည့် တိရစ္ဆာန်များ၏ ပိုင်ရှင်ထံသို့အမြန်ဆုံး သို့မဟုတ် ဖမ်းဆီးသည့် အချိန်မှ(၂၄)နာရီ အတွင်းအသိပေးအကြောင်းကြားရမည်ဟုလည်းပဲ ထပ်မံဖြည့်စွက်သင့်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

(၄)စည်ပင်သာယာရေးအဖွဲ့များဥပဒေ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥပဒေအမှတ်(၅/၁၉၉၃)ခုနှစ် ဥပဒေကို စိစစ်တဲ့အခါမှာ အခန်း(၂) စည်ပင်သာယာရေးအဖွဲ့

ဖွဲ့စည်းခြင်း ပုဒ်မ ၃တွင် ဝန်ကြီးဌာနသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်နှင့် မန္တလေးမြို့ စည်ပင်သာယာရေးနယ်နိမိတ်တို့မှအပ ဆိုသည့် စာပိုဒ် နေရာတွင် နေပြည်တော် စည်ပင်သာယာရေးနယ်နိမိတ်ကိုပါ ထည့်သွင်းရေးသားသင့်ကြောင်း စိစစ်တွေ့ ရှိရပါသည်။

အခန်း(၉) ကူးတို့လုပ်ငန်း ပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)တွင် ကူးတို့လုပ်င န်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့် ရောင်းချခြင်းဟူ၍ မည်သို့ပင်သတ်မှတ်စေကာမူ ပုဒ်မခွဲ (ဂ)တွင် ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူ သက်သာဘေးကင်းစွာ သွားလာနိုင်ရေး အတွက် အစီအစဉ်များအား ပြုလုပ်စေခြင်းဟူ၍ ပြဋ္ဌာန်းထားသည်ကိုတွေ့ရှိရပါတယ်။ သို့ရာတွင်(၂၅-၁-၁၉၉၅) ရက်စွဲပါ စာအမှတ်၊ ၃၂/၃-၂/နဝတ၏ ညွှန်ကြားစာ။ ဆက်ပြီးတော့ (၃၀-၁-၁၉၉၉) ရက်စွဲပါ စာအမှတ်၁၅၇/၁၂/၂-နတလ/ဝကရ-၅၈ဖြင့် ညွှန်ကြားစာများ မြို့ နယ်စည်ပင်သာယာရေးအဖွဲ့ ပိုင်အခွင့်အရေး လိုင်စင်များဖြစ်သည့် သားသတ်လုပ်ငန်း၊ အသားအရောင်းဆိုင်လုပ်ငန်း၊ ကူးတို့ လုပ်ငန်း၊ အပေါင်ဆိုင်လုပ်ငန်း ပွဲကျဈေးကောက်လုပ်ငန်း ဘီးကောက်လုပ်ငန်းများကို မည်သည့် ပုဂ္ဂိုလ်အသင်းအဖွဲ့ဌာနဆိုင်ရာများကိုမျှ တိုက်ရိုက်ရောင်းချခြင်းမပြုဘဲ ၁၉၉၅-၁၉၉၆ ခုနှစ်မှစ၍ ဈေးပြိုင်လေလံစနစ်ဖြင့်သာရောင်းချရန် ညွှန်ကြားထားချက်များကို စိစစ် တွေ့ရှိရပါတယ်။ ကုန်ပစ္စည်းရောင်းချခြင်းအတွက်ဖြစ်လျှင် ဈေးပြိုင်လေလံစနစ်သည် အသင့်တော်ဆုံးပဲ ဖြစ်ပါ တယ်။ သို့သော်လည်းပဲ အခွင့်အရေးလိုင်စင်များသည် ပစ္စည်းနှင့်မတူပါဘူး။ ပစ္စည်းကဲ့သို့ ဈေးပြိုင် လေလံစနစ်ဖြင့်ရောင်းချခြင်းသည် ငွေကြေးတတ်နိုင်သည့် ငွေရှင်များအကျိုးအတွက် ဖန်တီးထား သည့်စနစ်မျိုးဖြစ်နေသည်ကို စိစစ် တွေ့ရှိရပါတယ်။ ဒါ့အပြင် စည်ပင်သာယာရေးဦးစီးဌာနရဲ့ ၁၄-၁၂-၁၉၉၈ ရက်စွဲပါစာအမှတ် ၂၀/ (ခ)၉/စရခ ၀၄ဖြင့် ညွှန်ကြားချက်အမှတ် ၁/၉၈ ကို ထုတ်ပြန်ပြီး ဘဏ္ဍာ ရေးနှစ် တစ်နှစ်သက်တမ်းတိုး၍ စည်ပင်သာယာရေးအဖွဲ့ပိုင် အခွင့် အရေး လိုင်စင်များကို တိုက်ရိုက်ရောင်းချပေးရမည်ဟု ယခင်နှစ်က လိုင်စင်လေလံဆွဲဝယ်ယူထားသူကိုပင် ရောင်းချပေးရန် ညွှန်ကြားချက်ထုတ်ပြန်ခြင်းသည် ငွေရှင်ကြေးရှင်များအတွက် ထပ်တိုးအကျိုးခံစား ခွင့်ရရှိအောင် ဖန်တီးပေး သကဲ့သို့ ဖြစ်နေသည်ကို စိစစ်တွေ့ရှိရပါသည်။ ထိုသို့ဆောင်ရွက်ခြင်း သည် ဒီမိုကရေစီ အသွင်သဏ္ဌာန်အဖြစ် ကိုက်ညီမှုမရှိသည်ကိုလည်း တွေ့ရှိရပါသည်။ စည်ပင်သာယာရေးဝန်ကြီးဌာနစည်ပင်သာယာရေးဦးစီးဌာန၏၁၀-၁၂-၁၉၉၉ ရက်နေ့ စာအမှတ် ၇/(ခ)၉/စရခ ၀၄ ညွှန်ကြားစာအပိုဒ်(၁)တွင် ယခင်နှစ်၏ အခွင့်အရေးလိုင်စင်လေလံတင်ရောင်းချ သည့် ငွေတန်ဖိုးကို ကြမ်းခင်း ဈေးသတ်မှတ်ပြီး ၎င်းငွေထက် ၅၀ ရာခိုင်နှုန်းတိုးမြှင့်၍ လေလံဆွဲ

ဝယ်ယူခြင်းကို လက်ခံရောင်းချပေးရန် ဆုံးဖြတ်ထားခြင်း များသည် နိုင်ငံတော်အတွက် လိုင်စင် အခွန်အခ တိုးမြှင့်ရရှိ သည်ဟု သာမ န်အားဖြင့် ထင်မြ င်ဖွယ်ရာဖြစ်သော်လည်း အများပြည်သူ အတွက်များစွာထိခိုက် နစ်နာစေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ မလိုလားအပ်ဖွယ် အသီးအရွက်၊ အသား၊ ငါးဈေးကြီးမြင့်သွားရခြင်းသယ်ယူပို့ဆောင်သည့် ကူးတို့ခများ ကြီးမြင့်သွားခြင်းကြီးမြင့်စွာ ပေးဆောင်ရခြင်းစသည့် ခါးသီးမှုများကို ကြုံတွေ့ခံစားကြရပါသည်။ အခွန်အခရေးလိုင်စင်များအခွန် ၅၀ ရာခိုင်နှုန်းအထိတိုးမြှင့်၍ လေလံဆွဲဝယ်ယူခြင်းကို လက်ခံထားသည်ဖြစ်၍ လေလံဆွဲဝယ်ယူ ငွေရှင်ကြေးရှင်က အရင်း ကျေပြန်ရရန်နှင့် အကျိုးအမြတ်ခံစားရသည်အထိ ဈေးကောက်များ ၊ ကူးတို့ခများကိုတိုးမြှင့်၍ ကောက်ခံသွားမည်သာဖြစ်ပါသည်။ စည်ပင်သာယာရေးဝန်ကြီးဌာနက သတ်မှတ်ပေးထားသည့် နှုန်းထားဖြင့်သာ ကောက် ခံရမည်ဟု ပြဋ္ဌာန်းထားသော်လည်း လိုင်စင် ဝယ်ယူသူ ငွေရှင်ကြေးရှင်က ရရှိနိုင်သည့်နည်းကိုအသုံးပြုပြီး တိုးမြှင့်ကောက်ခံသွားမည်သာ ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၃၆ ပုဒ်မခွဲ(ခ)တွင် စီးပွားရေးလုပ်ငန်းများ တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်က ဖြစ်စေ အစုအဖွဲ့ကဖြစ် စေ၊ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာ စေခြင်းမှ တားဆီး ကာကွယ်ရမည်ဟု ပြဋ္ဌာန်း ထားပြီးဖြစ်ပါသည်။အထက်ဖော်ပြပါညွှန်ကြားစာညွှန်ကြားချက်များဖြင့် ထုတ်ပြန်သည့် အခွင့်အရေး လိုင်စင်များသက်တမ်းတိုးပေးခြင်း၊ ကြမ်းခင်းဈေးမှာ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်၍ ဝယ်ယူခြင်းကို လက်ခံရောင်းချပေးခြင်းစနစ် မျိုး ကို ပယ်ဖျက်ပြီး အများပြည်သူ သက်သာမှုရစေရန် ဒေသ အခြေအနေနှင့် ကိုက်ညီသည့်၁၀ ရာခိုင်နှုန်းခန့်သာတိုးမြှင့်ပြီး လက်ရှိဒေသအကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ သို့မဟုတ် ရပ်ကွက်ကျေးရွာ ဒေသအကျိုးပြုဖွံ့ဖြိုးရန် ဆောင်ရွက်နေသည့် ပုဂ္ဂလိကအဖွဲ့အစည်းများ ကိုသာ အခွင့်အရေး လိုင်စင်များ ရောင်းချပေး သင့်ကြောင်း စိစစ်တွေ့ရှိ အကြံပြုလိုပါသည်။ ဆက်ပြီးအခန်း(၁၇) စီမံခန့်ခွဲခြင်းဆိုင်ရာ ပြစ်ဒဏ် ချမှတ်ခြင်းနှင့် အခန်း(၁၈) ပြစ်မှုနှင့်ပြစ်ဒဏ်များအခန်းတွင် ဒဏ်ကြေးငွေအနည်း ဆုံး သတ်မှတ် ထားခြင်းများသည်ရာဇဝတ်မှုသာဖြစ်နေ၍ ခေတ်ကာလနှင့် မဆီလျော်တော့သည်ဖြစ်ခြင်းကြောင့် ကျွန်တော်တင်ပြတဲ့ စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင် သတ်မှတ်သော ဥပဒေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အထက်ပါ ဖော်ပြခဲ့တဲ့အချက် များဟာ စည်ပင်သာယာရေးဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများအပေါ် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက စိစစ်တွေ့ရှိချက် ပြယုဂ်

တစ်ခုပဲဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)က ဦးမြင့်ထွန်း အဆိုတင်သွင်းသွားတဲ့ တည်ဆဲဥပဒေပေါင်း(၂၇၇)ခုကိုလည်း အလားတူပဲ ကျွန်တော်တို့အမျိုးသားလွှတ်တော်ဥပဒေကြမ်း ရေးရာကော်မတီဝင်များ အားလုံး ပါဝင်ပြီး စိစစ် ဆောင်ရွက်ခဲ့တဲ့နေရာမှာ ဆက်လက်ကျင့်သုံး သင့်သော ဥပဒေ ၁၁၅ ခု၊ ပြင်ဆင် ဖြည့်စွက်ပြီးဆောင်ရွက်သင့်တဲ့ ဥပဒေ ၁၁၁ ခု၊ ပယ်ဖျက်သင့်တဲ့ ဥပဒေ ၅၁ ခုကို စိစစ်ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြရင်း ဦးမြင့်ထွန်း တင်ပြသွားတဲ့ အဖွဲ့အစည်း (၉)ရပ် ဝန်ကြီးဌာန(၁၅)ခု စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေများမှ ဖျက်သိမ်း၊ ပြင်ဆင်၊ အသစ် ရေးဆွဲသင့်သည့် ဥပဒေများကို ပြန်လည်စိစစ်ပြီးအရေးယူဆောင်ရွက်သွားရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကိုထောက်ခံတင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၃ း၃၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာမြတ်ဉာဏစိုး ဆွေးနွေးနိုင်ပါ ပြီ။

**အချိန်၊ ၁၃း၃၃။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွကိုယ်စားလှယ်တော်များအားလုံး ဖိတ်ကြား ထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီကနေပြီးတော့ တည်ဆဲဥပဒေများကို စိစစ်တဲ့အခါမှာ ကျွန်တော်ပါဝင်တဲ့ ဥပဒေစိစစ်ရေး အဖွဲ့ငယ်(၄)ဟာ တရားရုံးချုပ်မှ ကျင့်သုံးနေတဲ့ဥပဒေ (၅၂)ခု၊ ပညာရေးဝန်ကြီးဌာနမှစီမံခန့်ခွဲသော ဥပဒေ(၇)ခု၊ ကျန်းမာရေးဝန်ကြီးဌာနကစီမံခန့်ခွဲသောဥပဒေ(၂၀)ခု၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ဥပဒေ (၃)ခု တို့ကို လေ့လာစိစစ်ခဲ့ပါတယ်။ စုစုပေါင်းဥပဒေ(၈၂)ခုရှိတဲ့အထဲမှာမှ အားလုံးကိုတင်ပြနေရမယ်ဆိုရင် အချိန် ကိုင်ငဲ့ညှာသော အားဖြင့် ထူးခြားတဲ့သာဓကလေးတွေကိုပဲ တင်ပြပါမယ်။ ကျွန်တော်တို့ တရားရုံးချုပ်က ကျင့်သုံး နေတဲ့ ဥပဒေ(၅၂)ခုမှာများသောအားဖြင့် ဥပဒေတွေဟာဆိုရင် ကိုလို နီခေတ်ဥပဒေတွေဖြစ်ပါ တယ်။ Common Law လို့ခေါ်တဲ့ ဥပဒေတွေဖြစ်ပြီးတဲ့ အခါကျတော့ ကျွန်တော်တို့ နိုင်ငံက ဖွဲ့စည်းပုံအခြေခံဥပဒေအရ Civil Law System ကို သွားတော့မယ့် အနေအထား ဖြစ်ပါတယ်။

ဒါပေမယ့် ဒီ ဥပဒေတွေထဲမှာ တချို့ဥပဒေတော်တော် များများဟာ ၁၉၀၀ ဝန်းကျင် မြန်မာနိုင်ငံ ကိုလိုနီခေတ်ခေတ်ဦးပိုင်းကတည်းကပြဋ္ဌာန်းခဲ့တဲ့ဥပဒေတွေဖြစ်နေပါတယ်။ ဒီအတွက်ကြောင့်မို့လို့ အိန္ဒိယ Law တွေ အိန္ဒိယပြည်မှာကျင့်သုံးနေရတဲ့ ဥပဒေတွေကို မြန်မာပြည်ကို တင်သွင်းပြီးတော့ ဒီမှာဆက်ပြီးတော့ စီမံဆောင်ရွက်နေတဲ့ ဥပဒေ မျိုးတွေ ဖြစ်နေပါတယ်။ သို့သော်ငြားလည်းပဲ ဥပဒေတွေအကုန်လုံးကို ခေတ်စနစ်နဲ့ မလျော်ညီတော့ဘူးဆိုပြီး ဖျက်သိမ်းပစ်ရမယ်လို့လည်း မဆိုလိုပါဘူး ခင်ဗျား။ ကျွန်တော်တို့ ဒီဥပဒေတွေထဲမှာ တရားမ ကျင့်ထုံးဥပဒေတို့ ပြစ်မှုဆိုင်ရာ ဥပဒေတို့ ပါရှိပါတယ်။ ဒီဥပဒေတွေဟာ ဘယ်လောက် ဟောင်းဟောင်း အမြဲတမ်းကျင့်သုံးလို့ ရနေတဲ့ဥပဒေတွေဖြစ်ပါတယ်။ ဒီဥပဒေတွေကို ကျွန်တော်တို့ အသစ်ပြန်လည်ရေးဆွဲဖို့ လိုအပ်မှာ မဟုတ်ပါဘူး။ ဥပဒေ တွေဟာဟောင်းပေမဲ့ ဟောင်းလေ ဟောင်းလေ တန်ဖိုးတက်တဲ့ဥပဒေတွေ အများကြီး ရှိပါတယ်။ သို့သော်လည်းပဲ ခေတ်စနစ်တွေ နှစ်ရာနဲ့ချီပြီး ပြောင်းလာတဲ့အခါမှာ ကျတော့ ပြစ်မှု ၊ ပြစ်ဒဏ်တွေအထူးသဖြင့်တော့ ပြစ်ဒဏ် ပိုင်းဆိုင်ရာမှာ ဒဏ်ငွေပိုင်းဆိုင်ရာမှာ အားနည်းနေတာတွေ တွေ့ရပါတယ်။ နောက်ပြီးတဲ့အခါကျတော့ ကျွန်တော်တို့ သာဓကအားဖြင့် ပြရမယ်လို့ဆိုရင် တရားမကျင့်ထုံးဥပဒေမှာဆိုရင် ကလေးစရိတ်၊ မယားစရိတ် ထောက်ပံ့ကြေး (၁)လလျှင် (၁)နှစ်လျှင် ကျပ်ငွေ ၁၀၀ ဆိုတဲ့ ပြဋ္ဌာန်းချက်ကလေးတွေ ကတော့ ကျွန်တော် တို့ ခေတ်နဲ့စနစ်နဲ့ လျော်ညီအောင် အများကြီး ပြုပြင်သွားရမယ့် အခြေအနေ ဖြစ်ပါတယ်။ တစ်ခါ ကျွန်တော်ဒီဥပဒေတွေ တရားရုံးချုပ်ကနေ ကျင့်သုံးနေတဲ့ ဥပဒေထဲမှာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ လူ့ ဂုဏ်သိက္ခာညှိုးနွမ်းသော ပြစ်ဒဏ်ကို မပေးရတော့ဘူးဆိုတဲ့ အချက်နဲ့ လည်း ကိုက်ညီမှု မရှိတော့ဘူး။ နောက်ပြီးတော့ လက်တွေ့မှာလည်း ကျင့်သုံးခြင်းမရှိတော့တဲ့ ကြိမ်ဒဏ် ဥပဒေလို ဥပဒေမျိုးကျတော့ ဖျက်သိမ်းဖို့လိုအပ်ကြောင်းကို စိစစ်တွေ့ရှိရပါတယ်။ နောက်တစ်ခါ တရားရုံးချုပ်ဥပဒေတွေနဲ့အတူတကွ ကျွန်တော်တို့ လေ့လာခဲ့တာကတော့ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုဝန်ထမ်းဝန်ကြီးဌာနဖြစ်တဲ့ လူမှုရေးဝန်ကြီးဌာနတွေဖြစ်ပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒီလူမှုရေး ဝန်ကြီးဌာနတွေက ကျင့်သုံးတဲ့ဥပဒေတွေထဲမှာတော့ ပယ်ဖျက်စရာ ဥပဒေရှားရှားပါးပါးတစ်ခုပဲ ရှိပါတယ်။ အဲဒါကတော့ ကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့ စီမံခန့်ခွဲနေတဲ့ ဥပဒေစာရင်းထဲမှာ ကျန်ရှိနေသေးတဲ့ လက်တွေ့တော့လည်း ကျင့်သုံးခြင်းမရှိတော့ပါဘူး။The Lunacy Act, Indian Act 4 ၁၉၁၂ ခုနှစ်က ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ ခုချိန်မှာတော့ ကျွန်တော်တို့ဟာ စိတ်ကျန်းမာရေး ချို့ယွင်းနေတဲ့သူတွေကို ကျွန်တော်တို့က ခွဲခြားဆက်ဆံခြင်း ဥပဒေနဲ့ပြဋ္ဌာန်းပြီး ကန့်သတ်ထားခြင်း

မရှိတော့ပါဘူး။ ဒါကြောင့်မို့လို ဒီဥပဒေ(၁)ခုဟာကတော့ဖြင့် ခေတ်စနစ်နဲ့ မလျော်ညီတော့တဲ့ အတွက်ကြောင့်မို့လို့ ဖျက်သိမ်းသင့်တဲ့ ဥပဒေတွေ ဖြစ်ပါတယ်။ ကျန်တဲ့ ဥပဒေတွေကတော့ ကျွန်တော်တို့ ပြင်ဆင်သွားရမယ့် ဥပဒေတွေ ဖြစ်ပါတယ်။ ဒီလို ဥပဒေတွေကို လေ့လာတဲ့အခါမှာ ကျွန်တော်တို့အဖွဲ့ဟာ ကျန်းမာရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီး ဌာနနဲ့ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကတာဝန်ရှိပုဂ္ဂိုလ်များနဲ့လည်း ကျွန်တော်တို့ တွေ့ဆုံညှိနှိုင်းမှုတွေ လုပ်ခဲ့ပါတယ်။ အဲဒီအခါမှာ ဝန်ကြီး ဌာနများဘက်ကလည်း ခေတ်စနစ်နဲ့ လျော်ညီအောင် ဥပဒေတွေကို ပြင်ဆင်ချင်တာတွေ ပြင်ဆင်ဖို့ ပြင်ဆင်နေတာတွေကိုလည်း တွေ့ရှိခဲ့ရပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဒီဟာတွေဟာ ဝန်ကြီးဌာနတွေကလည်း ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီမှာထူးခြားချက်တစ်ခုနဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ် များကို တင်ပြလိုတာက ဦးမြင့်ထွန်း ရဲ့အဆိုမှာ တည်ဆဲဥပဒေများမှ ဖျက်သိမ်း ၊ပြင်ဆင်၊ အသစ်ရေးဆွဲသွားသင့်သည့် ဥပဒေများဆိုတဲ့နေရာမှာ ကျွန်တော်တို့ ဒီလူမှုရေးနယ်ပယ်မှာ တော့ဖြင့် တချို့လိုအပ်နေတဲ့ အသစ် ရေးဆွဲပြဋ္ဌာန်းဖို့ လို အပ်နေတဲ့ ဥပဒေများ ရှိနေသေး တာကိုလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိ ခဲ့ရပါတယ်။ အဲဒီဟာလေးတွေကို ဥက္ကဋ္ဌကြီး ကိုတင်ပြပါမယ်ခင်ဗျား။ ကျွန်တော် ပညာရေးဝန်ကြီးဌာနမှာဆိုရင် ခုဆိုရင် ကျွန်တော်တို့ ကိုယ်ပိုင်ကျောင်းဥပဒေ ဒါပြည်တွင်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းစွာ ဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ပြည်ပကနေပြီးတော့ ပညာရေးဝန်ဆောင်မှုလုပ်ငန်းတွေဟာ မြန်မာနိုင်ငံအနှံ့အပြားမှာ ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးပြီး ဆောင်ရွက်နေတာရှိ ပါတယ်။ ဒီ ပြည်ပ ပညာရေးဝန်ဆောင်မှု လုပ်ငန်းတွေကို ထိန်းချုပ်တဲ့ ဥပဒေတော့ဖြင့် မရှိသေးပါဘူး ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာန အတွက် နိုင်ငံခြားပညာရေးဝန်ဆောင်မှုများဆိုင်ရာ ဥပဒေသစ်တစ်ခုလည်း ရေးဆွဲပြဋ္ဌာန်းဖို့ လိုအပ်လိမ့်မယ်လို့ ကျွန်တော်တို့ အကြံပြုတင်ပြထားခဲ့ပါတယ်။ ကျန်းမာရေး ဝန်ကြီးဌာန က စီမံခန့်ခွဲနေတဲ့ ဥပဒေတွေထဲမှာ ဆိုရင်လည်း ကမ္ဘာအရပ်ရပ်မှာ တိုးတက်လာတဲ့ Medical Research ဒါကျွန်တော်တို့ ပင်မကလာပ်စည်း Stemcell လို သုတေသနပြုစုမှုမျိုးတွေကို ဥပဒေနဲ့အညီ ဆောင်ရွက်ဖို့အတွက် ဥပဒေတ စ်ရပ်ပြဋ္ဌာန်းပြီးသား မရှိသေးပါဘူး။ အဲဒီအတွက် ကြောင့်မို့လို့ ကျန်းမာရေးသုတေသနလုပ်ငန်းဆိုင်ရာ ဥပဒေသစ်တစ်ခုကိုလည်း ရေးဆွဲပြဋ္ဌာန်းဖို့ လိုအပ်လိမ့်မယ်လို့ ကျွန်တော်တို့က အကြံပြုတင်ပြထားပါတယ်။နောက်ပြီးတော့ အခုတိုးတက်ပြီး ဖွံ့ဖြိုးပြီး နိုင်ငံကြီးတွေမှာတောင် နိုင်ငံတော်အစိုးရ က နေပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှု

လုပ်ငန်းမှာ ၁၀၀ ရာခိုင်နှုန်းအပြည့် ကျခံဆောင်ရွက်တယ်ဆိုတာ ကမ္ဘာမှာမရှိတော့ပါဘူး ခင်ဗျား။ ကျွန်တော်ရဲ့အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးမှာတောင်မှ နိုင်ငံတော်ကပဲ အပြည့်အဝကျခံ ဆောင်ရွက်တဲ့ ကျန်းမာရေး စနစ်စောင့်ရှောက်မှုမျိုးဟာ မရှိတော့ပါဘူး။ ဒါကြောင့်မို့လို့ လက်ရှိ ကျင့်သုံးနေတဲ့ စရိတ်မျှပေး ကျန်းမာရေးစနစ်အစား ကျ န်းမာရေးအာမခံပေါ်လစီများကို ချ မှတ် ပြီးတော့ ကျန်းမာရေးအာမခံလုပ်ငန်းများလည်း ဆောင်ရွက်နိုင်အောင်လို့ ဒါကလည်း နိုင်ငံတော် သမ္မတကြီး မိန့်ကြားခဲ့တဲ့ မိန့်ခွန်းနဲ့အညီ ကျွန် တော်တို့ ကျန်းမာရေးအာမခံ ဥပဒေအသစ် တစ်ခုလည်း ရေးဆွဲပြဋ္ဌာန်းဖို့ လိုအပ်ပါလိမ့်မယ်လို့ အကြံပြုတင်ပြထားပါတယ်။ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာလည်း ကျွန်တော်တို့ အသက်အရွယ် အားဖြင့် အင်မတန်နုနယ်သေးတဲ့ မူကြိုကျောင်းအရွယ် မြူကြိုအရွယ်ကလေးတွေ တက်ရောက်ပညာ သင်ကြားနေရတဲ့ မူကြိုကျောင်းတွေကို သီးသန့် ကျွန်တော်တို့ ကိုယ်ပိုင်ကျောင်း ဥပဒေကနေ ပြင်ပသီးသန့်ဖြစ်တဲ့သီးခြားဖြစ်တဲ့ ဥပဒေတစ်ခုမူကြိုကျောင်းများဆိုင်ရာ ဥပဒေတစ်ရပ်လဲ အသစ် ပြဋ္ဌာန်းဖို့ လိုအပ်လိမ့်မယ်လို့ အကြံပြု တင်ပြထားပါတယ်။ နောက်တစ်ခါ မသန်စွမ်းသူများရဲ့ အခွင့်အရေးများကို ပြဋ္ဌာန်းပေးနိုင်ဖို့အတွက် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာဥပဒေနဲ့ Senior Citizen လို့ခေါ်ကြတဲ့ ကျွန်တော်တို့ရဲ့ သက်ကြီးရွယ်အိုများကို နိုင်ငံအတွက် အကျိုးပြု ခဲ့ပြီးတော့ အိုမင်းချိန်ရောက်နေတဲ့ သက်ကြီးရွယ်အို များကို ပြုစုစောင့်ရှောက်ပေးဖို့အတွက်လဲ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဥပဒေ တစ်ရပ်ကိုလည်း နိုင်ငံတကာနည်းတူ ပြဋ္ဌာန်းပေး နိုင် ရင်သင့်မယ်လို့ ကျွန်တော်တို့ အကြံပြုတင်ပြထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်တို့ လွှတ်တော်တွေ ဖွဲ့စည်းတည်ထောင်ပြီးတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်တွေရဲ့ အဓိကတာဝန် တွေဟာ ဥပဒေပြုရေးတာဝန်ဖြစ်ပါတယ်။ ကျွန်တော်တို့ အခုလွှတ်တော်များရဲ့ ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးကနေပြီးတော့ ဥပဒေပြုရေးတာဝန်များကို ကျွန်တော်တို့အားလုံးပဲ ထမ်းရွက်နေ ကြပြီ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီတော့ ပြည်ထောင်စုအစိုးရဖြ စ်တဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းကလဲ ကျွန်တော်တို့လွှတ်တော်များကဒါနဲ့အပြန်အလှန် ထိန်းကျောင်းသွားရမှာလည်းဆိုတဲ့အခါကျတော့ ဥပဒေများနဲ့ပဲ ထိန်းကျောင်းသွားရမှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့ လို့ ပြည်ထောင်စုအစိုးရ အဖွဲ့ကလည်း အုပ်ချုပ်ရေးအဆင့်ဆင့်ကို ဥပဒေများနဲ့ပဲ ထိန်းချု ပ်ထားတာ ဖြစ်ပါတယ်။ ဒီအခါမှာ ကျွန်တော်ဥက္ကဋ္ဌကြီးကို တင်ပြချင် တာကတော့ အုပ်ချုပ်ရေးအဖွဲ့အစည်း ဖြစ်တဲ့ ပြည်ထောင်စုအစိုးရဟာလည်း ပြည်သူတို့၏အသံ ၊ ပြည်သူတို့၏ဆန္ဒ ၊ ပြည်သူတို့၏

ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတဲ့ လွှတ်တော် အဆင့်ဆင့်၊ လွှတ်တော် အရပ်ရပ်ဟာလည်း ပြည်သူတို့၏ဆန္ဒ ၊ ပြည်သူတို့ ၏အသံ၊ ပြည်သူတို့ ရဲ့ ရည်မှန်းချက် တွေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါတယ်။ ဒီအတွက်ကြောင့်မို့လို့ အုပ်ချုပ်ရေး အဖွဲ့အစည်းများနဲ့ ကျွန်တော်တို့လွှတ်တော်များဟာ လားရာတူတဲ့အရပ်ကို သွားနေကြတဲ့ ဦးတည်ချက်တူ ရည်ရွယ်ချက်ကောင်းတူတဲ့ အဖွဲ့အစည်း တွေပဲဖြစ်ပါတယ်။ ဒါ့ ကြောင့်မို့ လို့ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေကို ကျွန်တော်တို့ ဒီလိုဥပဒေတွေကို စိစစ်ပြီး တော့ တင်ပြခြင်းဟာ ဒါဟာကူညီ ပြီးတော့ ပြည်သူ့ကိုယ်စားလှယ်တွေအနေနဲ့ လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်တွေကို ကျွန်တော်တို့ ထမ်းရွက်ရင်း နဲ့ လွှတ်တော်ရဲ့ ဥပဒေပြုရေး တာဝန်တွေကို ထမ်းရွက်တဲ့ အခါမှာလည်း ပြည်ထောင်စုအစိုးရကို အထောက်အပံ့ ပေးဖို့ ကျွန်တော်တို့ကကူညီပြီးတော့ ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ဒီဥပဒေတွေကို ဖျက်ရမယ် ၊ ပြင်ရမယ်၊ အသစ်ရေးဆွဲရမယ်၊ ဒါတွေကိုတော့ဖြင့် လုပ်ကို လုပ်ရမယ်ဆိုတဲ့ သြဇာအာဏာမျိုး ကျွန်တော်တို့ သုံးပြီးတော့ ညွှန်ပြတာမျိုး မဟုတ်ပါဘူး။ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်ရဲ့ နိုင်ငံတော်ကြီးအတွက် ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေ မှာ ကျွန်တော်တို့ကလည်း တ စ်တပ်တစ်အားနဲ့ကူညီဆောင်ရွက်လိုခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ နှစ်လကျော် အချိန်ယူပြီးတော့ ကျွန်တော်တို့ ကော်မ တီဝင်အားလုံးကနေပြီးတော့ ဒီဥပဒေတွေ ကို ကျွန်တော်တို့ တည်ဆဲဥပဒေ (၂၇၇)ခုကို ကျွန်တော်တို့ စိစစ်ခဲ့ပါတယ်။ ပြီးတဲ့အခါကျတော့မှ ကျွန်တော်တို့ ပြင်ဆင်သင့်တဲ့ ဥပဒေတွေ၊ ဖျက်သိမ်းသင့်တဲ့ ဥပဒေတွေ၊ အသစ်ရေးဆွဲသင့်တဲ့ ဥပဒေတွေကို စိစစ်ပြီးတော့ ပြည်ထောင်စုအစိုး ရအနေနဲ့ ပြည်သူများရဲ့ အကျိုးငှာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ လို့ နိဂုံးချုပ်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း တင်သွင်းခဲ့တဲ့ အဆိုဖြစ်တဲ့ တည်ဆဲဥပဒေများကို ဖျက်သိမ်း ၊ ပြင်ဆင်၊ အသစ်ရေးဆွဲသင့်သည့် ဥပဒေများကို ပြန်လည်စိစစ်ပြီး အရေးယူဆောင်ရွက်သွားရန် အဆိုကို ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၄)မဲဆန္ဒနယ်မြေမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက ထောက်ခံပါကြောင်း ပြောကြားလိုပါတယ် ခင်ဗျား။ အားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၅။**

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့ပတ်သက်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြန်လည်ရှင်းလင်း ဆွေးနွေးစရာရှိရင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၅။**

**ဦးထွန်းထွန်းဦး (ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံးကို လေးစားစွာဖြင့် နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းဦး ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်း တင်ပြတဲ့ အ ဖွဲ့အစည်း (၉)ရပ် ဝန်ကြီးဌာန (၁၅)ခုက စီမံခန့်ခွဲလျက် ရှိတဲ့ တည်ဆဲဥပဒေများမှ ဖျက်သိမ်း ၊ပြင်ဆင်၊ အသစ်ရေးဆွဲသင့် တဲ့ ဥပဒေများကို ပြန်လည် စိစစ်ပြီးတော့ အရေးယူဆောင်ရွက်သွားရန် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို တိုက်တွန်း ကြောင်းအဆိုနဲ့ စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို မနေ့ကပြည်ထောင်စုရှေ့နေချုပ်မှလည်း ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ်ရေး ဆွဲခြင်းများနဲ့ စပ်လျဉ်းပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ သ က်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိ ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာန အနေနဲ့လည်း ယခုပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာပဲ ပြင်ဆင်တဲ့ ဥပဒေတွေ အသစ်ရေးဆွဲတဲ့ ဥပဒေတွေကို တင်ပြလျက်ရှိပါတယ်။ ဒါ ကြောင့်မို့လို့ လွှတ်တော် ကိုယ်စားလှယ်ကြီးတွေ ဆွေးနွေးတိုက်တွန်းတဲ့အတိုင်း ဒီတင်သွင်းတဲ့အဆိုနဲ့ စပ်လျဉ်း ပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ ပြည်ထောင်စုဝန်ကြီးဌာနများမှလည်း အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပြီးတော့ ဆက်လက်ပြီးတော့လည်း ပြည်ထောင်စုအ စိုးရအပေါ် ပြည်သူများရဲ့ အကျိုးငှာ စေတနာဖြင့် အကြံပြုချက်များအပေါ် မှာအလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၇။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း တင်သွင်းတဲ့ အဖွဲ့အစည်း(၉)ရပ် ဝန်ကြီးဌာန(၁၅)ခုက စီမံခန့်ခွဲ လျက်ရှိသော တည်ဆဲဥပဒေများမှ ဖျက်သိမ်း ၊ ပြင်ဆင်၊ အသစ်ရေးဆွဲသင့်သည့် ဥပဒေများကို ပြန်လည်စိစစ်ပြီး အရေးယူဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြော င်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူပါမယ်။ ဒီလိုဆောင်ရွက် ရာမှာ ဆန္ဒမဲပေးခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ် ၃ အရ မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ယခုသဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များမိမိတို့နေရာများမှာ မတ်တရပ်ပြုရမှာဖြစ်ပါတယ်။ ထိုင်နိုင်ပါပြီ။ မတ်တတ် ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ၄၀ ဦးနဲ့ အထက်ရှိတဲ့ အတွက် ဦးမြင့်ထွန်း ရဲ့အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ကျောက်စိမ်းကျောက်မျက်ကဏ္ဍ ဖွံ့ဖြိုးတိုးတ က်သော နိုင်ငံတော်ဖြစ်စေရေးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့်ဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃ း၄၈။**

**ဥက္ကဋ္ဌ၊** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ကျောက်စိမ်း ကျောက်မျက်ကဏ္ဍ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ဖြစ်စေရေး ဆောင်ရွက်ရန်နဲ့ စပ်လျဉ်း တဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဦးနေဝင်းထွန်းက အဆို တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၈။**

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံ ပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော် ကတော့

ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ပအိုဝ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်းထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ အဆိုနှစ်ခုစလုံးဟာ တစ်ဆက်တည်းဖြစ်နေတဲ့အတွက်ကြောင့်တစ်ကြောင်း၊ အကြောင်းချင်းရာများ လည်း နီးစပ်တာ ဖြစ်တဲ့အတွက်ကြောင့် တစ်ကြောင်းလည်းဖြစ်တဲ့အတွက် ပေါင်းစည်း၍ နှုတ်အားဖြင့် တင်သွင်းခွင့် ပြုပါရန် လေးစားစွာတောင်းခံ အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ တစ်ခုချင်း အတည်ပြုရမှာဖြစ်တဲ့အတွက် တစ်ခုချင်းပဲ တင်ပြပါ။

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)။** ။ ဟုတ်ကဲ့ပါခင်ဗျား။ ကျွန်တော် နှုတ်နဲ့ တင်သွင်း ခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာဖြင့် ရတနာ ပေါင်းစုံ၊ သတ္တုပေါင်းများစွာ ကြွယ်ဝပြီးတော့ တည်ရှိတဲ့နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့ကျောက်စိမ်း ကျောက်မျက်ရတနာအားဖြင့် ပြောမယ်ဆိုရင် ကချင်ပြည်နယ် မှာ ကျောက်စိမ်းကျောက်မျက် များ ထွက်သလို ကျွန်တော်တို့ မန္တလေးတိုင်း ၊ မိုးကုတ်မှာလည်း ပတ္တမြားရတနာများ ထွက်ရှိပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ရှမ်းပြည်နယ်မြောက်ပိုင်းမှာလည်းမိုင်းရှူးရတနာမြေမှာ ထွက်သလို အရှေ့ပိုင်းကွမ်းလုံဒေသမှာလည်း ဒါကျွန်တော်တို့ ကျောက်မျက်ရတနာများ ထွက်ရှိနေတာ ရှိပါ တယ်။ ဒီလိုထွက်ရှိနေတဲ့ အချိန်မျိုးမှာ ထွက်ရှိတဲ့ ပတ္တမြားရတနာများကို တ စ်ချိန်ကအစိုးရ လက်ထက်မှာ ပြည် သူများ တူးဖော်ထုတ်လုပ်ခွင့် ရောင်းချခွင့် မရရှိခဲ့ပါဘူး။ ဒါကြောင့်လည်းပဲ ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ ဒီကျောက်မျက် ရတနာများနဲ့ ဝေးကွာခဲ့တာလည်း ဖြစ်ပါ တယ်။ တပ်မတော်အစိုးရလက်ထက် ရောက်လာတဲ့အချိန်မှာ ပြည်သူ့ အကျိုးစီးပွားနိုင်ငံ့အကျိုး စီးပွားကို ရှေ့ရှုပြီးတော့မှ အမျိုးသား စီးပွားဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်ပြီးတော့ လုပ်ကိုင် ခွင့်များကို တူးဖော် ခွင့်ရောင်းချခွင့်များကို ချ ပေးခဲ့ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်နဲ့ အတူ ကျွန်တော်တို့တိုင်းရင်းသားလုပ်ငန်းရှင် ပြည်သူတချို့ ဟာ အကျိုးစီးပွားများ ဖြစ်ထွန်း လျက်ရှိခဲ့ ပါတယ်။ သို့ပေမယ့်လည်း များသောအားဖြင့် ရာခိုင်နှုန်း များစွာသော တိုင်းရင်းသားပြည်သူများ ကျောက်စိမ်းကျောက်မျက်ရတနာများ တူးဖော်လုပ်ကိုင်ခွင့်အခွင့်အလမ်း လုပ်ထုံးလုပ်နည်းစာရွက်စာ တမ်းများ ဆောင်တဲ့လုပ်ငန်းများကို ကျွမ်းကျင်နားလည်မှုများစွာ အားနည်းခဲ့ပါတယ်။ ဒီလိုများစွာ အားနည်းခဲ့တဲ့အတွက် ၎င်းတို့အနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ ဒီရတနာများနဲ့ ရင်းနှီးရရှိနိုင်မှုများ ထုတ်လုပ်နိုင်ခွင့် ရောင်းချနိုင်မှုများ မသိနားမလည်ဘဲ ဒီလိုနစ်နာခဲ့တာတွေကိုလည်း ကျွန်တော်တို့

လုပ်ငန်းရှင် လည်းဖြစ်ခဲ့တဲ့အတွက် သိရှိ နားလည်ခဲ့ ရပါတယ်။ နိုင်ငံတော်အနေဖြင့် တတ် နိုင်သလောက် ကူညီဆောင်ရွက်ပေးနေသော်ငြားလည်း အချို့သော ဒီစီးပွားရေးကို အလွယ်လိုက်အမိုက်ဆောင်နေတဲ့ အဖွဲ့အစည်းများ ဒီကျွန်တော်တို့ မူးယစ်ဆေးဝါးကို ဥပဒေမဲ့ လုပ်ဆောင်နေတဲ့ မသမာစီးပွား ရေး အဖွဲ့အစည်းများဟာဖြင့် ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ ဒီတိုင်းရင်း သားပြည်သူများကို အကျိုးစီးပွားဖြစ်ထွန်း လမ်းမှန်လမ်းကန်ရောက်အောင် မပို့ပေးဘဲ ဒီဥပဒေမဲ့ဘိန်းစိုက်ပျိုးခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဖောက်ကားခြင်း၊ ကယ်ရီသယ်ခြင်း လုပ်ငန်းမျိုးစုံ ဥပဒေမဲ့လုပ်ငန်းများကိုသာ တွန်းပို့ပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ တိုင်းရင်းသားပြည်သူများဟာ အလွယ်လိုက်တဲ့ အလွယ်ရတဲ့လုပ်ငန်းဘက်ကို ရောက်သွားတော့ တွန်းပို့သလိုလည်း ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီလုပ်ငန်းတွေကို ပြည်သူအကျိုးစီးပွားကို ရှေ့ရှုပြီး ကျွန်တော်တို့ နိုင်ငံအကျိုးစီးပွားကို ရှေ့ရှုပြီး နိုင်ငံ့ဂုဏ်၊ ပြည်သူ့အကျိုးစီးပွားဂုဏ် အကျိုးစီးပွားဖြစ်ထွန်းရေးကိုရှေ့ရှုပြီး နိုင်ငံအကျိုးစီးပွားကို ရှေ့ရှုပြီးတော့ ဝန်ကြီးဌာနအနေနဲ့လည်း ပြည်သူများကို ဒီကျောက်မျက်ရတနာများသည် စည်းကမ်းတကျနဲ့ ဘယ်လိုတူးဖော်ခွင့်ရှိကြောင်း ဘယ်လိုလုပ်ဆောင် လုပ်ထုံးလုပ်နည်းများကို လွယ်လွယ်ကူကူနဲ့ ဆောင်ရွက်ပေးနိုင်ကြောင်း ဒါတွေကို နည်းပေးလမ်းပြ ပညာပေးဟောပြောပွဲများ လက်တွေ့ကျကျဝင်ရောက် ဆောင်ရွ က်ပေးခြင်းအားဖြင့်လည်း မူး ယစ်ဆေးဝါးအန္တရာ ယ်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားနိုင်မယ့် အနေအထားမျိုး ဖြစ်ပါတယ်။ ယခုအခြေအနေမှာ ဆိုရင်တော့ ကျွန်တော်တို့ လုပ်ကွက်တစ်ခုကို လျှောက်တဲ့နေရာမှာ ကာလအားဖြင့် တစ်နှစ်နီးပါးခန့် ကြာမြင့်ခဲ့တာ ဖြစ်နေပါတယ်။ ဝန်ကြီးဌာန သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ချပေးလိုသော်လည်း အခြားသောဝန်ကြီး ဌာန(၅)ခုကို ပြည်နယ်၊ ခရိုင်၊ တိုင်း၊ မြို့နယ်အဆင့်များကို ဆင့်ကာဆင့်ကာ ထောက်ခံချက်များ တောင်းရတဲ့ အတွက် လုပ်ကိုင် ခွင့်တစ်ခုရဖို့ အရေးတစ်နှစ်နီးပါးခန့် (၆)လ အနည်းဆုံးလောက် ကြာမြင့်ခဲ့ပါတယ်။ ဒီ လိုကြာမြင့်ခဲ့တဲ့အချိန်မှာ ကျွန်တော် တို့ရဲ့ ခရီးသွားလာ လုပ်ငန်း အချိန်ကာလ ကြာမြင့်မှု၊ ကုန်ကျစရိတ်များမှု ဒါတွေနဲ့ပဲ ကျွန်တော်တို့ တိုင်းရင်းသား လုပ်ငန်းရှင်များဟာ ဒီလုပ်ငန်းကို စိတ်ဝင်စားမှုအားနည်းခဲ့တဲ့အတွက် ကျွန်တော်တို့ ဥပဒေနဲ့ ညီသော စီးပွားရေးလုပ်ငန်းများနဲ့လည်း ကင်းကွာခဲ့သည်ကို တွေ့လာပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနက ဆက်လက်ပြီးတော့ ပြည်သူများကိုထပ်မံပြီးတော့ အင်အားဖြည့်ကြိုးစားဆောင်ရွက်ပေးခဲ့တာလည်း ရှိခဲ့ပါတယ်။ ဒီလိုကြိုးစားပေး ခဲ့လို့လည်း ကျွန်တော်တို့ ကျောက်မျက်ရတနာ

ဈေးကွက်ကြီးလည်း နိုင်ငံတော်အတွင်းမှာ ပေါ်ထွန်းလာ ခဲ့ပြီလည်း ဖြစ်ပါတယ်။ သို့ပေမယ့် အချို့သော စီးပွားရေးလုပ်ငန်းရှင်များသာလျှင် ဒီလုပ်ငန်းကို အကျိုးဖြစ်ထွန်းနေတာကို တွေ့ရပြီးတော့ ရာခိုင်နှုန်းများသော ပြည်သူများဟာဖြင့် ဒီလုပ်ငန်းတွေကို လုပ်ကိုင်ခွင့်မရခဲ့တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ရာခိုင်နှုန်းများသော ကျွန်တော်တို့ ပြည်သူများအားဖြင့် ဒီလုပ်ငန်းတွေကို ကျွန်တော့်အနေနဲ့ ကျောက်မျက်ရတနာလုပ်ငန်းများကို တူးဖော်လုပ်ကိုင်ခွင့်များကို ပြည်သူများပါပါဝင်ပြီးတော့ ခံစား စံစားနိုင်ရန် တူးဖော်လုပ်ကိုင်ခွင့် ရနိုင်ရန် လွယ်ကူရှင်းလင်း သော ဥပဒေများဖြင့် အဆင့်မများသော ဝန်ကြီးဌာနများဖြင့် လျှင်မြန်စွာထောက်ခံချက် လျှင်မြန်စွာ အကူအညီပေးနိုင်ရေး သို့တည်းမဟုတ် သတ္တုဇရိယာ၊ ကျောက်မျက်ဇရိယာ သတ်မှတ်ပြီးပါက သတ္တုတွင်းဝန်ကြီးဌာန တစ်ခုတည်းသာလျှင် ကူညီဆောင်ရွက်ပေးနိုင်မယ့် ဥပဒေများပြဋ္ဌာန်း ပေးနိုင်လို့ရှိရင် ပြဋ္ဌာန်းပေးပြီးတော့ ပြည်သူ့ဘာဝများကို အမြန်ကူညီဆောင်ရွက်ပေးစေလိုတဲ့ဆန္ဒမျိုးဖြင့် တင်ပြခြင်းဖြစ်ပါတယ်။နောက်တစ်ချက်က ကျွန်တော်၏ကျောက်မျက်ရတနာ ရောင်းချနေတဲ့အချိန်မျိုးမှာလည်း နိုင်ငံခြားသားများ၏ ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ငန်းတွေပေါ်မှာ လာရောက်ပြီးတော့ရောင်းဝယ်လုပ်ကိုင်တဲ့အချိန်မှာ လှည့်စားခြင်း၊ အနိုင်ကျင့်ခြင်းများကိုလည်း ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းရှင်များ များစွာ ခံစားနေရပါတယ်။ နိုင်ငံတော် အနေဖြင့် ကျောက်မျက်ရတနာလုပ်ငန်းများကို စေတနာဖြင့် ကူညီ ဆောင်ရွက်ဦးစီးဆောင်ရွက်ပေးခဲ့ပါတယ်။ယခုခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီနိုင်ငံကို တည်ဆောက်တဲ့အချိန် ရောက်လာတဲ့အချိန်မှာတော့ ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းသမားအနေဖြင့် နိုင်ငံတော်ရဲ့ ဦးဆောင်ဆောင်ရွက်ပေးမှုများကို အလေ့အကျင့်များလည်း ရလာပြီဖြစ်တဲ့အတွက် ပုဂ္ဂလိကကဏ္ဍအနေဖြင့် တူးဖော်ထုတ်လုပ်ခွင့်များကို နိုင်ငံတော်ဝန်ကြီးဌာနများအနေနဲ့ ဦး ဆောင်ချမှတ်ပေးပြီး ရောင်းဝယ်ရေးရောင်းချမှု ပွဲ အစီအစဉ်များကို ကျွန်တော်တို့ တိုင်းရင်းသားလုပ်ငန်းရှင်များကို ချပေးစေလိုတဲ့အကြောင်းလည်း ကျွန်တော်တင်ပြဆွေးနွေးလိုပါတယ်။ ဒီလိုတင်ပြဆွေးနွေးရတဲ့ အကြောင်းရင်း မှာ ကျွန်တော် ယခင်ကတော့ ပွဲအဆက်ဆက်ကို နားမလည်ပါဘူး။ ဒီလိုပွဲတွေကို လုပ်ဖို့ဆိုတာလည်း ကျွန်တော်တို့ မှာ အင်အားတွေ မရှိခဲ့ပါဘူး။ နိုင်ငံတော်အင်အားနဲ့သာ ဆောင်ရွက် ပေးခဲ့လို့ ကျွန်တော်တို့ ကျောက်မျက်ရတနာပြပွဲကြီး၏ကို ထည်ဝါစွာဆောင်ရွက်နိုင်ခဲ့တာမှန်ပါတယ်။ သို့ပေမယ့်ယခုအချိန်မှာ ဆိုရင်တော့ ကျွန်တော်တို့ အနေနဲ့ တောင်းဆိုဖြစ်စေချင်တာက နိုင်ငံတော်က ကျွန်တော်တို့ရဲ့ လုပ်ငန်းတွေအပေါ်မှာ ဒီမိုကရေစီ ကျင့်စဉ်အရဆိုရင်လည်း ပုဂ္ဂလိကကဏ္ဍကို လွှဲပေးမယ်ဆိုတဲ့

အတွက်ကြောင့်မို့လို့ ရောင်းဝယ်ရေးကဏ္ဍကို ကျွန်တော်တို့ ကျောက်မျက်အသင်း သို့မဟုတ် ပုဂ္ဂလိကကုမ္ပဏီတို့ကို လွှဲအပ်ပေးပြီးတော့ ပွဲစဉ်များများနဲ့ ဆောင်ရွက်ပေးခြင်း ကျွန်တော်တို့ ဥပဒေတွေနဲ့အညီ ဆောင်ရွက်ခွင့်ပေးခြင်း တို့ကို ပြုစေလို ပါတယ်။ ယခုအချိန်မှာဆိုရင် တစ်နှစ် လျှင်(၃)ပွဲ ဆော င်ရွက်ပေးတဲ့အတွက် ကျွန်တော်တို့ရဲ့ ကျောက်များ တွေဟာ တူးဖော်မှုလည်း များလာသလို ငွေလည်ပတ်မှုများကို လည်းအခက်အခဲများ ကြုံနေရတဲ့အတွက် ဒီကျောက်တွေကို သူ့ထက်ငါဦးအောင် ရောင်းချင်ဇော်တွေနဲ့ လာရောင်းကြတဲ့အတွက် ကျောက်မျက်များ ပွဲအတွင်းမှာ ပြည့်ကြပ်ညပ်နေပါတယ်။ ဒီအတွက်ကြောင့်မိုလို့ ကျောက်အလေးချိန်များခြင်း၊ တန်ချိန်များခြင်း၊ အရည်အသွေးတွေ ကောင်းတာတွေလည်းများပြားလာခြင်း တို့အပေါ်တွင် ထိုက်သင့်တဲ့ ဈေးနှုန်းကိုလည်း ကျွန်တော်တို့ ရရှိသင့်တဲ့ ဥစ္စာမရရှိဘူးလို့လည်း ကျွန်တော်တို့ တွက်ဆရပါ တယ်။ တစ်နှ စ်လျှင် (၃)ပွဲပဲ လုပ် ပေးတဲ့အချိန်မှာ (၁)ပွဲလျှင် ကျွန်တော်တို့ နိုင်ငံခြားသားများ လာရောက်ဝယ်ယူတဲ့ အချိန်မှာပထမ ရက် (၃၀)အတွင်းမှာ ဝယ်ယူသွားသောငွေကြေး Amount အပေါ်တွင် တစ်ဆယ်ရာခိုင်နှုန်း ကျွန်တော်တို့ အားပေးရမ ည် ဖြစ်ပါတယ်။ ၎င်းတို့၏ Deposit လဲပေးမသွားဘူး။ စပေါ်ငွေလည်းပေးမသွားတဲ့အတွက် ဝင်ခတစ်ယောက် ကို (၁၀၀၀၀) သော် လည်းကောင်း၊(၅၀၀၀၀)သော်လည်းကောင်း၎င်းငွေကြေးများကိုသာပေးသွင်းပြီးတော့မှ ကျွန်တော် တို့ရဲ့ ဒီပွဲ မှာတင်ဒါနဲ့ လေလံစနစ်နဲ့ ဥပမာ စည်းမဲ့ကမ်းမဲ့ဝင်ရောက်ဆွဲခြင်း၊ Deposit မပေး ထားတဲ့အတွက် သူတို့ပစ္စည်းတွေကိုမရမှာစိုးရိမ်တဲ့အတွက် (၁၀) Lot ဆွဲနိုင်တဲ့လူဟာ Lot (၁၀၀) ဆွဲခြင်း ဒီလိုတွေလုပ်ပါတယ်။ ဒီလိုဆွဲတဲ့အတွက် Lot (၁၀၀) တကယ်လို့ သူဆွဲတဲ့ Lot (၁၀၀)သည် Lot(၈၀)လောက် ပေါက်လာတဲ့အချိန်မှာ သူ့မှာ ငွေကြေး အခက်အခဲများ ဖြစ်ပြီးတော့ သူနှစ်သက်သောပစ္စည်းကိုသာလျှင်ယူပြီး အခြားပစ္စည်းများကို တပည့်တပန်းများနဲ့ ဆွဲခိုင်းစေပြီး တပည့်တပန်းများကို နာမည်ပျက်စိုင်း၊ အဲဒီတော့ နာမည်ပျက်စာရင်းခံပြီးဒီ Lot များကို လာရွေးခြင်း မရှိပါဘူး။ ဒီရက် (၃၀) အတွင်းမှာလည်း ကျွန်တော်တို့ လာမရွေးတဲ့အတွက် ကျွန်တော်တို့ဟာ ဆုံးရှုံးမှုတစ်ရပ် ဖြစ် ခဲ့ရပါတယ်။ နောက်တစ်ချက်က ၁၀ ရာခိုင်နှုန်းကို (၃၀) ရက် အတွင်းမှာ ပေးသွင်းသောသူများလည်း ရှိပါတယ်။ ပေးသွင်းပြီးတဲ့အချိန်မှာ ဈေးကွက် ပြောင်းလဲ လာတဲ့ အခြေအနေ တို့အကြောင်းအမျိုးမျိုးတို့ဖြစ်ပေါ်လာတဲ့အချိန်မှာ ငွေအားမနိုင်တာတို့ ဖြစ်ပါတယ်။ သူရဲ့ မနိုင်မနင်းတဲ့ စည်းမဲ့ကမ်းမဲ့ဆွဲမှုကြောင့် ဒီကျောက်ဟာ (၁၀) Lot တို့ (၂၀) Lotတို့ ဆွဲတဲ့ အထဲမှာ နှစ်သက်ရာကျောက်သာလျှင် လာပြန်ဆွဲပြီးတော့ မနှစ်သက်သောကျောက်များကို ဆွဲခြင်း

မပြုတဲ့အတွက်၊ ပြန်လာရွေးယူခြ င်းမပြုတဲ့အတွက် ကျွန်တော်တို့ လုပ်ငန်းရှင်ဟာ ရက် (၃၀) အတွင်းမှာ (၁၀) ရာခိုင်နှုန်း လက်ခံပြီးတဲ့အတွက် သူ့ကို ဒီကျောက်ကိုလည်း ပြန် ယူခွင့်မရှိ၊ ပြန်ရွေးခွင့်လည်းမရှိ ဖြစ်ခဲ့ရပါတယ်။ ရက်ပေါင်း (၁၂၀) ပြည့်အောင် စောင့်ပေးခဲ့ရပါတယ်။ ရက်ပေါင်း (၁၂၀) ပြည့်သွားတဲ့ အချိန်မှာလည်း ၎င်းနည်းအမျိုးမျိုး အကြောင်းအမျိုးမျိုး တွေ ပြပြီးတော့ မယူနိုင်တော့တဲ့အကြောင်းကို ဖြစ်လာတဲ့အတွက် တစ်ချို့ဆို အကြောင်းလည်းမပြန် ပါဘူး။ ကျွန်တော်တို့သွားရှာလည်း မတွေ့ပါဘူး။ အဲ ဒီလိုဖြစ်ခဲ့တဲ့ အချိန်မှာ ကျွန်တော်နောက် (၁)ပွဲကို တင်ဖို့အချိန်ကာလရောက်လို့သွားတင်တဲ့အချိန်မှာ ပစ္စည်းပြန်ရွေးတဲ့ ရက်နဲ့ ကျွန်တော်တို့ ပြပွဲနောက်တစ်ပွဲ ကျင်းပတဲ့ရက်နဲ့ ရက်ထပ် ရက်ကပ်နေတဲ့အတွက် နောက်တစ်ပွဲကို လည်း ပြန် မတင်နိုင်တော့တဲ့အတွက် ဒီကျောက်တစ်ပွဲ မတင်နိုင်တဲ့ lot (၁) lot ဟာ တစ်နှစ်ပတ်လည်လုံး ကျွန်တော်တို့ ဒီငွေအခက်အခဲနဲ့ ငွေလည်ပတ်မှုအခက်အခဲတို့၊ လုပ်ငန်းဆက်လက်ဆောင်ရွက်မယ့် အခက်အခဲတို့၊ လုပ်ငန်းကိုရှေ့ဆက်ပြီးတော့ တိုးနိုင်ဖို့အခက်အခဲထိ့ ဒီငွေလည်ပတ်မှုမရှိတဲ့အတွက် အခက်အခဲတွေ့ကြုံရပါတယ်။ ဒီအပြင်ကျောက်ဈေးကွက်ပြောင်းလဲမှုကျဆင်းမှုငွေကြေးပြောင်းလဲမှုတို့ အပေါ်မှာလည်း ထိခိုက်မှုများစွာရှိခဲ့တဲ့အတွက် အနည်းဆုံး (၁၀၀)လျှင် ၄၀ ရာခိုင်နှုန်းခန့် ဆုံးရှုံးနိုင်တဲ့ အနေအထားရှိပါတယ်။ ဒီအတွင်းလုပ်ငန်းရှင်တစ်ဦးဟာ အပြင်မှာ အတိုးဖြင့် (၃)ကျပ်တိုးသော်လည်းကောင်း၊ (၅)ကျပ်တိုးသော်လည်းကောင်း ယူရပါက ကျောက်ဈေး နှုန်းက (၄၀) ရာခိုင်နှုန်းကျပြီး တစ်နှစ်ပတ်လည်လုံးမှာ ၃ ရာခိုင်နှုန်းနဲ့ ယူတဲ့အတွက် ၃၆ ရာခိုင်နှုန်းခန့် ထပ်ပေးရတဲ့အတွက် (၇၀)ကျော်ရာခိုင်နှုန်း ကုန်ဆုံးပြီးဖြစ်တဲ့အတွက် ငွေသာနိုင်ငံတော်အတွင်းသို့ နောက်တစ်ပွဲမှာ တင်လာပေမယ့် လည်း လုပ်ငန်းစဉ်အနေဖြင့် ငွေကို နောက်ပေါက်ကနေ ဆုံးရှုံးသွားသကဲ့သို့ အရင်းအနှီးများစွာ ဆုံး ရှုံးသွားတဲ့လုပ်ငန်းတွေ၊ လုပ်ငန်းရှင်တွေ ရှိနေတာ ကိုလည်း တွေ့နေရပါတယ်။ ဒါအတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ ဝန်ကြီးဌာနအနေနဲ့ စေတနာ မေတ္တာ အပြည့်အဝ ဆောင်ရွက်ပေးနေတယ်။ သို့ပေမယ့်လည်း ဝန်ကြီးဌာနအနေဖြင့် ဝန် ထမ်း အင်အားများစွာ သုံးပေးရခြင်း၊ ပွဲတစ်ပွဲလျှင် ဝန်ကြီးဌာနအင်အားဟာ ဝန်ထမ်းအင်အား (၁၀၀၀) ခန့် သုံးစွဲရပါတယ်။ ဝန်ကြီးဌာန (၂၄)ခုဝင်ရောက်ပြီးတော့ ဦးစီးဆောင်ရွက်ပေးရ ပါတယ်။ ဒီလိုဝန်ကြီးဌာနနဲ့ ဝန်ကြီးဌာနများစွာအဖွဲ့ ဝင်ရောက်ဦးစီးဆောင်ရွက်ပေးရတဲ့လုပ်ငန်း ဖြစ်တဲ့အတွက် ပွဲကြီးလည်းဖြစ်တဲ့အတွက် အန္တရာယ်လည်း များပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ အနေနဲ့ စီးပွားရေးကို စီးပွားရေးအရ ပြောဆိုတဲ့နေရာမှာ ဝန်ကြီးဌာနများနဲ့ စည်းမျဉ်းစည်းကမ်းများ

ဆောင်ရွက်ထားတဲ့အတွက် တချို့တွေ ဆိုရင် တစ်ဖက်လုပ်ငန်း ရှင်နိုင်ငံခြားသားက ဈေးနှု န်း ပြန်လည် ညှိနှိုင်းချင်တာတို့ ချက်ခြင်းအကောင်အထည်ဖော်ချင်တာတို့ ပြောင်းလဲမှုလေးတွေ လုပ်ချင်တာတို့ ၊ ဒါ စီးပွားရေးအရ ကျွန်တော်တို့ ပြောဆိုဖို့ဟာ ဥပဒေနဲ့ ညွှန်ကြားချက် (၁-၂-၃-၄) ပေါ်မှာသွားနေရသလို သဘောဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခင်ကတော့ ကျွန်တော်တို့ နားမလည်လို့ သင်ကြားပေးခဲ့ပြီဖြစ်ခဲ့တဲ့အတွက် ဒါ ကျွန်တော်တို့အတွက် ကျေးဇူးလည်း ရှိပါတယ်။ ယခုအချိန်မှာဆိုရင်တော့ ကျွန်တော်တို့ လုပ် ငန်းရှင်များဟာ အတော်အသင့် တတ်ကျွမ်းလာပြီဖြစ်တဲ့အတွက် တစ်နှစ်ကို (၃)ပွဲအစား လစဉ် (၁)ပွဲ (၁)ပွဲဆက်လုပ်ခွင့်ပေးတဲ့ အတွက် (၁၂)လ ရာသီ(၁၂)လ ပွဲတော်ဖြစ်အောင် ဆောင်ရွက်လိုတဲ့ ဆန္ဒရှိပါတယ်။ ဒီလိုလုပ်ခြင်းအားဖြ င့် လစဉ်ဝင်ငွေရရှိခြင်း၊ Lotများကိုလည်း များများစားစား မရောင်းတော့ဘဲနဲ့ ကျောက်တူးဖော်ရာမှာလည်း စနစ်တကျနဲ့ထိန်းထိန်းသိမ်းသိမ်း တူးဖော်လာခြင်း ဖြစ်နိုင်သလို ကျွန်တော်တို့ ကျော က်မျက်ဈေးကွက်ကိုလည်းရာသီအလိုက်၊ ဈေးကွက်အလိုက် စဉ်ဆက်မပြတ်ခံစားစံစားနိုင်မှာ ဖြစ်ပါတယ်။ ဒီအပြင် ကျွန်တော်တို့ Tourism လုပ်ငန်းအတွက် နိုင်ငံအတွင်းမှာ ဈေးကွက်ကြီး ဖြစ်ပေါ်လာစေရေး နိုင်ငံတော်ရဲ့ ဆန္ဒ အတွက်လည်းဖြည့်ဆည်းရာဖြစ်သလို နိုင်ငံအတွင်း မှာ ဈေးကွက်ဖြစ်ပေါ်လာပြီး ၎င်းတို့လာရောက်နေထိုင်ခြင်း၊ အချောထည်များထပ်ဆင့်ထုတ်လုပ်ခြင်းများ လုပ်နိုင်လာမှာဖြစ်တဲ့အတွက် ဈေးကွက်များဟာ များစွာပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။ အခြားသော အစားအသောက် အရောင်းဆိုင်ခန်းများ အတွက်ရော၊ အ ဝတ်အစားအရောင်းဆိုင်ခန်းမှာ အတွက်ပါ ၎င်းတို့ရဲ့ လာရောက်နေထိုင် သုံးစွဲမှုတွေအပေါ်မှာ အကျိုးရှိမှာဖြစ်ပါတယ်။ တစ်ခါ ကျွန်တော်တို့ Tourism လုပ်ငန်းများအတွက်လည်းများစွာ အကျိုးအထောက်ဖြစ်ပြီး ဈေးကွက်လည်း ဒီအထဲမှာ ဖြစ်ပေါ်လာတဲ့အတွက် နိုင်ငံတကာမှာ ဈေးကွက်ဟာ တရုတ်ပြည်ဈေးကွက်၊ ယိုးဒယားဈေးကွက်တစ်ခုတည်းမဟုတ်ဘဲနဲ့ နိုင်ငံတကာကလုပ်ငန်းရှင်၊ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အမိမြန်မာနိုင်ငံအတွင်း သို့ လာရောက်ပြီးတော့ ဈေးကွက် အပေါ်မှာ ဝယ်ယူခြင်း အားဖြင့် ကျွန်တော်တို့ဟာ နိုင်ငံတကာနဲ့အတူ ဈေးကွက်ကို ရင်ဘောင်တန်းပြီး အတူ လျှောက်လှမ်းနိုင်ရာကျပြီးတော့ များစွာသော အကျိုးများကိုလည်း ခံစားနိုင်မည် ဖြစ်ပါတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါ့ကြောင့် ကျွ န်တော်တို့ တစ်နှစ်ကို သုံးကြိမ်လုပ်ပေးမယ့်အစား တစ်လကို တစ်ကြိမ်၊ တစ်နှစ်ကိုဆယ့်နှစ်ပွဲ၊ ဆယ့်နှစ်ကြိမ် လုပ်ပေးခြင်းဖြင့် ကျွန်တော်တို့ရဲ့ လုပ်ပေးတဲ့ နေရာမှာ ကျွန်တော်တို့ရဲ့ ဒီကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်နိုင်နင်းနင်းနဲ့ အန္တရာယ်ကင်းကင်း၊

ဘေးရှင်းရှင်းနဲ့လုပ်သွားနိုင်ပါတယ်။ ဖြစ်ပေါ်လာမယ့် အရေးအရာပြဿနာများကိုလည်း ဥပဒေအရ ဖြေရှင်းခြင်း၊ ဆောင်ရွက်ခြင်းများလုပ်ကိုင်သွားနိုင်မှာ ဖြစ်ပါတယ်။ အခုကျတော့ ကျွန်တော်တို့ ယခင်ပွဲပြီး သွားတဲ့အချိန်မှာ ကျွန်တော်တို့ သန်းထောင်ကျော် ရောင်းရသော်လည်း တစ်ဆယ်ရာခိုင်နှုန်း၊ တစ်ဆယ့်ငါးရာခိုင်နှုန်းခန့်သာ ငွေများဝင်လာပြီးတော့ ကျန်တဲ့ငွေဟာ မဝင်လာတော့ဘဲ ပွဲအနေအထားမှာပျက်တယ်လို့ ပြောရ တော့မယ့် အနေအထားအထိ ကျွန်တော်တို့ ရင်ဆိုင်နေခဲ့ရပါတယ်။ ဒီလိုဖြစ်ရမယ့်အနေအထားမှာဆိုရင် ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေဖြင့်ပါဝင်နေတဲ့အတွက်ကြောင့် မပါ ဝင်ခဲ့ဘူးလို့ဆိုခဲ့ရင် အစိုးရသည် ကျွန်တော် တို့မိဘအရာကနေခဲ့ပြီးတော့မှ ဒီလုပ်ငန်းရှင်ပြည်သူများကို နိုင်ငံတကာ ဥပဒေများနှင့် ဆွေးနွေးပေးခြင်း၊ ညှိနှိုင်းပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ပါတယ်။ ယခုကျွန်တော်တို့ပွဲကြီးဟာ အစိုးရကိုယ်တိုင်ပါဝင်ဆောင်ရွက်ထားတဲ့အတွက် ၎င်းတို့ကို သွားရောက် ဖြေရှင်းပေးဖို့နေရာမှာ အခက်အခဲများစွာ ရှိနေပါတယ်။ အခက်အခဲများစွာရှိနေရတဲ့ အကြောင်းအရင်းကတော့ ၎င်းနိုင်ငံခြားသားများဟာ ကျွန်တော်တို့ နိုင်ငံကို ငွေများသွင်းလာတဲ့ အခါမှာ တရားမ ဝင်ငွေများနဲ့ သွင်းလာခြင်းဖြစ်ပါတယ်။ ၎င်း တို့ပိုင်ဆိုင်ခဲ့တဲ့ လယ်ယာများနှင့် သီးနှံထွက်ပစ္စည်းငွေများ ဖြစ်သော်လည်း အခွန်ဆောင်ထားခြင်းမရှိဘဲ အခွန်ရှောင်ထားတဲ့ ငွေများဖြစ်ပြီးတော့ တရုတ်နိုင်ငံမှ စင်္ကာပူနိုင်ငံသို့ တရား မဝင်ပေးပို့ခြင်း စင်ကာပူနိုင်ငံတွင် တရားမဝင် ဒေါ်လာများကို ဝယ်ယူပြီး မြန်မာနိုင်ငံသို့ တရားဝင်တင်သွင်းခြင်း မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာများကို ပြန်ထုတ်သွားတဲ့အချိန်မှာ ကျောက်စိမ်းရတနာများနှင့် မထုတ် တင်ပို့ သယ်ဆောင်ခြင်းမဟုတ်ဘဲ အလှဆင်ကျောက်များနှင့် လွှဲပြောင်းတင်ပို့ခြင်း တို့ကြောင့် တရုတ်နိုင်ငံအစိုးရမှ ယခုလက်ရှိအရေးယူဆောင်ရွ က်လျက် ရှိပါတယ်။ ဒီဥစ္စာအရေးယူဆောင်ရွက်လျက်ရှိတဲ့အတွက် ကျွန်တော်တို့နိုင်ငံအနေဖြင့် ဒီကိစ္စ ကို အရေးယူဆောင်ရွက်ညှိနှိုင်းဆောင်ရွက်မှုလုပ်ရတဲ့နေရာမှာ အခက်အခဲများစွာဖြစ်နေတဲ့အတွက် ကျွန်တော်တို့ လုပ်ငန်း ကုန်သည် သဘာဝနည်းဖြင့် ကျွန်တော်တို့ ရှင်းလင်းခြင်း ၊ ဆွေးနွေးခြင်း၊ အကူအညီရှင်းလင်းဆွေးနွေးခြင်း ဆောင်ရွက်မှုများကို လုပ်လို့ရှိရင် နိုင်ငံတော်အနေနဲ့လည်း ဂုဏ်သိက္ခာပိုပြီးတော့ ရှိပြီးတော့မှ ရသင့်ရထိုက်သော အခွန်အခများကိုလည်းများစွာ ရရှိလာမှာဖြစ်ပြီးတော့ တကယ်ဖြစ်လာတဲ့ ပြဿနာမှသာလျှင် နိုင်ငံတော်မှ ပါဝင်ကူညီဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံဂုဏ်၊ နိုင်ငံတော်အစိုးရ ဂုဏ်ကျက်သရေတိုးမြှင့်ပြီးတော့ ပြည်သူများလည်း အလုပ်လုပ် ကိုင်တဲ့နေရာမှာ စီးပွားရေးအရလွတ်လပ်စွာဖြင့် ပြောဆိုရောင်းဝယ် လုပ်ကိုင်ခြင်းဖြင့် အခွန်အခများစွာ

ပိုရလာတဲ့အပြင် ဈေးကွက်များလည်း ပိုရရှိပြီး နိုင်ငံ တော်အတွင်း ဈေး ကွက်များ ဖြစ်ပေါ် လာမှာဖြစ်တဲ့အတွက် ကျွန်တော်အနေနဲ့ ဒီကျောက်စိမ်းကျောက်မျက်ကဏ္ဍကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကျောက်စိမ်းကျောက်မျက်ထွန်းကားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို ကျွန်တော့်အနေနဲ့ တင်ပြရခြင်းအဆိုဖြစ်ပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီကျောက်စိမ်းကျောက်မျက် အဆိုတင်သွင်းရခြင်းကို တင်ပြခွင့်ရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၀၈။**

**ဥက္ကဋ္ဌ။** ။အဆိုကိုထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၈။**

**ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒ နယ်အမှတ်(၉) ဦးနေဝင်းထွန်း၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ကျော က်စိမ်းကျောက်မျက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ရေး ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)က ဦးစိုင်းမြမောင်မှ ထောက် ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၄း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော် များ ခင်ဗျား။ ဦးနေဝင်းထွန်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ပြည်ထော င်စုသမ္မတမြန်မာနိုင်ငံတော်အား ကျောက်စိမ်းကျောက်မျက်ကဏ္ဍ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ဖြစ်စေ ရေးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါသည်။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။ အဆိုကို လက်ခံ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေး နွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးနေဝင်းထွန်းရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးနေဝင်းထွန်းတင်သွင်းတဲ့ အဆိုကိုဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၀။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခုလွှတ်တော် အစည်းအဝေးကိုခေတ္တရပ်နားပါမယ်။ ၂ နာရီ ၄၀ မိနစ် အချိန်မှာ ပြန်လည်ကျင်းပပါမယ်။

**အခမ်းအနားမှူး၊** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး၊** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၄း၁၀ နာရီ အချိန်တွင် ခေတ္တ ရပ်နားပြီး ၁၄း၄၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၄၀။**

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည် ။]

**အခမ်းအနားမှူး ။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၄း၄၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှဦးနေဝင်းထွန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေးဆောင်ရွက်ရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဦးနေဝင်းထွန်းမှာ အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၄၀။**

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉) ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အဆိုကို နှုတ်အားဖြင့် တင်ပြခွင့်ပြုပါ ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာ သဘာဝကပေးတဲ့ ဥစ္စာခနေ ၊ သယံဇာတများ ပေါကြွယ်ဝစွာ အလျှံအပယ်ပိုင်ဆိုင်ထားတဲ့ နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့မှာ တိုင်းနဲ့ ပြည်နယ် (၁၄)ခုရှိတဲ့အနက် ကချင်ပြည်နယ်၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊မွန်ပြည်နယ်၊ရှမ်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး တိုင်းဒေသကြီး ပြည်နယ်(၈)ခုမှာ သတ္တုမျိုးစုံတို့ဟာ စွဲဝင် ဖြစ်ထွန်းနေတာကို တွေ့ရပါတယ်။ ပြောရလို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့် မြောက်ဖျား ကချင်ပြည်နယ်မှ တောင်ဘက်စွန်းဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီးအထိ တစ်နံတစ်လျား သတ္တုသိုက်များ ထူးခြားစွာ ပိုင်ဆိုင်ထားတာ ဖြစ်ပါတယ်။ ၎င်းသတ္တုများ ဟာလည်း ကျောက်မီးသွေး၊ ခနောက်စိမ်း၊ ခဲ၊ ကြေးနီ၊ ရွှေ၊ ကျွန်တော်တို့ ဒီ ဝူဖရန်စတဲ့ သတ္တုမျိုးစုံများ ပါဝင်ပါတယ်။ ဒီလိုသတ္တုများစွာ ပိုင်ဆိုင်ပြီးတော့

ပြည်နယ်နဲ့ တိုင်း(၁၄)ခုအနက် (၈)ခုမှာ သတ္တုများစွာ စွဲဝင်နေတဲ့အတွက် ကျွန်တော်တို့ နိုင်ငံဟာ ကြွယ်ဝချမ်းသာတဲ့ နိုင်ငံလို့ ပြောလို့ရပါတယ်။ ဆင်းရဲနွမ်းပါးတဲ့ နိုင်ငံအဖြစ်နဲ့ အဖြစ်ခံနေရတာ မဖြစ်သင့်ဘူးလို့ ကျွန်တော်တို့အနေနဲ့ ယူဆပါတယ်။ ပြီးတော့ စိုက်ပျိုး ရေးကိုအခြေခံတဲ့ နိုင်ငံအဖြစ်ကနေပြီးတော့ သတ္တုပါ အခြေခံတဲ့ နိုင်ငံအဖြစ် စိုက်ပျိုးရေးနဲ့ သတ္တုပါ အခြေခံတဲ့ နိုင်ငံအဖြစ်တောင် ကျွန်တော်တို့ နိုင်ငံတကာကို ပြောဆိုနိုင်တဲ့ အနေအထားဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေဖြင့် ဒီသတ္တုများစွာ ကြွယ်ဝချမ်းသာနေတဲ့အတွက် ဆင်းရဲနွမ်း ပါးတဲ့ နိုင်ငံအဖြစ် ကျွန်တော်တို့ မခံယူလိုပါဘူး။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီသတ္တုလုပ်ငန်းများကို ပြည်သူ တစ်ရပ်လုံး ရာခိုင်နှုန်းများစွာပါဝင် ထုတ်လုပ်လာနိုင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံအတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး နိုင်ငံတကာကို သွားရောက်ပြီး တော့ လုပ်ကိုင်နေတဲ့ တရားမဝင် / တရားဝင်လုပ်ကိုင်နေတဲ့လုပ်ငန်းများ လျှော့ချရေး၊ မဟုတ်မမှန် ဘိန်းများစိုက်ပျိုးထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းတို့ကို ပပျောက်စေခြင်း၊ တစ်ဖက်မှ မသမာစီးပွားရေးအဖွဲ့များမှ စည်းရုံးသိမ်းသွင်းခြင်း၊ မသမာ စီးပွားရေးလုပ်ငန်းများ ဥပဒေမဲ့ ဆောင်ရွက်လုပ်ကိုင်စေခြ င်းတို့ကို ကျွ န်တော်တို့ လက်ရှိ ရှိနေတဲ့ သတ္တုမျိုးစုံများဖြင့်လည်း နိုင်ငံတော်ကို စီပွားရေးကဏ္ဍတစ်ခုကနေပြီးတော့ ကယ်တင်နိုင်ခြင်း၊ အထောက်အပံ့ ပြုနိုင်စေ ခြင်းတို့ကိုများစွာ စံစားခံစားရမယ်လို့ ကျွန်တော်တို့တွက်ရှိရပါတယ်။ ဒီသတ္တုဟာ ကျွန်တော်တို့ နိုင်ငံကနေတစ်ဆင့် နိုင်ငံအသီးသီးသို့ တင်ပို့ရောင်းချနိုင်တဲ့ ကမ္ဘာအနှံ့ ၊ နိုင်ငံတကာအနှံ့ကို ရောင်းချနိုင်တဲ့ ပစ္စည်းမျိုးဖြစ်တဲ့အတွက် ဒီပစ္စည်းမျိုးတွေကို သတ္တုတွေကို ကျွန်တော်တို့ တူးဖော်ရောင်းချခွင့်ရှိသည်နှင့် အမျှ ကျွန်တော်တို့ နိုင်ငံသား၊ နို င်ငံသူတွေဟာ ပြည်သူ့ အကျိုး စီးပွားတွေ မြင့်မားလာပြီးတော့ နိုင်ငံတကာနဲ့လည်း ရင်ပေါင်တန်းနိုင်ပြီး နိုင်ငံတကာအလယ်မှာ ကျွန်တော်တို့နိုင်ငံဂုဏ် အင်္ဂါဝင့်ကြွားစွာဖြင့်၊ ချမ်းသာကြွယ်ဝစွာဖြင့် နိုင်ငံတကာစီးပွားရေး ဈေးကွက်ကို လျှောက်လှမ်းနိုင်မယ်လို့ ယူဆပါတယ်။ တစ်ချက်အနေနဲ့ ကျွန်တော်တို့ ဒီသတ္တုတွေ ရှိနေခြင်းအားဖြင့် အချို့သောနေရာသည် စိုက်ပျိုးရေးကောင်းခြ င်း၊ အချို့သော နေရာတို့သည် ဒီဓာတ်သတ္တုများစွဲဝင်နေတဲ့အတွက် ဓာတ်ပြုနေတဲ့အတွက် အပူဓာတ်များ လွန်ကဲတဲ့အတွက် စိုက်ပျိုးရေးကိုလည်း အကျိုးမပြုတဲ့ ဒေသများလည်း ရှိခဲ့ပါတယ်။ ဒါကြောင့် ဒီသတ္တုတွေ အပူဓာတ်တွေကို ဓာ တ်ပြုနေတဲ့ သတ္တုတွေကို တူးဖော်ထုတ်လုပ်ခြင်းအားဖြင့် ကျွ န်တော်တို့ ပြည်သူ့အကျိုးစီးပွားအတွက် အရင်းအနှီးများ တောင့်တင်းခိုင်မာစွာ ရရှိလာမယ်လို့လည်း ယူဆ

ပါတယ်။ ဘာဖြစ်လို့ လဲဆိုတော့ ဒီသတ္တုဟာ နိုင်ငံတကာက နှစ်သက်သော ပစ္စည်းများဖြစ်ပါ တယ်။ ထို့ကြောင့် ဒီပစ္စည်းတွေကို တူးဖော်ရောင်းချလုပ်ကိုင်ခွင့်ရရှိခြင်းဖြင့် စီးပွားရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားစီးပွားရေးလုပ်ငန်းများအတွက် အင်အားကော င်းမွန်သော ရင်းနှီးမြှုပ်နှံမှုများ ရရှိလာတဲ့အတွက် ကျွန်တော်တို့ ပြည်သူပြည် သားများဟာ မှန်ကန်တဲ့ စီးပွားရေးလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနိုင်ပြီး ကျွန်တော်တို့ပြည်တွင်းမှာဖြစ်နေတဲ့ အခက်အခဲ ပြဿနာ ပဋိပက္ခများကိုပါ တ စ်ဖက်တစ်လမ်းက ငြိမ်းချမ်းလာမှုအတွက်ကို လည်း ဖိတ်ခေါ်ရာ ကျတဲ့ အနေအထားလို့ မြင်မိပါတယ်။ ပြည်သူအကျိုးစီးပွားများ ဖြစ်ထွန်း အောင်မြင်လာမှု အပေါ်မှာ အကျိုးရလာဒ်များ ဖြစ်နိုင်ပါတယ်။ တစ်ခါ ကျွန်တော်တို့ ဒီမမှန်မကန် ဘိန်းစိုက်ပျိုးခြင်း တွေဟာလည်း ကျွန်တော်တို့နိုင်ငံအတွင်းမှာ တိုင်းနဲ့ပြည်နယ် အတော်များ များမှာ စိုက်ပျိုးနေပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ် တောင်ပိုင်းဆိုရင် ဧကသိန်းဂဏန်းခန့် စိုက် ပျိုးနေတာ တွေ့ရှိရတဲ့အတွက် ကျွန်တော်တို့ ပြည်သူများရဲ့ အနာဂတ်စီးပွားရေးအတွက်ကို အထူးစီမံကိန်း တစ်ရပ်အနေဖြင့် သော်လည်းကောင်း၊ နိုင်ငံ၏ချမ်းသာကြွယ်ဝမှုအတွက် သော်လည်းကောင်း၊ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်မှုအတွက် သော်လည်းကောင်း၊ နိုင်ငံအတွက် အင်မတန် အရေးကြီးတဲ့ ဘိန်းစိုက်ပျိုးတင်ပို့ရောင်းချခြင်း၊ ရာမဆေးပြားများ ထုတ်လုပ်တင်ပို့ရောင်းချခြင်း၊ သယ်ယူခြင်း၊ လုပ်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ အနာဂတ်ပြည်သူများအတွက် အသိဉာဏ်များ နိမ့်ပါးလာပြီး နိုင်ငံအတွင်းပဋိပက္ခပြဿနာများ ကို တွန်းအားပေးသလို ဖြစ်နေတဲ့အနေအထား လည်း ရှိနေတဲ့အတွက်ကို ကယ်တင်နိုင်ရန်လည်း ဒီသတ္တုများဖြင့် အထူးစီမံကိန်းတရပ် ဆောင်ရွက် နိုင်ပါတယ်။ ဒီသတ္တုများကို ကျွန်တော်တို့ တူးဖော်ထုတ်လုပ်ခြင်းအားဖြင့် အရင်း အနှီးရပြီး စိုက်ပျိုးရေးများကို နှစ်တိုနှစ်ရှည် ရာသီသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်တဲ့အတွက် သဘာဝ ပတ်ဝန်းကျင်ကို အကျိုးပြုသထက်ပြုလာစေပြီး အမြဲတမ်းစိမ်းလန်းလာစေပြီးတော့ ဒီစိုက်ပျိုး ဖြစ်ပေါ်လာတဲ့ အပင်ကြီး၊ အကိုင်းကြီး ၊ အရွက်ကြီး၊ အသီးကြီး၊ အနှံကြီး ၊ အရွက်လှ၊ စီးပွားရေး ဖြစ်နိုင်တဲ့ ကျွန်တော်တို့အပင်များကို စိုက်ပျိုးနိုင်တဲ့အတွက် နိုင်ငံသူနိုင်ငံသားများနှင့် နိုင်ငံတော် အစိုးရအတွက်ပါ ပဒေသာပင်စီးပွားရေးကြီးကို အမြဲထာဝရရှိနေမယ်လို့ ယူဆရတဲ့ အပြင် သဘာဝပတ်ဝန်းကျင်ကိုများစွာလည်း အထောက်အကူပြုလာမယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့ တောင်တန်းဒေသ တချို့တွေဟာဖြင့် စိုက်ပျိုးရေးကိုကောင်းစွာလုပ်ကိုင်လို့ မရတာက အချို့ နေရာတွေမှာ ဒီသတ္တုများစွဲဝင်နေခြင်းကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ သဘောမှာဆိုရင်

ကျောက်မီးသွေးထွက်သော မြေပြန့်တော င်မှ ကျောက်မီးသွေးထွက်တဲ့နေရာ မှာ လယ်သာလျှင် စိုက်ပျိုးလို့ ရပါတယ်။ ဘာကြောင့်လဲဆို တော့ ဒီကျောက်မီးသွေးက တချိန်တုန်းက သစ်တော ကနေပြီးတော့မှ ကျောက်မီးသွေးဖြစ်ပေါ်လာတယ်လို့ ကျွန်တော်အကြ မ်းဖျင်း နားလည်ပါတယ်။ ဒါကြောင့် မြေဆီမြေလွှာကို သူပိုင်းခြားထားတဲ့အတွက် နှစ်ရှည်ပင်များ စိုက်ပျိုးထုတ်လုပ်မှု အောင်မြင်မှု အားနည်းတဲ့အတွက် လယ်ယာစိုက်ပျိုးမှု တစ်ခုသာလျှင် အကျိုးဖြစ်ထွန်းပါတယ်။ ကျွန်တော်တို့ တောင်ပေါ် တောင်တန်းဒေသ တောင်ပေါ်တို့တွင် အချို့သစ်များလည်း ဖြစ်ထွန်းမှု ရှိသလို အချို့သစ်များဟာလည်း အ ကျိုးဖြစ်ထွန်းမှု အကျိုးစီးပွား အတွက် မဖြစ်ထွန်းပါဘူး။ အဲဒီအချိန်မှာပဲ ကျွန်တော်တို့ရဲ့လုပ်ငန်းစဉ်ကို ပြည်သူတွေဟာ ဒီသစ်တွေကိုလည်း ခုတ်ခွင့် မရှိ၊ ဒီသတ္တုတွေကိုလည်း တူးရမှန်းလည်း နားမလည်ဆိုတဲ့ အတွက်ကြောင့်မို့လို့ ကုမ္ပဏီ တည်ထောင် ရမယ်ဆိုရင်လည်း ငွေ ရင်းငွေနှီးများများစွာ ရင်းနှီး မြှုပ်နှံရမယ်လို့သာ နားလည်ထားပါတယ်။ အမှန်တကယ်တော့ ကုမ္ပဏီဆိုတာ ဥပဒေတ စ်ရပ် အသုံးချဖို့ စီးပွားရေးအရ ဥပဒေဘောင် အတွင်း အသုံးချနိုင်ဖို့ က ဏ္ဍတစ်ရပ်ဆိုတာလည်း ၎င်းတို့ သေချာနားလည်ခြင်း မရှိပါဘူး။ ကုမ္ပဏီတည်ထောင်ရင် ပိုက်ဆံသိန်းပေါင်း (၅၀၀၀)အထက် (၁၀၀၀၀)ရှိမှသာလျှင် ကုမ္ပဏီ တည်ထောင်ခွင့် ရရှိသည်များကို တလွဲနားလည် နေကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ နိုင်ငံတော်အနေနဲ့ ဝန်ကြီးဌာနအနေဖြင့် လုပ်ကိုင်ခွင့်ပေးထားတဲ့ လုပ်ငန်းရှင်များ ဟာလည်း တချို့တလေ အောင်မြင်စ ပြုလာပြီဖြစ်တဲ့အတွက် ဆက်လက်ပြီး တော့ ဒီသတ္တုကဏ္ဍအနေဖြင့် တိုင်းပြည်ကိုလည်း အကျိုးပြု ပြည်သူ့ဘဝကိုလည်း အကျိုးပြုတဲ့ လုပ်ငန်းဖြစ်တယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒါကြော င့်လုပ်ထုံးလုပ်နည်းများ၊ ကုမ္ပဏီ တည်ထောင်မှုများကို လွယ်ကူရှင်းလင်း သော ဥပဒေများနဲ့ ကူညီဆောင်ရွက်ပေးခြင်းအားဖြင့် မမှန်မကန် စီးပွားရေးသမားများ နိုင်ငံတော် အတွင်း ပဋိပက္ခပြဿနာများကိုလည်း များစွာ အထောက်အကူ ဖြေရှင်း ပေးနိုင်ပြီး ပြည်သူလူထု အကျိုးစီးပွားများလည်း များစွာဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒီစိုက်ပျိုးရေးကို ကျွန်တော်တို့အခုဆိုရင် စိုက်ပျိုးရေးကိုလုပ်လို့မရတဲ့ အကြောင်းမှာ မြေတွင်းမှာ ဒီသတ္တုများ ဓာတ်ပြုနေတဲ့အတွက် လုပ်ကိုင်နိုင်ဖို့ စီးပွားရေးလုပ်ငန်းတွေဟာ အခွင့်အလမ်းတွေ မရရှိတဲ့အတွက် မမှန်မကန် ဘိန်း စိုက်ပျိုးခြင်း တချို့က တောင်ယာ ကို စိုက်ပျိုးနိုင်ဖို့ မိမိရဲ့ စားဝတ်နေရေးကို ဖြေရှင်းနိုင်ဖို့ တောင်ယာများကို စိုက်ပျိုးလျက်ရှိပါတယ်။ တောင်ယာတစ်ဧက လျှင် စပါးတင်း ၊ တောင်ယာစပါး (၄၀)လောက်သာ ထွက်တဲ့ အတွက် ၎င်းတို့ရဲ့ရပိုင်ခွ င့်ဟာ

တစ်သိန်းတောင်မပြည့်ဘဲငါးသောင်း၊ ခြောက်သောင်းခန့်သာ ရရှိတဲ့အတွက် သူ့ရဲ့မိသားစုအတွက် အကျိုးမဖြစ်ထွန်းနိုင်တဲ့အပြင် ဆုံးရှုံး မှုမှာ သစ်များ ကိုခုတ်လှဲခြင်း၊ မီးရှို့ခြင်း ၊ ဒါတွေလုပ်လာတဲ့အတွက် ကျွန်တော်တို့ရေမြေတောတောင် သဘာဝကိုလည်း ပျက်စီး စေပါတယ်။ ဒါကြောင့် တချို့နေရာတွေမှာ ဆိုလို့ရှိရင် သတ္တုများ ကို သတ္တုနယ်မြေအဖြစ် သတ်မှတ် ပေးပြီးတော့ သတ္တုကို အရင်ဦးစွာ တူးစေပြီး စိုက်ပျိုးရေးကို နောက်ကနေ ပြန်ပြီးတော့ တစ်ဆက်တည်း စိုက်ပျိုးစေခြင်းအားဖြင့် ကျွန်တော်တို့ သတ္တုရဲ့အရင်းအနှီးများရပြီး စိုက်ပျိုး ရေးများလည်း စိမ်းလန်းပြီးတော့မှ ရေခံမြေခံများအတွက် အကျိုးပြုခြင်း ၊ သဘာဝရာသီဥတုကို ထိန်းသိမ်းပေးနိုင်ခြင်းတွေလည်း ဖြစ်လာတဲ့အပြင် ဒီနှစ်တိုနှစ် ရှည် ရာသီသီးနှံများမှ အမြဲတမ်း ထွက်ရှိနေသော ကျွန်တော်တို့ သီးနှံများ၊ သစ်များ ဝါးများကို ရောင်းချခြင်းဖြင့် ပြည်သူနဲ့ အစိုးရတို့အတွက် စီးပွားရေးပဒေသာပင်ကြီးလည်း ဖြစ်လာမယ်လို့ ကျွန်တော်ယူဆမိပါတယ်။ ဒါကြောင့် အကျိုးစီးပွားများပြားစွာဖြစ်ထွန်းနိုင်မယ့် ဒီသတ္တုလုပ်ငန်းကို ဝန်ကြီးဌာနအနေဖြင့် ပြည်သူများကို ကျေးရွာအရောက်ဒေသပေါင်းစုံ ခုန ကျွန်တော်တင်ပြသွားတဲ့ တိုင်းနဲ့ပြည်နယ် (၈)ခုတို့မှာ အချို့နေရာ လမ်းပန်းဆက်သွယ်မှု မကောင်းတဲ့နေရာတို့မှာ ဒီသတ္တုတွေဟာ များစွာရှိနေတဲ့နေရာများကို ကျေးရွာအရောက် လုပ်ငန်းရှင်ကြီးများရော၊ လုပ်ငန်းရှင်ငယ်များရော ကျွန်တော်တို့လုပ်ငန်း ရှင်အငယ်လေးတွေနဲ့ တကွ လက်လုပ်လက်စား ပြည်သူများ ပါ ပိုမိုပြီး တော့ ပါဝ င်လာအောင် ပညာပေးဟောပြောမှုများကို လည်း လုပ်စေချင်ပါတယ်။ ယခုဆိုရင် ရွှေလုပ်ငန်းဟာလည်း တော်တော်လေး ကျွန်တော်တို့နိုင်ငံမှာ ပေ ါ်ထွန်းလာပြီ ဖြစ်ပါတယ်။ အချို့ အနေဖြင့်တော့ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးတယ်လို့ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေ တယ်လို့ ဆိုပေမယ့်လည်း လက်ရှိကျွန်တော်တို့ နိုင်ငံ့စီးပွားရေး အခြေအနေအရ ဒီရွှေတို့၊ ဒီငွေတို့၊ဒီသတ္တုတို့၊ ဒီကျောက်မျက်ရတနာတို့နဲ့ အလျှင်အမြန် အစားထိုးကုစားခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုများစွာရရှိလာပြီး ကျန်မြေများလည်း ဓာ တ်မပြုတော့တဲ့ သန့်စင်ပြီးသားဖြစ်သွားတဲ့အတွက် ဒီမြေပေါ်မှာ နှစ်တိုနှစ်ရှည် ရာသီအလိုက်၊ ဒေသအလိုက်၊ နေရာအလိုက် သီးနှံများကို စိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် နိုင်ငံရဲ့စားနပ်ရိက္ခာကိုလည်း များ စွာ အထောက်အကူပြုပြီး နိုင်ငံတကာသို့သီးနှံများ တင်ပို့ရောင်းချနိုင်ခြင်းအားဖြင့် များစွာအကျိုးအထောက်အကူများ ရတဲ့အပြင် နိုင်ငံတော်အတွက်လည်း အခွန်အခများအမြဲတစေရရှိပြီး ပြည်သူ့အကျိုးစီးပွားလည်း များစွာ ဖြစ်ထွန်းလာမည် ဖြစ်ပါတယ်။ ယခု ဝန်ကြီးဌာနအနေဖြင့် ရွှေလုပ်ငန်းနဲ့ ပတ်သက်လို့

အနည်းငယ်တင်ပြရလို့ရှိရင် ယခင်ဝန်ကြီး ဌာနတုန်းက ဝန်ကြီး အနေဖြင့် ရွှေထွက်ပြီးမှသာလျှင် တစ်လလျှင်(၂)ကျပ်သားတစ်နှစ်မပြည့်ခင် မသွင်းနိုင်ခဲ့သော် လစဉ် ရွှေအကြွေးများကို တစ်နှစ်ပြည့်တဲ့အချိန်မှာ တင်သွင်းခွင့်ပြုခဲ့ပါတယ်။ ယခုလက်ရှိမူသစ် ဖြစ်သွားပြီးလားတော့ ကျွန်တော့်အနေနဲ့မသိပါဘူး။ ရွှေမထွက်ခင် ရွှေတူးမယ် ဆိုပါက တစ်လလျှင် နှ စ်ကျပ်သားကို တစ် နှစ်စာ ကျွန်တော်တို့တင်သွင်းရမှာဖြစ်တဲ့အတွက် တစ်နှစ်လျှင် ၂၄ ကျပ်သားကို ကြိုတင်သွင်းရမှာဖြစ်တဲ့အတွက် ဒီမရှိဆင်းရဲသားများ အတွက် လုပ် ငန်းကိုင်ငန်းအသေးစား ကုမ္ပဏီများအတွက် ဖွံ့ဖြိုးလာနိုင်မှုဟာအဟန့်အတားဖြစ်စေနိုင်ပါတယ်။ဒီအပြင် ကျွန်တော်တို့သတ္တုလုပ်ငန်းများ လျှောက်မယ်ဆိုရင်လည်းရှေ့က ကျွန်တော်ကျောက်စိမ်းကို တင်ပြခဲ့သလိုပဲ ဌာနဆိုင်ရာအသီးသီးကို သွားရောက်ပြီးတော့ ထောက်ခံချက်အမျိုး မျိုးတွေ တောင်းရတဲ့နေရာမှာ ကြန့် ကြာမှုလည်း အမျိုးမျိုးတွေရှိခဲ့ပါတယ် ။ ဒီလိုရှိခဲ့တဲ့အတွက် ဒီလို ကြန့်ကြာမှုတွေကိုလည်း လွယ်ကူတဲ့နည်းလမ်းတွေရှာပေးပြီးတော့တစ်မျိုး၊ ခုနက ရွှေကို တစ်နှစ်စာကို ကြိုတင်သွင်းရမယ် ဆိုတဲ့ ၂၄ကျပ်သားသွင်းရမယ်ဆိုတဲ့ အနေအထားမျိုးကိုလည်း လျှော့ပေါ့ပေးပြီးတော့ ယခင်အတိုင်းပဲ စနစ်တကျနဲ့သွင်းစေပြီးတော့ သွင်းနိုင်မှုမရှိသော လုပ်ငန်းရှင်များ ကို ဥပဒေအတိုင်း ထိရောက်စွာ အရေးယူသွားမယ်ဆိုရင်လည်း ဒါဟာစည်းကမ်းဥပဒေနှင့်အညီ ပိုမိုလေးစား လိုက်နာနိုင်ပြီးတော့ လုပ်ငန်းရှင်များ တိုးပွားလာမည်လို့ ကျွန်တော်တို့ ယုံကြည်မိပါတယ် ။ ထင် မိပါတယ်။ ကျွန်တော်တို့ ဒီသတ္တုတွင်းအနေနဲ့ ဆောင်ရွက်ပေးခဲ့တဲ့ လုပ်ငန်းတွေလည်း အများကြီး အောင်မြင်မှုရှိလာသလိုထပ်မံပြီးတော့ လုပ်ငန်းရှင် အသေးကနေအကြီးထိ တိုးပွားနိုင်ရန်အတွက် သတ္တုတွင်းဝန်ကြီးဌာနမှ မွေးထုတ်ပေးခြင်းအားဖြင့် စည်းရုံးပေးခြင်းအားဖြင့် ကူညီဆောင်ရွက်ပေးခြင်အားဖြင့် သတ္တုတွင်းဝန်ကြီးဌာနှင့်တကွ အစိုးရ ကျွန်တော်တို့ ပြည်သူများအကျိုးစီးပွားများ များစွာဖြစ်ထွန်းအောင်မြင်လာမည်ဆိုတာ ကျွန်တော် တို့ မျှော်ကိုးပြီးတော့ ကျွန်တော့်အနေနဲ့ ဒီမြန်မာနိုင်ငံအတွင်း သတ္တုကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးအဆိုကို ထည့်သွင်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၅၅။**

**ဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမယ့် သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**အချိန်၊ ၁၄း၅၅။**

**ဦးပိုးရယ်အောင်သိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များဧည့်သည်တော်များ ခင်ဗျား။ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှဦးနေဝင်းထွန်းရဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော်အားသတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေး ဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအားတိုက်တွန်းကြောင်း အဆိုကိုကယားပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွျန်တော် ဦးပိုးရယ်အောင်သိန်း မှ ထောက်ခံ အပ်ပါ တယ်ခင်ဗျား ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၅၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးနေဝင်းထွန်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရေး ဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအားတိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ ဒါကြောင့်အဆိုကို လက်ခံဆွေးနွေးရန် သင့် /မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။ အဆိုကို လက်ခံဆွေ နွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။အဆိုကိုလက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် များရှိပါသလားခင်ဗျား။အဆိုကိုလက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးနေဝင်းထွန်းရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူ ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးနေဝင်းထွန်းတင်သွင်းတဲ့ အဆိုကို ဆွေးနွေးမည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ဖြစ်ပါတယ်။

## ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)၏ မြေလွတ်မြေရိုင်းများကို လယ်ယာမြေအဖြစ်တိုးချဲ့ဖော်ထုတ်ပေးရန်ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၄း၅၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း က မြေလွတ်မြေရိုင်း များကို လယ်ယာမြေအဖြစ် တိုးချဲ့ ဖော်ထုတ်ပေးရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခုဦးမြင့်ထွန်းက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၅၇။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုကိုဖတ်ကြားတင်သွင်းခွင့်ပြုပါရန်လေးစားစွာခွင့်ပြုချက် တောင်းခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဆန်စပါးကို အခြေခံတဲ့ ကျွန်တော်တို့နိုင်ငံမှာ စပါးသီးနှံအ တွက် လယ်ယာမြေတွေ ပေါပေါများများ ထပ်မံ ဖော်ထုတ်ပေးစေလိုပါတယ်။ နိုင်ငံလူဦးရေ တိုးတက်လာပေမယ့် လယ်ယာမြေဖော်ထုတ်မှုဟာ အားနည်းနေပါတယ်။ လက်ရှိလယ်မြေတွေဟာ ဘိုးစဉ်ဘောင်ဆက် မိရိုးဖလာလယ်မြေတွေပဲ ဖြစ်ပါတယ်။ မျက်မှောက်ကာလမှာ မြို့နေလူတစ်ချို့က ကားလမ်း၊ လယ်တွေမှာ ဓာတ်ဆီဆိုင် အလုပ်ရုံ၊ စက်ရုံ စတဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်လာကြလို့ လယ်မြေတွေ တဖြည်းဖြည်း ကျဉ်းကျုံ့လာပါတယ်။ လုပ်ငန်းတွေ လိုအပ်ချက်တွေအရ တည်ဆောက်ရတဲ့ အဆောက်အဦ တွေ အတွက်မြေတွေ မြှင့်တင်ကြလို့ လယ်တွေရေမြုပ်ပြီး သီးနှံအထွက်နှုန်းလည်းကျလာပါတယ်။ မြို့တွေတိုးချဲ့တာတွေ၊ လမ်းတွေဖောက်တာတွေ ရေသွယ်မြောင်းတွေဖောက်တာတွေအပြင်၊ သဘာဝရာသီဥတု ဖောက်ပြန်တာတွေကြောင့်လည်း လယ်တွေဟာ ဒီနှစ်မှာ ရေကြီးနစ်မြုပ်မှု ဒဏ်တွေကိုပိုခံရပြီး ရေနက်ကွင်းလယ်တွေဖြစ်ပေါ်လာကြပါတယ်။ ကျွန်တော်တို့ သာယာဝတီခရိုင်မှာဆိုရင် မြစ်ချောင်းကြီးတွေကို

စီးဝင်တဲ့ ချောင်းငယ်မြောင်းငယ်တွေရဲ့အဝမှာ ဒိုက်တွေ၊ ဗေဒါတွေ၊ ချုံတွေ၊ အမှိုက်တွေ၊ ထုထည်နဲ့ ပိတ်ဆို့နေလို့ လယ်ကောင်းတွေ ရေမြုပ်တာကိုလည်း တွေ့ရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရေကြီးနစ်မြုပ်မှုဖြစ်တဲ့ ရေနက်ကွင်းလယ်မြေတွေကို ငါးကန်တူးဖော်ခွင့် ပြုထားတာကိုလည်း ရေနစ်မြု ပ်မှုကို ကာကွယ်တဲ့အပြင် မြေဆီကိုလည်း ထိန်းသိမ်းပေးတဲ့အတွက် အလွန်သင့်လျော်ပါတယ်။ ဒါပေမယ့်တချို့မြို့နယ်တွေမှာ ရေနက်ကွင်း မဟုတ်ဘဲ ငါး ကန်တူးခွင့်ပြုခဲ့မိလို့ လယ်တွေ ရေမြုပ်တာတွေလည်းရှိပါတယ်။ ရေနက်ကွင်း လယ်တွေကို ငါးမွေးမြူရေးလုပ်ငန်းက လွဲလို့ အခြားလုပ်ငန်းတွေကို ခွင့်မပြု သင့်ဘူးလို့လည်း ယူဆမိပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့အညီ အဆင့်ဆင့်စိစစ်ပြီး တင်ပြထားတဲ့ ငါးမွေးမြူရေး လုပ်ငန်းတွေအတွက်လည်း အတတ် နိုင်ဆုံးခွင့်ပြုပေးစေလိုပါတယ်။ တ ချို့လုပ်ငန်းရပ်တွေကို သက်ဆိုင်ရာဌာနက စိစစ်တဲ့အခါမှာ တုံ့ ဆိုင်းနေလို့ငါးကန်တွေတူးဖော်ဖို့ ခက်ခဲနေတာလည်း တွေ့ရပါတယ်။ လေးစားအပ်တဲ့ လွှ တ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လယ်မြေနှင့် မြေလွတ်မြေရိုင်း တချို့ကို နှစ်ရှည် ပင်စိုက်ပျိုးဖို့ဆိုပြီး ဧကတွေအတော်များများ လက်ဦးမှု ရယူထားတဲ့ပုဂ္ဂိုလ် တချို့ဟာ ယူထားသလောက် လုပ်ကိုင်မှုနည်းပြီး ဟန်ပြသဘောမျိုး လုပ်နေတာတွေလည်း ရှိပါတယ်။ ဒီကိစ္စကို Surprise Check ခေါ် ရှောင်တခင်စစ်ဆေးမှု ပြုလုပ်ပြီး လူတစ်ဦးချင်း၊ မိသားစုတစ်စုချင်း ၊ ကုမ္ပဏီအသင်းအဖွဲ့တစ်ခုချင်း လုပ်ကိုင်နိုင်သလောက်ကိုသာ လုပ်ကိုင်ခွင့်၊ ခွင့်ပြုမိန့်တွေပြန်လည်ချပေးစေလိုပါတယ်။ မြေလွတ်မြေရိုင်း တွေဖော်ရာမှာ ဦးစားပေး အနေနဲ့ လယ်အတွက်ပဲ အဓိက ဖော်ထုတ်ပေးစေ လိုပါတယ်။ မြေလွတ်မြေရိုင်းကနေ လယ်တစ်ကွက် ဖြစ်အောင် ဖန်တီးဖို့ဆိုတာ (၃)နှစ်လောက် ကြာတတ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်နဲ့နီးတဲ့ စက်ရုံ၊ အလုပ်ရုံတွေက စွန့်ပစ်ပစ္စည်းတွေကြောင့်လည်း လယ်တ ချို့ ဆုံးရှုံးပါတယ်။ ဒါကြောင့် လယ်သမား တ ချို့ဟာလည်း လယ်တွေကို စွန့်ပြီး ပျံကျလက်လုပ်လက်စား ဘဝကို ကူးပြောင်း ခဲ့ကြလို့ လက်လုပ်လက်စား လူတန်းစားတွေ ပေါ်များတာလည်း တွေ့ရပါတယ်။ လယ်သမားတွေ လယ်ကိုစွန့်တဲ့အခါ လုပ်ငန်းရှင်တ ချို့က နေရာ ကောင်းတွေကို လက်လွှဲ ရယူပြီး လုပ်ငန်း ပြောင်းလဲဖို့ ခွင့်ပြုမိန့် မရသေးခင်ကပင် လယ်စည်းကမ်းဥပဒေကို လက်တစ်လုံးကြားအနေနဲ့ ဟန်ပြစပါး စိုက်ပြတာတို့ ၊ ခြံမြေလုပ်ပြတာတို့ ၊ တစ်ခါတစ်ရံ လုံးဝ မစိုက်တာတွေကိုလည်း တွေ့ရပါတယ်။ ဒါပေမယ့် လယ်သမားဘဝတွေကို စာနာထောက်ထားတဲ့ လူနည်းစုနဲ့ ကုမ္ပဏီ တချို့ကတော့ လယ်ယာလုပ်ငန်းတွေကို ဖွံ့ဖြိုးအောင် ဝို င်းဝန်းကူညီကြတာတွေလည်း တွေ့ရ

ပါတယ်။ လေးစားအပ်တဲ့ လွှ တ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါ နိုင်ငံတော်မှာ လယ်သမား တွေကို စိုက်ပျိုးစရိတ်ချေးငွေတွေ တိုးမြှင့်ချထားပေးတဲ့အတွက်လည်း ကျွန်တော်တို့ လယ်သမား တွေက အစိုးရကို အထူးကျေးဇူးတင်လျက် ရှိပါတယ်။ လယ်ယာစို က်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေနဲ့ တစ်နိုင်ငံလုံးရှိ ဒေသအသီးသီးက မြို့ရွာ စိုက်ပျိုးရေးမန်နေဂျာတွေ၊ စိုက်နည်းပညာကျောင်းတွေက ဆရာ /ဆရာမတွေ ကျောင်းသူကျောင်းသား လယ်သမားတွေ ကို နေပြည်တော်ကို ခေါ်ယူပြီး စံပြစိုက် ကွက်တွေမှာ ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင် လက်တွေ့ ရှင်းလင်း ပညာပေးပြသတာတွေဟာလည်း အင်မတန်မှ သင့်မြတ်လှပါတယ်။ မြို့ရွာ စိုက်ပျိုးရေးမန်နေဂျာတွေကို ကိုယ်တိုင်မိမိတို့ ဒေသအသီးသီး မှာ သိပ္ပံနည်းကျ စိုက်နည်း စနစ် (၁၄)ချက်နှင့်အညီ စံပြစိုက်ကွက်တွေ စိုက်ပြကြရမဲ့ အစီအစဉ်ဟာလည်း အလွန်ကောင်းလှပြီး နောင်မှာအိမ်နီးချင်း နိုင်ငံတွေဖြစ်တဲ့ ထိုင်းတို့ ၊ ဗီယက်နမ်တို့ထက် ယခင်ကလိုပဲ ပြန်သာသွား နိုင်တယ်လို့ ယူဆမိပါတယ်။ တောင်သူလယ်သမားတွေအနေနဲ့လည်း စိုက်ပျိုးစရိတ်ချေးငွေတွေကို လယ်ယာလုပ်ငန်းတွေမှာမသုံးဘဲ လူမှုရေးလုပ်ငန်းတွေမှာ သုံးစွဲတာတို့ ၊ ကိုယ်ရေးကိုယ်တာ သုံးတာတို့၊ အလွဲသုံးစားပြုတာတို့ ပျောက်ဆုံးတာတို့မဖြစ်အောင် လယ်သမားအချင်းချင်း စည်းကမ်း လည်းရှိ၊ သြဇာလည်းရှိ တဲ့ သူတွေပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့စီကိုဖွဲ့စည်းပြီး အနီးကပ် ထိန်းသိမ်း ကြပ်မတ်ပေးရမယ့် စနစ်တွေကိုလည်း ထားရှိရမှာ ဖြစ်ပါတယ်။ ဒီလိုမှမလုပ်ရင် နိုင်ငံတော်ဟာ ဘဏ္ဍာငွေတွေ ဆုံးရှုံးနိုင်ပါတယ်။ ဒါ့အပြင်အချို့ ကျေးရွာဥက္ကဋ္ဌ၊ အတွင်းရေးမှူးတွေဟာ ဘဏ်ဝန်ထမ်းအချို့နဲ့ ပူးပေါင်းပြီး ဆွေမျိုး မိသားစု အမည်တွေနဲ့ လယ်စာရင်းတွေကို မမှန်မကန်ပြပြီး ချေးငွေတွေထုတ်ယူ နေကြတာတွေရှိလို့ ဒေသန္တရအာဏာပိုင်တွေကို တိုင်ကြား ကြတာကိုလည်း ကြား သိရပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား ။ သဘာဝဘေးဒဏ်ကြောင့် ကျွန်တော်တို့ လယ်တွေဆုံးရှုံးမှု ရှိလာရင် လည်း တစ်နည်းနည်းနဲ့ အတိုင်းအတာတစ်ခုထိ အာမခံပေးဖို့ကိုလည်း ထည့်သွင်းစဉ်းစားပေးစေလိုပါတယ်။ ဌာနဆိုင်ရာတွေကလည်း လယ်သမား တွေကို အခုထက်ပိုပြီး အရေးတယူ ဆက်ဆံဆောင်ရွက်ပေးစေလိုပါတယ်။ ဒါမှလည်း ခေတ်အဆက်ဆက်က နိမ့်ကျခဲ့ရတဲ့ လယ်သမားတွေဘဝဟာ ယနေ့အစိုးရလက်ထက်မှာ ပိုမိုမြင့်မားလာကြပြီး လက်လုပ် လက်စား လူတန်းစားတွေကလည်း လယ် ယာလုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်လာ ကြမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အကြံပြုလိုတာက တောင်သူလယ်သမားတွေရဲ့ ဆန္ဒတွေ၊ နစ်နာချက်တွေ လိုလားချက်တွေကို ဖော်ထုတ်ပေးဖို့ အ ဆင့်ဆင့်သော တောင်သူ လယ်သမားအဖွဲ့အစည်းတွေ

တောင်သူလယ်သမားအဖွဲ့ချုပ်နဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူသမာအဖွဲ့အစည်းတွေကိုလည်း အလုပ်သမားဝန်ကြီးဌာနက အလုပ်သမားအဖွဲ့အစည်းတွေဖွဲ့ဖို့ ပြင်ဆင်နေသလို ဥပဒေနှင့် အညီ ဖွဲ့စည်းပေးသင့်ပါကြောင်း အကြံပြုလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြရရင် Soil Test ခေါ်တဲ့ မြေဆီအရည်အသွေးတိုင်းတာ စမ်းသပ်တဲ့ကိရိယာ၊ မြေကြီး အရည်အသွေး တိုင်းတာစမ်းသပ်တဲ့ ကိရိယာတွေဟာရန်ကုန်မြို့ ဓာတ်ခွဲခန်းတွေမှာပဲရှိတာမို့ လုပ်ငန်းရှင်တွေရဲ့ စိတ်ကြိုက်ပြောဆိုမှုတွေကိုပဲ လယ်သမားတွေက ယုံကြည်နေကြရပါတယ်။ လယ်ယာစိုက်ပျိုးရေး စနစ်တွေ တိုးတက်သထက် တိုးတက်လာအောင်၊ စနစ်တွေ နောက်မဆုတ် အောင် မြို့တိုင်းမှာ ဓာတ်ခွဲခန်းတွေကို ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းနဲ့ တ ဖြည်းဖြည်းတိုးချဲ့ထားရှိပေးပြီး ဆိုဒီယမ်၊ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ တီးပါစတဲ့မြေသြဇာကို လိုတဲ့နေရာမှာ လိုသလိုထည့်ပေးရမယ့် မြေဆီပညာကို လယ်သမားတွေနဲ့ နီးစပ်နားလည်လာအောင် ရေရှည်စီမံပေးသင့်ပါကြောင်းကိုလည်း အကြံပြုတင်ပြရင်း မြေလွတ်မြေရိုင်းတွေကို လယ်ယာမြေအဖြစ် တိုးချဲ့ဖော်ထုတ်ပေးဖို့ ကျွန်တော့် အဆိုကို နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၀၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံသူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦးဖြစ်ပါတယ်။ အဆိုရှင် ပဲခူးတိုင်း ဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးမြင့်ထွန်း တင်သွင်း သွားတဲ့ မြေလွတ်မြေရိုင်းများကို လယ်ယာမြေအဖြစ် တိုးချဲ့ဖော်ထုတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်ထွန်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကထောက်ခံသွားပါတယ်။ အဆိုမှာ မြေလွတ် မြေရိုင်းများကို လယ်ယာမြေအဖြစ်တိုး ချဲ့ဖော်ထုတ်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်း ကြောင်းဖြစ်ပါတယ်။ ဒါကြောင့်အဆိုကို လက်ခံဆွေးနွေးရန် သင့် /မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘော မတူတဲ့ လွှတ်တော်ကိုယ်စား လှယ် မရှိတဲ့ အတွက် ဦးမြင့်ထွန်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

ဦးမြင့်ထွန်းတင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် နဝမနေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၅း၀၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမ နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒသမနေ့ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ သောကြာနေ့ နံနက် ၁၀း၀၀နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေ ညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၅း၀၇။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ အစည်းအ ဝေးကို ၁၅ း ၀၇ နာရီအချိန်တွင် ရပ်နားပါသည်။ ]